# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၈) ရက် ၊ တနင်္ဂနွေနေ့ ၊ (26-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပ



အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေး ပထမနေ့ကျင်းပစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

အငြိမ်းစားများ လစာ အပါအဝင် ငွေဖိုငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းဖြောခြည်ဖြည့်သွင်းခြင်း
- ပြည်တွင်း၊ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်
အယ်ဒီတာ့အာဘော်

# ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာရေး

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ကြပြီး လူဦးရေ ၃၀ ရာခိုင်နှုန်းသည် မြို့ပြတွင် နေထိုင်ကြသည်။ ထိုသို့နေထိုင်သည့် လူဦးရေအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည်။ ကျေးလက်နေပြည်သူများအနေဖြင့် နိုင်ငံ့စီးပွားရေးကိုဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့နိုင်ငံတွင် အဓိကဆောင်ရွက်၍ရနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသော ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ အားလုံးနီးပါးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများ လိုအပ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေး နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံ့စီးပွားရေးအကျပ်အတည်းများရှိခဲ့သည်။ သို့သော်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုမှလွဲ၍ စားသောက်ကုန်များပြတ်လပ်မှုမရှိခဲ့ပေ။ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးခြင်းဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။

အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆန်စပါး ဝမ်းစာဖူလုံမှုထက် ကျော်လွန်သော်လည်း အချို့ဒေသများတွင် ဖူလုံမှုမရှိသည်ကိုတွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဆန်ဖူလုံမှုမှာ ၁၄၂ ရာခိုင်နှုန်းရှိသည်။ ဆန်ဖူလုံမှုမရှိသည့် ဒေသများတွင် တစ်ကေချင်းအလိုက် အထွက်နှုန်းများပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသတွင်းဝမ်းစာဖူလုံမှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့အတူ ဝမ်းစာဖူလုံမှုရှိပြီးဖြစ်သည့် ဒေသများတွင်လည်း တစ်ကေချင်းအထွက်နှုန်းများကို ယခင်ထက် ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်မည်ဆိုပါက ဆန်ထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သောကြောင့် ပြည်ပဝင်ငွေ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး တောင်သူများ၏လူမှုစီးပွားဘဝ ယခုထက် ပိုမိုတိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

ထိုသို့ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင်း နေထိုင်သူများအားလုံး ယခင်ကထက် ဝင်ငွေများတိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေ များပြားလာကာ လူမှုဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားလာစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို နည်းစနစ်ကျစွာ ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူစုစုပေါင်း ၁၀၇၃၉၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေရောစနကျောက်စိမ်းစေတီတော်ကို နယ်စုံဒေသက ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာ ရုံးတွေလဲပိတ်တော့ ဘုရားဖူးဦးရေတိုးပြီး စည်ကားနေပါတယ်။ ဘုရားဖူးတွေဟာ နားနေဆောင်မှာ အနားယူပြီး အပန်းဖြေကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲထားရှိပေးထားပြီး ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေပါတယ်။ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြပါတယ်" ဟု ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၁၇၄၃ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၀၄၄၂၃ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၁၂၃၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ် ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် ပဲနီပြားများကို ပြည်ပနိုင်ငံများက ဝယ်ယူမှုရှိသည့်အပြင် ပြည်တွင်းဈေးကွက်အတွင်း၌လည်း အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ပဲနီပြားများ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲနီပြားက မန္တလေးဈေးကွက်ထဲမှာ အခုလတ်တလော အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါပါတယ်။ အခုလက်ရှိမှာတော့ ပဲနီပြားတွေကို ဈေးကောင်းပေးပြီး ဝယ်ယူနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်က ပဲနီပြား အရောင်းအဝယ်အေးခြင်းကြောင့် ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ အခုက ပဲနီပြားတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ ပဲအမျိုးအစားထဲမှာတော့ အရောင်းအဝယ်အကောင်းဆုံး အမျိုးအစားတော့မဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် ဈေးကောင်းပြန်လည်ရရှိလာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ ကလေး စသည့်မြို့များသို့လိုက်ပါသူ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၂၅**

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ ကလေး စသည့်မြို့များသို့ ဖေဖော်ဝါရီလ တတိယပတ်မှစ၍ လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း (မန္တလေး) မန်နေဂျာ ဦးအောင်မင်းဆွေက ပြောပြ၍ သိရသည်။

MNA လေကြောင်းလိုင်းအနေဖြင့် ယခင်က မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ ပြေးဆွဲရာတွင် လိုက်ပါစီးနင်းသည့် ဦးရေမှာ အနည်းငယ်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ ခရီးသွားလိုက်ပါစီးနင်းမှု များပြားလာကြောင်း သိရသည်။

"MNA လေကြောင်းလိုင်းအနေနဲ့ မန္တလေးမြို့ကနေ အခြားမြို့တွေကို ပျံသန်းပြေးဆွဲတဲ့အခါ အရင်က မြို့တစ်မြို့ကို ပျံသန်းပေးရင် ခရီးသည်က တော်တော်လေးနည်းတယ်။ အခု မန္တလေးကနေ အခြားမြို့တွေကိုအလုပ်ကိစ္စတွေအပြင် အလည်အပတ်သွားဖို့ MNA လေကြောင်းလိုင်းနဲ့လိုက်ပါစီးနင်းတဲ့ခရီးသွားဦးရေက တော်တော်လေး များလာပါတယ်"ဟု ဦးအောင်မင်းဆွေက ပြောပြသည်။

MNA လေကြောင်းလိုင်းဖြင့် ဖေဖော်ဝါရီလ ပထမပတ်က မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာရှိခဲ့သော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ MNA လေကြောင်းလိုင်းဖြင့် မန္တလေးမြို့မှ ဗန်းမော်၊ မြစ်ကြီးနား၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး စသည့်မြို့များသို့ လိုက်ပါစီးနင်းသည့် ခရီးသွားမှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

MNA လေကြောင်းလိုင်းအနေဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အခြားမြို့များဖြစ်သည့် တာချီလိတ်၊ ကျိုင်းတုံ၊ ကလေး၊ နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနား၊ ပူတာအိုစသည့်မြို့များသို့ လူ ၁၆၄ ဦးဆံ့ Boeing-737 လေယာဉ် အမျိုးအစား လေးစီး၊ လူဦးရေ ၁၀၀ ဆံ့ Embraer လေယာဉ် အမျိုးအစား နှစ်စီးနှင့်လူဦးရေ ၇၀ ဆံ့ ATR လေယာဉ်အမျိုးအစား ကိုးစီးတို့ဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း(မန္တလေး)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၅၂၀ စိုက်ပျိုးပြီးစီး

**ကလေး ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၅၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

မင်းကင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးလျာထား ၃၅၆၃ ဧကကို ယခုနှစ် ဇန်နဝါရီလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါးဧက ၁၅၂၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"မင်းကင်းမြို့နယ်မှာ နွေစပါးစိုက်ပျိုးရာသီ နွေစပါးဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ နွေစပါးဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ကျန်တဲ့စပါးတွေကို ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးမှုကတော့ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်ပျိုးရာသီမှာ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင်လဲ ဆောင်ရွက်နေတယ်"ဟု ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

မင်းကင်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ် သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နွေစပါးစိုက်တောင်သူများအတွက် လိုအပ်သည့်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးရာသီက မင်းကင်းမြို့နယ်တွင် နွေစပါး ၃၅၆၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၅ ဒသမ ၅၃ တင်းထွက်ရှိခဲ့ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၆ လမ်းနှင့် ၅၅ လမ်းထောင့်နေ သျှမ်းသျှမ်းတောက်ကုန်စုံဆိုင်မိသားစုက ရိုင်းလှိုင်မိုး မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများ နွေစပါးနှင့်အခြားနွေသီးနှံအချိန်မီစိုက်ပျိုးနိုင်ရေး လယ်ယာမြေထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေ



**ပွင့်ဖြူ ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီလ ဒုတိယပတ်ကစတင်၍ မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ရာ မြို့နယ်အတွင်းရှိဒေသခံတောင်သူများက လယ်ယာမြေများကို နွေစပါးနှင့်အခြားနွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံကိန်းဖြင့် နွေစပါးသီးနှံဧက ၁၅၀၀၀ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးရာ၌အဆင်ပြေစေရန်အတွက် နွေစပါးစိုက်ပျိုးမှုတစ်ဧကလျှင် စိုက်ပျိုးစရိတ်နှင့်သွင်းအားစု ပစ္စည်းဖိုးငွေကျပ် ၂၀၀၀၀၀ ပံ့ပိုးပြီး စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ အဓိကစိုက်ပျိုးတဲ့သီးနှံကတော့ ဆန်စပါးကို စီးပွားဖြစ်စိုက်ပျိုးကြပါတယ်။ အခုဆိုရင် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကဒေသခံတောင်သူတွေကို နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်အောင် တောင်မုန်းနဲ့မြောက်မုန်းမြောင်းမကြီးတွေကတစ်ဆင့် စိုက်ပျိုးရေဖြန့်ဝေပေးနေပြီဖြစ်ပါတယ်။ဒါကြောင့် တောင်သူတွေက မိမိတို့ရဲ့လယ်ယာမြေတွေကို ထွန်ယက်ပြုပြင်တာတွေ လုပ်ကိုင်နေကြပြီဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းဖြင့် စိုက်ပျိုးမည့် နွေစပါးအပါအဝင် စုစုပေါင်းနွေစပါး ၂၉၅၄၈ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ထို့ပြင် နွေနှမ်း ၂၇၁၉၃ ဧကနှင့် အခြားနွေသီးနှံ ၃၆၈၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တောင်ကြီးမြို့နယ် နောင်ဟိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဟိုင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၉၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နောင်ဟိုင်းကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# နတ်တလင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နတ်တလင်း ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ နတ်လင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ချားယားပင်ကျေးရွာနှင့် ကညင်ကံလေးကျေးရွာတို့၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှတာဝန်ရှိသူများကို မှာကြားသည်။

ချားယားပင်ကျေးရွာ၌ လမ်းအရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့်လည်းကောင်း၊ ကညင်ကံလေးကျေးရွာ၌ လမ်းအရှည် ၃၇၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့်လည်းကောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ပြောပြ၍ သိရသည်။

**သုတ**



# မီးကြောင့် ပျက်စီးခြင်းမဖြစ်စေသောအခြင်းအရာများ

**မြင်းခြံကျော်အောင်**

"ဦးကြီးရယ် ကျုပ်တို့ ဒီဘဝမျိုးရောက်ရတာ ရွာမှာ မီးလဲနှစ်ခါလောင်၊ အိမ်လဲမီးထဲပါသွားရာကဖြစ်ရတာ"

၂၀၁၃ ခုနှစ် စာရေးသူ မန္တလေးသို့ရောက်စဉ် အမျိုးသမီးတစ်ဦး၏ ပြောစကား။ သူတို့မိသားစုသည် ဆရာဖြစ်သူဝယ်ထားသော မြေကွက်ထဲတွင် ဆောက်ပေးထားသည့်တဲ၌ ခိုစောင့်အနေဖြင့် နေရသူများ။ သားငယ်နှင့်သမီးကြီး၊ သမက်တို့မှာ ပန်းရန်အလုပ်သမားများ။ မကွေးဘက်မှရွာတွင်နေစဉ် ခင်ပွန်းဆုံးပါးသွားသည်။ အိမ်မီးနှစ်ကြိမ်လောင်သည့်အခါ အိမ်ပင်မဆောက်နိုင်ဘဲ မန္တလေးတက်လာ၊ ကာယအားဖြင့် ရရာအလုပ်လုပ်စားနေရသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော အလုပ်သမားများဖြစ်ခဲ့ရသည်။ မီးက လူကို ဤမျှဒုက္ခပေးပြီး ဆင်းရဲတွင်းသို့တွန်းပို့ခဲ့သည်။

၁၉၇၅ ခုနှစ်က စာရေးသူ မန္တလေးအထက်စဉ့်ကူးသို့သွားပြီး ဘကြီး၊ ဒေါ်ကြီးတို့ကို ကန်တော့စဉ်ကအဖြစ်။ ဘကြီးမှာ အသက် ၈၀ ကျော်ရှိပြီး တဲငယ်တစ်လုံးတွင် တစ်ဦးတည်းနေရသည်။ မွေးစားသမီးလေးက ချက်ကျွေး၊ ဝေယျာဝစ္စဆောင်ရွက်ပေး၊ ပတ်ဝန်းကျင်ဆွေမျိုးများက ဝိုင်းဝန်းစောင့်ရှောက်ပေးမှုဖြင့်နေရသည်။ ဘကြီးဇနီး ကျွန်တော့်ဒေါ်ကြီးမှာ မြင်းခြံသွားလိုက်၊ ဘကြီးဆီပြန်လာလိုက်ဖြင့် သူလည်း မပျော်ရွှင်ရသည့်ဘဝကို အချိန်ကုန်မှန်းမသိကုန်အောင်နေရသူဖြစ်သည်။

ဘကြီးနှင့်ဒေါ်ကြီးတို့မှာ မြင်းခြံမြို့တွင် ထင်ရှားသူများဖြစ်ကြသည်။ အမိန့်တော်ရရွှေနေ ဦး. . . ဆိုလျှင် မသိသူမရှိပေ။ မြို့လယ်လမ်းမကြီးတွင် ခြံဝင်းကျယ်ကြီး၊ တစ်ထပ်တိုက်ကြီးနှင့် နေရသူများဖြစ်ကြသည်။ အိမ်တွင် အစေအပါးများဖြင့် တင့်တောင့်တင့်တယ်ရှိလှသည်။

နှစ်စဉ် ဆောင်းရာသီတွင် ဘုရားကိုးဆူပူဇော်ပွဲကျင်းပပြီး အိမ်ရှေ့မြေကွက်လပ်တွင် ဘကြီး၏မိတ်ဆွေတရားသူကြီးများ၊ ရှေ့နေများနှင့် ဆွေမျိုးမိတ်သင်္ဂဟများကို ညနေစာဖိတ်ကျွေးသည်။ တစ်ခါတစ်ရံလည်း ဘုန်းကြီး ၁၀ ပါးပင့်ပြီး ပရိတ်တရားနာ ဆွမ်းကပ်အလှူပြုလုပ်သည်။ အိမ်တွင် ပစ္စည်းများဆိုလျှင် လိုလေသေးမရှိပြည့်စုံသည်။ လူ ၅၀ ကျော်အကျွေးအမွေးလုပ်လျှင်ပင် မည်သည့်ပစ္စည်းမျှ ပြင်ပကမငှားရ။ ပန်းကန်ခွက်ယောက်များ၊ ကော်ဇောစားပွဲခင်းအားလုံးပြည့်စုံသည်။

၁၉၇၀ ပြည့်နှစ်လွန်ကာလတွင် ဘကြီးနှင့်ဒေါ်ကြီးတို့သည် အကြောင်းကိစ္စတစ်ခုအရ မြင်းခြံမှ တိုက်အိမ်ကို ရောင်းခဲ့သည်။ နောက် ဘကြီး၏ဆွေမျိုးများရှိရာ စဉ့်ကူးသို့ပြောင်းခဲ့သည်။ စဉ့်ကူးတွင် သစ်ဝါးဖြင့် အိမ်ကြီးကြီးဆောက်နေခဲ့သည်။

၁၉၇၃ ခုနှစ်တွင် မြို့၌ မီးကြီးလောင်ခဲ့သည်။ ဘကြီး၊ ဒေါ်ကြီးတို့အိမ်နှင့် အိမ်ရှိပစ္စည်းများ မီးလောင်ခဲ့ရသည်။ ဘကြီးမှာ ဝဝတုတ်တုတ်၊ အသက်ကလည်းကြီးပြီဖြစ်၍ မပြေးနိုင်သဖြင့် ဆွေမျိုးများက မီးလွတ်ရာထမ်းပြေးကြရသည်။ သယ်နိုင်သမျှအဝတ်အစားနှင့် အတွင်းပစ္စည်းရွှေငွေစိန်ကျောက်မျှသာ ရခဲ့တော့သည်။ မီးဘေးသင့်ခဲ့၍ ဘကြီးတို့ဇနီးမောင်နှံမှာ အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။ ယူကျုံးမရခံစားကြရသည်။ သို့ဖြင့် စိတ်ဆင်းရဲကြီးစွာဖြင့် ဘဝတစ်ပါးပြောင်းသွားခဲ့ကြရသည်။ ဘကြီး၊ ဒေါ်ကြီး ကျွန်တော့်ကျေးဇူးရှင်ကြီးများအကြောင်းတွေးမိတိုင်း ယခုတိုင် စိတ်မကောင်းဖြစ်နေရဆဲ။ အဓိကဒုက္ခပေးသူမှာ မီးပင်ဖြစ်သည်။ မီးဘေးသင့်သူတိုင်း ဒုက္ခခံစားကြရသည်။ ထိုဒုက္ခများမခံစားရစေခြင်းငှာ မဟာကရုဏာရှင်မြတ်ဗုဒ္ဓက မီးဘေးမှကာကွယ်စောင့်ရှောက်ပုံကို ဟောကြားခဲ့သည်။

"အကြင်အခြင်းအရာဖြင့် မိမိတို့၏ရွှေငွေဘဏ္ဍာဥစ္စာပစ္စည်းတို့သည် မီးဖြင့်ပျက်စီးခြင်းသို့ မရောက်နိုင်ကုန်ရာ။ ထိုအခြင်းအရာဖြင့် စောင့်ရှောက်ကြရမည်"ဟူ၍ ဖြစ်ပါသည်။ ဤသည်ကို ယနေ့ခေတ်ကာလနှင့်အညီ သတိပြုနိုင်ကြစေရေးအတွက် ဖော်ပြပါမည်။

**မီးဘေးမှ ကာကွယ်စောင့်ရှောက်ပုံနည်းလမ်းများ**

မီးသည် လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သည်။ နေ့စဉ် ချက်ပြုတ်ရာမှအစ စက်ရုံကြီးများကိုလည်ပတ်စေပြီး ကုန်ပစ္စည်းများထုတ်လုပ်သည်ထိ မီးကိုအသုံးပြုကြရသည်။ ထိုသို့ အသုံးဝင်သောမီးသည် ရန်သူမျိုးငါးပါးအပါအဝင်ဖြစ်သည်။ စနစ်တကျနှင့် ဂရုတစိုက် အသုံးပြုလျှင် ကောင်းကျိုးဖြစ်စေသည်။ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆအသုံးပြုလျှင်၊ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးမပြုလျှင် မီးက ဒုက္ခပေးတော့သည်။ အသေးအမွှားဆုံးရှုံးမှုမှသည် တန်ဖိုးကြီးမားသော အိမ်ရာတိုက်တာနှင့် စက်ရုံအလုပ်ရုံများပင် ပြာဖြစ်သွားရသည်။ လူတို့ကို စိတ်ဒုက္ခပေးနိုင်သကဲ့သို့ အသက်အန္တရာယ်လည်း ဖြစ်စေတတ်ပေသည်။

**မီးဖြင့်ပျက်စီးခြင်းသို့မရောက်နိုင်ကုန်ရာသော အခြင်းအရာများ**

မီးကြွင်းမီးကျန်မရှိရေး သုတ်သင်ရှင်းလင်းရပါမည်။ လောကနီတိကျမ်းတွင် မီးကြွင်းကိုလည်းကောင်း၊ ရန်ကြွင်းကိုလည်းကောင်း၊ မြီကြွင်းကိုလည်းကောင်း မထားရာဟု ဖော်ပြထားသည်။ အကြွင်းထားသဖြင့် ပွားများပြီး လူကိုဒုက္ခပေးတတ်၍ အကြွင်းမထားရန် ကျမ်းဆရာက လမ်းညွှန်ခြင်းဖြစ်ပါသည်။ တိတိကျကျလိုက်နာရပါမည်။

မီးကြွင်းနှင့်ပတ်သက်၍ လျှပ်စစ်မီးသုံးခွင့်မရသော ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့သုံးနေသော မီးကို ငြိမ်းသတ်ပြီးမှ အိပ်စက်ခြင်းပြုရပါမည်။ မီးဖိုတွင် မီးသုံးနေစဉ်၊ ဘုရားမီးပူဇော်ထားစဉ် အခြားတစ်နေရာသို့သွားလာခြင်း ရှောင်ရပါမည်။

လျှပ်စစ်မီးသုံးနေသောအိမ်များတွင် မီးဖိုမီးများ၊ အခြားအသုံးပြုထားသော မီးခလုတ်များကို မအိပ်မီ ပိတ်၊ မပိတ်စစ်ဆေးရပါမည်။ မလိုအပ်သော မီးခလုတ်များပိတ်ပြီးမှ အိပ်ကြရပါမည်။ မီးမငြိမ်းသတ်ဘဲ အိပ်မိရာမှ မိသားစုအားလုံးသေဆုံးရမှု ရန်ကုန်တွင်ဖြစ်ခဲ့ဖူးသည်။ မအိပ်မီ ဖယောင်းတိုင်မီးထွန်းထားသည်။ မီးမငြိမ်းဘဲအိပ်ကြသည်။ ဖယောင်းတိုင်မီးညွန့်က မွေ့ရာသို့ကူးစက်လောင်ရာမှ မီးခိုးများထွက်လာသည်။ အိပ်မောကျနေသဖြင့် မီးခိုးမွန်ပြီး တစ်ခန်းတည်းတွင်အိပ်နေသည့် မိသားစုငါးဦးစလုံး သေဆုံးခဲ့ကြရသည်။

မကြာမီက မီးဖိုမှ မီးမငြိမ်း၍ ည ၁၁ နာရီတွင် မီးဖိုချောင်မီးလောင်မှုတစ်ခုဖြစ်ကြောင်း သတင်းစာတွင် ဖတ်ရသည်။ ပစ္စည်းဆုံးရှုံး၊ မီးပေါ့ဆမှုအရ အရေးယူခဲ့သည်။ ထို့ကြောင့် မီးဖြင့် ပျက်စီးခြင်းမဖြစ်စေရန် မီးကြွင်းမထားခြင်းသည် အန္တရာယ်အကင်းဆုံးဖြစ်သည်။

လျှပ်စစ်မီးကြိုးများပေါက်ပြဲမှုရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မပေါက်ပြဲစေရန် ဂရုပြုလိုက်နာခြင်းသည်လည်း မီးဖြင့်ပျက်စီးခြင်းသို့ မရောက်ရာသောအခြင်းအရာဖြစ်ပေသည်။

> ❖ နေ့စဉ် ချက်ပြုတ်ရာမှအစ စက်ရုံကြီးများကို လည်ပတ်စေပြီး ကုန်ပစ္စည်းများထုတ်လုပ်သည်ထိ မီးကိုအသုံးပြုကြရသည်။ ထိုသို့ အသုံးဝင်သောမီးသည် ရန်သူမျိုးငါးပါးအပါအဝင်ဖြစ်သည်။ စနစ်တကျနှင့် ဂရုတစိုက်အသုံးပြုလျှင် ကောင်းကျိုးဖြစ်စေသည်။ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ဆဆအသုံးပြုလျှင်၊ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးမပြုလျှင် မီးက ဒုက္ခပေးတော့သည်။ အသေးအမွှားဆုံးရှုံးမှုမှသည် တန်ဖိုးကြီးမားသော အိမ်ရာတိုက်တာနှင့် စက်ရုံအလုပ်ရုံများပင် ပြာဖြစ်သွားရသည်။ လူတို့ကို စိတ်ဒုက္ခပေးနိုင်သကဲ့သို့ အသက်အန္တရာယ်လည်းဖြစ်စေတတ်ပေသည်။ ❖

လျှပ်စစ်မီးသုံးရာတွင် တစ်ချိန်တည်း၌ စွမ်းအင်သုံးရသော ထမင်းဟင်းချက်ခြင်း၊ ရေတင်ရေစုပ်ခြင်း လုပ်ငန်းများကို မဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်သည်။ တစ်ပြိုင်နက်သုံးပါက လျှပ်စစ်မီးကြိုး၏ ခံနိုင်ဝန်အားပျက်ယွင်းကာ ကြိုးမီးလောင်မှုဖြစ်တတ်သည်။ ကြိုးမီးလောင်ရာမှ အိမ်ပါမီးလောင်နိုင်သည်။

ဤအဖြစ်မျိုး ကသာမြို့၌ဖြစ်ဖူးသည်။ ဈေးအနီးရှိ လက်ဖက်ရည်ဆိုင်တွင် မျက်နှာကြက်၌ကပ်ပြီးထွန်းထားသော မီးချောင်းမှ မီးကြိုးမီးလောင်ရာ ဆိုင်အဆောက်အအုံမီးလောင်သည်။ နောက် ပတ်ဝန်းကျင်မီးကူးကာ ဈေးကြီးပါ မီးလောင်ပြာကျရသည်။ ပစ္စည်းဥစ္စာများစွာဆုံးရှုံးရသည်။ လက်ဖက်ရည်ဆိုင်မှ မီးချောင်းမှာ အမြဲဖွင့်ထားသည်၊ သွယ်တန်းထားသည်မှာလည်း ကြာမြင့်ပေပြီ။ ထို့ကြောင့် ကြိုး၏စွမ်းအားကလည်း ကျဆင်းနေပြီ။ ပိုဆိုးသည်မှာ မျက်နှာကြက်နှင့်ကပ်ဆင်ထားသည်။ သို့ဖြင့် အပူလွန်ကဲ လျှပ်စစ်ကြိုးမီးလောင်ရာမှ ဆိုင်မီးလောင်မှုဖြစ်ရခြင်းဖြစ်သည်။ ထို့ကြောင့် လျှပ်စစ်မီးကြိုးများပေါက်ပြဲမှုရှိ၊ မရှိ စစ်ဆေးရပါမည်။ လျှပ်စစ်မီးကို ချင့်ချိန်အသုံးပြုရပါမည်။ လိုအပ်လျှင်ဖွင့်၊ မလိုအပ်လျှင်ပိတ်ရပါမည်။ သို့ဖြင့် လျှပ်စစ်မီတာအတက်သက်သာပြီး အန္တရာယ်လည်းကင်းဝေးစေပါသည်။

လျှပ်စစ်မီးကို အတက်အကျနှင့် မိမိအသုံးပြုနေသောပစ္စည်းကိရိယာများ၏ အတိုင်းအရှည်ကို သိထားရပါမည်။ ပြုပြင်သင့်သည်ကို ပြုပြင်ရပါမည်။ လိုအပ်လျှင် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မီးဖြင့်ပျက်စီးခြင်းသို့ မရောက်ရှိစေရန် ကာကွယ်နိုင်ပေသည်။

ယခုအခါ တောရွာမြို့ပါ လျှပ်စစ်မီးများသွယ်တန်းပေးထားသည်။ လျှပ်စစ်ဌာနကလည်း ထိန်းချုပ်ခန်းတွင်နေပြီး ဒေသအလိုက် လိုအပ်ချက်ကို ရရှိလာသည့် စွမ်းအားပေါ်မူတည်ပြီး ဖြန့်ဖြူးပေးလျက်ရှိသည်။ ထိုအခါ မီးအားအတက်အကျဟူသည်ရှိသည်။ ယခုအခါ မိမိအိမ်သို့ မီးမည်မျှဝင်နေသည်ကို သိနိုင်သည့် ကိရိယာတပ်ဆင်ထား၍ရသည်။ မီးအား အဝင်များနေလျှင် ခေတ္တပိတ်ထား၍ရသည်။ မီးအားထိန်းကိရိယာများတပ်ဆင်ပြီး အသုံးပြုရပါမည်။ မီးအားအတက်ကြမ်းသည့်အခါ မီးအားထိန်းကိရိယာက ထိန်းသိမ်းထားပါမည်။ သို့ဖြင့် ရုပ်မြင်သံကြားစက်ပျက်ခြင်း၊ ရေခဲသေတ္တာလောင်ကျွမ်းခြင်းတို့မှ ကာကွယ်နိုင်ပါသည်။

အခြားတစ်နည်းမှာ မီးအားလိုသည်ထက် ပိုလာလျှင် အလိုအလျောက်မီးဖြတ်ကိရိယာပါပစ္စည်းများကို အသုံးပြုရပါမည်။ သို့ဖြင့် ပျက်စီးဆုံးရှုံးမှုမှ ကာကွယ်နိုင်ပေသည်။ လျှပ်စစ်ဓာတ်အားသွယ်ယူထားခြင်းသည် ရေမြောင်းဖြင့် မြစ်ရေကိုသွယ်ယူထားသကဲ့သို့ဖြစ်သည်။ ရေတံခါးဖြင့်မထိန်းပါက ရေသည် များသည်ထက်များများစီးဝင်လာတတ်သည်။ လျှပ်စစ်လည်း ထိုနည်းတူဖြစ်သည်။ လျှပ်စစ်စီးဝင်လာသည်ကို မထိန်းချုပ်ပါက၊ နာရီပေါင်းများစွာအသုံးပြုနေပါက လျှပ်စစ်ဓာတ်အားများ လိုသည်ထက် ပိုမိုဝင်လာကာ မီးကြိုးများမီးလောင်ခြင်း၊ အသုံးပြုပစ္စည်းများ ပျက်စီးခြင်းဖြစ်တတ်ပေသည်။ အတိုင်းအရှည်ကိုသိပြီး အသုံးပြုရပါမည်။ ဥပမာ- ရေနွေးအိုးတည်၊ ဟင်းချက်သည့်အခါ Hot Plate မီးဖိုမီး၏ စွမ်းအင်မှာ ၂၀၀၀ ဟု အမြင့်ဆုံး ဖော်ပြထားသည်။ သို့သော် ၁၂၀၀ အင်အားမျှသုံးလျှင်လည်း ၁၀ မိနစ်ကျော်တွင် ရေဆူပါသည်။ ရေဆူလျှင် မီးအားကို ၁၀၀၀၊ ၈၀၀ သို့ လျှော့ချအသုံးပြုရပါမည်။ ဟင်းအိုးတစ်အိုးပြီးလျှင် ခေတ္တမီးပိတ်ထားပြီး နောက်တစ်အိုးထပ်တည်ပြုရပါမည်။ သို့ဖြင့် Hot Plate သက်တမ်းကြာကြာခံခြင်း၊ လျှပ်စစ်မီတာအတက်သက်သာခြင်း၊ အန္တရာယ်ကင်းခြင်းအကျိုးကျေးဇူးများ ခံစားရပါမည်။ ဤသည်လည်း မီးဖြင့် ပျက်စီးခြင်းသို့မရောက်ရာသည့် အခြင်းအရာတစ်ရပ်ဖြစ်သည်။

မီးသုံးစွဲသောနေရာ မိမိအိမ်ဝန်းကျင်တွင် အမှိုက်သရိုက်များ၊ လောင်စာဆီများကို ရှင်းလင်းအောင်ဆောင်ရွက်ထားရပါမည်။ ဖယောင်းတိုင်၊ အမွှေးတိုင်ထွန်းရာတွင် အောက်ခံပစ္စည်းသည် မီးမလောင်လွယ်သော သံပြားဖြစ်သင့်ပါသည်။ ဖယောင်းတိုင်၊ အမွှေးတိုင်အနီးတွင်လည်း လောင်စာများဖြစ်သော ပန်းခြောက်များ စသည့်ပစ္စည်းများ မရှိစေရန်လည်း သတိထားရပါမည်။ မီးအသုံးပြုနေစဉ် အခြားအရပ်သို့မသွားရန်လည်းလိုပါသည်။ သွားစရာရှိလျှင် မီးငြိမ်းပြီးမှသွားရပါမည်။

ဖုန်းအားသွင်းရာတွင် မွေ့ရာပေါ်၊ စက္ကူပလတ်စတစ်များပေါ်တင်ပြီး အားမသွင်းရပါ။ မေ့ပြီးဖုန်းအားပြည့်ချိန် လျှပ်စစ်မီးမပိတ်မိရာမှ အပူလွန်ပြီးမီးလောင်မှုများဖြစ်ဖူး၍ သတိပြုရပါမည်။

နေအိမ်ကို မီးအာမခံထားခြင်းဖြင့်လည်း ပတ်ဝန်းကျင်မှ မီးကူးစက်လောင်ကျွမ်းလာပါက အာမခံကြေးရရှိပါမည်။ မိမိဆုံးရှုံးနိုင်ခြေနည်းပါမည်။ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ စသည်တို့ အသင့်ဆောင်ထားခြင်းဖြင့်လည်း မီးမပွားမီ မီးငြိမ်းသတ်နိုင်သဖြင့် မီးဘေးမှ ကာကွယ်ပြီးဖြစ်မည်။

အိမ်တိုင်းတွင် ရွှေငွေနှင့် အဖိုးတန်ကျောက်သံပတ္တမြားများရှိကြပါသည်။ ထို့ပြင် အိမ်ဂရန်၊ ကုမ္ပဏီစာချုပ်စာတမ်းများ၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ မော်တော်ယာဉ်လိုင်စင်နှင့် တယ်လီဖုန်းပိုင်ဆိုင်မှုစာရွက်စာတမ်းများလည်းရှိကြသည်။ ဤသည်ကို မီးခံသေတ္တာ၊ မြေတိုက်ခန်းများတွင် ထည့်သွင်းသိမ်းဆည်းကြရပါမည်။ ငွေကြေးကဲ့သို့ မီးလောင်လွယ်သည့် ပစ္စည်းကို လက်ဝယ်လိုအပ်သမျှသာထားပြီး ဘဏ်တွင် အပ်နှံထားခြင်းက ပိုမိုလုံခြုံစေပါသည်။ လက်ဝယ်ထားသဖြင့် မီးဘေးဖြင့်ဆုံးရှုံးမှုဖြစ်ရသည်လည်းရှိခဲ့သည်။ ဤသည်တို့ကား မီးဖြင့် ပျက်စီးခြင်းမဖြစ်စေသည့်အခြင်းအရာများဖြစ်ကြပါသည်။

မီးဘေးမှကာကွယ်ရန် အဓိကအကျဆုံးအချက်သုံးချက်မှာ မမေ့မလျော့ခြင်း၊ သတိဝီရိယဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မီးကို ကျွမ်းကျင်ပိုင်နိုင်စွာကိုင်တွယ်အသုံးပြုခြင်းတို့ဖြစ်ကြသည်။ ဤသုံးချက်ကို လိုက်နာဆောင်ရွက်ခြင်းသည် မီးကြောင့် ပျက်စီးခြင်းသို့မရောက်ရှိဘဲ ချမ်းသာစွာနေကြရမည်ဖြစ်သည်။ သို့ပါ၍ မီးကြောင့် ပျက်စီးခြင်းသို့ မရောက်နိုင်ရာသောအခြင်းအရာများကို လိုက်နာဆောင်ရွက်ပြီး နေထိုင်ကြပါရန် ရေးသားလိုက်ရပါသည်။

မီးဘေးမှ ကင်းဝေးကြပါစေ။

**ကိုးကား**

– **ဗုဒ္ဓ၏ ပိဋကတ်တော်လာ ကြီးပွားရေးလမ်းညွှန်ချက်များ**
**အရှင်ကဝိဓဇမဟာဓမ္မာစရိယ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဆန်ကုန်သည်ကြီးများကြား သဘောတူညီချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ် ဆန်တင်ပို့သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဆန်ကုန်သည်ကြီးများကြား သဘောတူညီချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ် ဆန်တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအဖွဲ့ချုပ် (ရန်ကုန်တိုင်းဒေသကြီး)မှ ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြ၍ သိရသည်။

ထိုသို့ မြန်မာ့ဆန်ကို အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ် တင်ပို့နိုင်ရေးအတွက် မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံ ကုန်သည်ကြီးများကြား ကုန်သွယ်မှုဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ် ဆန်တင်ပို့ခြင်းအပြင် စွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“အင်ဒိုနီးရှားနိုင်ငံနဲ့ မြန်မာနိုင်ငံက ကုန်သည်ကြီးတွေ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုတွေကို ဖေဖော်ဝါရီ ၂၂ ရက်ကစပြီး လူကိုယ်တိုင်ကော၊ အွန်လိုင်းကပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဆွေးနွေးမှုတွေအရ မြန်မာ့ဆန်ကို အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ်တင်ပို့နိုင်ဖို့၊ စွမ်းအင်ကဏ္ဍမှာ အင်ဒိုနီးရှားနဲ့ မြန်မာ ပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာကျောင်းသားတွေကို အင်ဒိုနီးရှားတက္ကသိုလ်တွေမှာ လာရောက်သင်ကြားနိုင်မဲ့ ပညာသင်ဆုပေးအပ်ဖို့နဲ့ နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ အရေးကြီးတဲ့ ပြည်တွင်းငွေကြေးစနစ်နဲ့ ဘဏ်လုပ်ငန်းတွေ ကောင်းမွန်လည်ပတ်နိုင်စေဖို့ကိုလဲ စီစဉ်ဆောင်ရွက်နေပါတယ်”ဟု ဗဟိုအလုပ်အမှုဆောင် ဦးငြိမ်းချမ်းအောင်က ပြောပြသည်။

ထို့ပြင် မြန်မာ့ဆန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှု (MoU) ဖြင့် ယခုဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန်နှစ်သိန်း တင်ပို့ထားပြီး မြန်မာနိုင်ငံမှ မြန်မာ့ပေါင်းဆန် တန်ချိန် ၅၅၀၀၀ ကျော်ကို တင်ပို့ရမည်ဖြစ်ကာ လက်ရှိအချိန်တွင် ပေါင်းဆန်တင်ပို့နိုင်ရန် ပြင်ဆင်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်ကို တရုတ်၊ ဥရောပ၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖရိက စသည့်နိုင်ငံများက ဝယ်ယူမှုများပြီး ဆန်ကွဲကို တရုတ်နှင့် ဥရောပနိုင်ငံများက အဓိကဝယ်ယူကြောင်း သိရသည်။

ASH



# သိန်းနီမြို့နယ် ပေါက်ဟောင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သိန်းနီ ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေါက်ဟောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန် ဆောင်ရွက်သည့်အနေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေနိုင်ရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၃၃၁ သိန်း စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့နောက် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ပေါက်ဟောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးအတွက် ငွေကျပ် ၃၃၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

## စကား

\- မာန်မဖက်စေလိုပါ
စကားကို ဆိုသမျှ
ချိုမြစေရာ၊
သင့်အသိ သည်မျှသာ
ငါသိတာ ဘယ်မျှရှိ၊
ပညာမာန် အပူဆိုက်
လောင်မြိုက်ပါဘိ။

\- မာန်မစွက်စေလိုပါ
စကားကို ပြောသမျှ
ချောလှစေရာ၊
သင့်အသိ သည်မျှသာ
ငါပိုင်တာ ဘယ်မျှရှိ၊
ဉစ္စာမာန် အပူကျွမ်း
ပန်းလှပါဘိ။

\- မာန်မတက်စေလိုပါ
စကားကို ကြားသူနား
မခါးစေရာ၊
သင့်ဂုဏ်ပုဒ် သည်မျှသာ
ငါ့ဂုဏ်ဝါ ဘယ်မျှရှိ၊
ဂုဏ်မာန်တွေ အပူကဲ
စွဲမြိုက်လောင်ဘိ။

\- တတ်သိရာ ပိုင်ဆိုင်ရာနှင့်
ဂုဏ်ရှိန်ဝါ မာန်အမျိုးမျိုး
ဖြိုးလျှံကြ အခါခါ၊
ဤသုံးထွေ သေရွာဆိုက်ထိ
မလိုက်နိုင်ရာ၊
တကယ်တန်း သင်-သူ-ငါ
မာန်ဆိုတာ တန်ဖိုးမရှိ
မေတ္တာနဲ့ ကရုဏာ
မုဒိတာသာ ရတနာအတိ၊
ပြောသမျှ အလီလီ
အဟောဝတ တည်မှီလို့
မာန်မချီ နူတ်စကားတို့
ကြားသူချို ဆိုသူအေးအောင်
(ဆွေတို့ရေ. . .)
တွေးချင့်ပါဘိ။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## အကွာအဝေး ၁၀၂၅ မိုင်ထိ ပျံသန်းနိုင်သော ခရုစ်ဒုံးကျည်သစ်တစ်မျိုး အီရန်ထုတ်ဖော်ပြသ

**တီဟီရန် ဖေဖော်ဝါရီ ၂၅**

အကွာအဝေး ၁၀၂၅ မိုင်ထိ ပျံသန်းနိုင်သော ခရုစ်ဒုံးကျည်တစ်မျိုးကို အီရန်စစ်ဘက်က တည်ဆောက်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီရန်နိုင်ငံ၏ ဒုံးကျည်လက်နက်များစာရင်းတွင် အကွာအဝေး ၁၀၂၅ မိုင်ထိ ပျံသန်းနိုင်သော ခရုစ်ဒုံးကျည်သစ်တစ်မျိုးလည်း ပါဝင်လာပြီဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်လေကြောင်းတပ်ဖွဲ့ အကြီးအကဲ အမီရာလီဟာဂျီဇာဒီက နိုင်ငံပိုင်ရုပ်သံဌာနသို့ ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန် တော်လှန်ရေးအစောင့်တပ်သည် ပါဗီးအမည်ရှိ အဆိုပါ ခရုစ်ဒုံးကျည်သစ်ကို နိုင်ငံပိုင်ရုပ်သံမှတစ်ဆင့် ထုတ်ဖော်ပြသခဲ့သည်။


အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်တိုင် ဒုံးကျည်တည်ဆောက်ထုတ်လုပ်မှုများ တိုးချဲ့လျက်ရှိသည်။

သို့သော် မိမိတို့၏ ဒုံးကျည်တည်ဆောက်ရေးအစီအစဉ်သည် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအတွက်သာဖြစ်ကြောင်း အီရန်အစိုးရက ပြောကြားထားသည်။

အီရန် တော်လှန်ရေးအစောင့်တပ်သည် ပါဗီးခရုစ်ဒုံးကျည်ကို ပထမဆုံးအကြိမ်အဖြစ် ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## တရုတ်နိုင်ငံ၏ယူကရိန်းပြဿနာငြိမ်းချမ်းရေးအဆိုပြုချက်ကို ရုရှားအစိုးရကြိုဆို



**မော်စကို ဖေဖော်ဝါရီ ၂၅**

ယူကရိန်း ပဋိပက္ခအတွက် တရုတ်နိုင်ငံက တင်ပြထားသော ငြိမ်းချမ်းရေးအဆိုပြုချက်ကို ရုရှားအစိုးရက ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြိုဆိုစကားပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့် ယူကရိန်းပြဿနာကို ဖြေရှင်းရေးအတွက် ကြိုးစားရာတွင် ပါဝင်ရန် တရုတ်နိုင်ငံက ဆန္ဒရှိမှုကို မိမိတို့ တန်ဖိုးထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာရီယာဇာခါရိုဗာက ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းအထူးစစ်ဆင်ရေးများ၏ ရည်မှန်းချက်များကို နိုင်ငံရေးနည်းလမ်း၊ စစ်ရေးနည်းလမ်းတို့ဖြင့် ရယူရေးအတွက်လည်း ရုရှားနိုင်ငံက လမ်းဖွင့်ထားသည်ဟု ဇာခါရိုဗာက ပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် ယူကရိန်းပြဿနာကို သံတမန်နည်းလမ်း၊ နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းရာတွင် ယူကရိန်းနိုင်ငံတွင်းရှိ နယ်မြေပိုင်စိုးမှု အရှိတရားသစ်များကို လက်ခံရလိမ့်မည်ဖြစ်ကြောင်း ဇာခါရိုဗာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံတွင်းရှိ ဒေသကြီးလေးခုကို လူထုဆန္ဒခံယူပွဲများဖြင့် ရုရှားအချုပ်အခြာအောက်သို့ ထည့်သွင်းထားသည်။

ရုရှားနိုင်ငံ၏ မဟာဗျူဟာမိတ်ဖက်ဖြစ်သော တရုတ်နိုင်ငံသည်အချက် ၁၂ ချက်ပါ ယူကရိန်းစစ်ပွဲပြီးဆုံးရေး အဆိုပြုချက်ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

KKO

## နိုင်ဂျီးရီးယားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲများနှင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပ

**အဘူဂျာ ဖေဖော်ဝါရီ ၂၅**




နိုင်ဂျီးရီးယားနိုင်ငံ၌ သမ္မတရွေးကောက်ပွဲများနှင့် လွှတ်တော်ရွေးကောက်ပွဲများကို ယနေ့တွင် ကျင်းပခဲ့ရာ ပြည်သူများပါဝင်မဲပေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲများတွင် နိုင်ဂျီးရီးယားမဲဆန္ဒရှင်ပြည်သူ ၉၂ သန်းတို့သည် လက်ရှိသမ္မတဘူဟာရီ၏ အရိုက်အရာကို ဆက်ခံမည့် သမ္မတသစ်နှင့်လွှတ်တော်အမတ်သစ်များကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်သည်။

၎င်းသမ္မတရွေးကောက်ပွဲတွင် အဓိကနိုင်ငံရေးပါတီကြီးနှစ်ခုတို့မှ သမ္မတလောင်းနှစ်ဦးနှင့် လူငယ်မဲဆန္ဒရှင်များ၏ ထောက်ခံမှုရထားသည့် ပါတီငယ်တစ်ခုတို့မှ သမ္မတလောင်းတစ်ဦးတို့ အကြိတ်အနယ်ယှဉ်ပြိုင်ရဖွယ်ရှိသည်။

လက်ရှိ နိုင်ဂျီးရီးယားသမ္မတဘူဟာရီသည် သမ္မတရာထူးကို ရှစ်နှစ်အထိ တာဝန်ယူခဲ့ပြီးဖြစ်ရာ နိုင်ဂျီးရီးယား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိတော့ကြောင်း သိရသည်။

နိုင်ဂျီးရီးယားသမ္မတသစ်အနေဖြင့် ငွေကြေးဖောင်းပွမှုပြဿနာ၊ အစွန်းလွန်စစ်သွေးကြွများ ပုန်ကန်မှုပြဿနာ၊ တောပုန်းများ ထကြွမှုပြဿနာများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတိုက်၏ လူဦးရေအများဆုံးနှင့် စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။ KKO

## အယ်လ်ဆာဗေဒိုးနိုင်ငံ၌ ဒုစရိုက်ဂိုဏ်းဝင် အကျဉ်းသားများကို အကျဉ်းထောင်ရွှေ့ပြောင်း



**ဆန်ဆာဗေဒိုး ဖေဖော်ဝါရီ ၂၅**

အယ်လ်ဆာဗေဒိုးအစိုးရသည် ရာဇဝတ်ဂိုဏ်းဝင် အကျဉ်းသားရာပေါင်းများစွာကို အသစ်ဖွင့်လှစ်ထားသည့် ဧရာမအကျဉ်းထောင်သစ်ကြီးတစ်ခုဆီသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် နေရာရွှေ့ပြောင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အကျဉ်းထောင်သစ်ဆီသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရွှေ့ပြောင်းပေးခဲ့ရသည့် ရာဇဝတ်ဂိုဏ်းဝင် အကျဉ်းသားအရေအတွက်မှာ ဦးရေ ၂၀၀၀ ခန့်ရှိကြောင်း အယ်လ်ဆာဗေဒိုးအစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ အကျဉ်းထောင်သစ်သည် အမေရိကတိုက်၏ အကြီးဆုံးအကျဉ်းထောင်ဖြစ်ပြီး အကျဉ်းသားအရေအတွက် ဦးရေ ၄၀၀၀၀ ထိ ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

၎င်းအကျဉ်းထောင်သည် ဒုစရိုက်သမားများအနေဖြင့် အရပ်သားပြည်သူများအား ဆက်၍ ဒုက္ခမပေးနိုင်တော့မည့် နေရာဖြစ်သည်ဟု အယ်လ်ဆာဗေဒိုးသမ္မတ နာယစ်ဘူကီလီက ပြောကြားထားသည်။

အယ်လ်ဆာဗေဒိုး အစိုးရ၏ အငြင်းပွားရဖွယ် ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှု ထိန်းချုပ်ရေးအစီအစဉ်ကြောင့် အယ်လ်ဆာဗေဒိုးအကျဉ်းထောင်များမှာ အကျဉ်းသားဦးရေကို သတ်မှတ်ချက်ထက်ပို၍ လက်ခံနေကြရကြောင်း သိရသည်။

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွင်း အယ်လ်ဆာဗေဒိုး အစိုးရသည် ရာဇဝတ်ဂိုဏ်းဝင်များအဖြစ် ယူဆရသူ ဦးရေ ၆၄၀၀၀ ကျော်ကို ဖမ်းဆီးထားကြောင်း သိရသည်။

KKO

## ယူကရိန်းပြဿနာ ဘုံသဘောတူညီချက်တစ်ရပ် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၌ ရယူနိုင်မှုမရှိခဲ့

**ဒေလီ ဖေဖော်ဝါရီ ၂၅**

အိန္ဒိယနိုင်ငံ ဘင်ဂါလူရူမြို့၌ ယနေ့တွင် ကျင်းပခဲ့သော ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၌ ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဘုံသဘောတူညီချက် မရယူနိုင်ခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။




ယူကရိန်းပြဿနာနှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအကြား ဘုံသဘောတူညီချက် မရခဲ့မှုကြောင့် ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေးပွဲမှာ ပူးတွဲကြေညာချက်မထုတ်ဘဲ ပြီးဆုံးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ ပူးတွဲကြေညာချက်တွင် ယူကရိန်းကို စစ်ရေးအရ တိုက်ခိုက်မှုအတွက် ရုရှားကိုပြစ်တင်ရှုတ်ချရန် အမေရိကန်နိုင်ငံနှင့် မဟာမိတ်များက တောင်းဆိုခဲ့သော်လည်း တရုတ်နှင့် ရုရှားနိုင်ငံတို့က ကန့်ကွက်ခဲ့သည်ဟု သံတမန်သတင်းအရင်းအမြစ်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၌ ပူးတွဲကြေညာချက် မထုတ်ပြန်နိုင်ပါက အိန္ဒိယနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဥက္ကဋ္ဌနိုင်ငံကြေညာချက် ထုတ်ပေးရမည်ဖြစ်သည်။

ယခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံကိုယ်တိုင်က ဂျီ-၂၀ ပူးတွဲကြေညာချက်များ၌ စစ်ပွဲဟူသော ဝေါဟာရကို ရှောင်ပေးကြရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားသည်။

ဂျီ-၂၀ အုပ်စုဝင်နိုင်ငံများအနက် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သည်ရုရှားနှင့် ဆက်ဆံရေးခိုင်မာသော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အစ္စရေးနိုင်ငံ၏ ပထမဆုံးအာကာသရေဒီယိုတယ်လီစကုပ်ကို နာဆာက တာဝန်ယူလွှတ်တင်ပေးမည်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အစ္စရေးနိုင်ငံ၏ ပထမဆုံး အာကာသ ရေဒီယိုတယ်လီစကုပ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က တာဝန်ယူ လွှတ်တင်ပေးမည်ဖြစ်ကြောင်း Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အာထရာဆက်ရေဒီယိုတယ်လီစကုပ်ဟူ၍ အမည်ပေးထားသည့် အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်ပေါက်ကွဲမှုကဲ့သို့ စကြဝဠာ၏ ကာလတိုဖြစ်စဉ်များကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အာထရာဆက်ရေဒီယိုတယ်လီစကုပ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ပေးရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အာထရာဆက် အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ပေးမည့်အပြင် မစ်ရှင်ထိန်းချုပ်ရေး လုပ်ငန်းတွင်လည်း ပါဝင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အာထရာဆက် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ အကွာတွင်ရှိသော ပတ်လမ်းပေါ်၌ နေရာယူ၍ စူးစမ်းလေ့လာရေး လုပ်ငန်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အာထရာဆက် အာကာသရေဒီယိုတယ်လီစကုပ်ကို အစ္စရေး အာကာသအေဂျင်စီနှင့် ဝိုက်ဇ်မင်း သိပ္ပံအင်စတီကျုတို့က တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

KKO


## ထူးဆန်းသည့်နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

ထူးဆန်းသည့် နေအဖွဲ့အစည်း ပြင်ပ ဂြိုဟ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါ ဂြိုဟ်စနစ်တွင် ကြာသပတေးဂြိုဟ်၏အရွယ်အစားရှိသော ဓာတ်ငွေ့ဂြိုဟ်တစ်စင်းက ကြာသပတေးဂြိုဟ် အရွယ်အစားထက် လေးဆမျှသာပိုကြီးသော အလွန်သေးငယ်သည့် ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

TOI-5205 အမည်ရှိအဆိုပါ ကြယ်သည် ကြာသပတေးဂြိုဟ် အရွယ်ထက် လေးဆမျှသာကြီးမားရာ ၎င်းကြယ်အနီး၌ ကြာသပတေး ဂြိုဟ်အရွယ်အစားရှိ ဓာတ်ငွေ့ဂြိုဟ်ကြီးတစ်စင်းရှိနေမှုမှာ အံ့အားသင့်ဖွယ်ကောင်းနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



လက်ရှိ အများလက်ခံထားသော ဂြိုဟ်များဖွဲ့စည်းပေါ်ထွက်ပုံ သီအိုရီများအရ TOI-5205 ကြယ်အနီး၌ အရွယ်အစားကြီးမားသည့် ဓာတ်ငွေ့ဂြိုဟ်မျိုး ပေါ်ထွက်လာရန် အကြောင်းမရှိဟု အမေရိကန် သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်စနစ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ တက်စ်ဂြိုဟ်သစ်ရှာဖွေရေးဂြိုဟ်တု အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

TOI-5205 ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့်ဂြိုဟ်ကို TOI-5205b ဂြိုဟ်ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

KKO

## ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က လက်ရှိအချိန်ထိ လှုပ်ရှားမှုအရိပ်အယောင်မပြသေး

**ပေကျင်း ဖေဖော်ဝါရီ ၂၅**

တရုတ်နိုင်ငံ၏ ကျူရောင်း အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ်သည် လက်ရှိအချိန်ထိ လှုပ်ရှားမှုအရိပ်အယောင် မပြသေးကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

ကျူရောင်းအင်္ဂါဂြိုဟ် မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ဆောင်းရာသီကိုကျော်ဖြတ်နိုင်ရန် ၂၀၂၂ ခုနှစ် မေလက စနစ်များပိတ်၍ စတင်ဆောင်းခိုခဲ့သည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီ တာဝန်ရှိသူများ၏ တွက်ဆချက်အရ ၎င်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် နွေဦးရာသီဖြစ်သည့် ဒီဇင်ဘာလတွင် ပြန်လည်နိုးထလာရမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ အင်္ဂါဂြိုဟ် ကင်းထောက်အာကာသယာဉ်(MRO)က ရိုက်ကူးပေးခဲ့သော ဓာတ်ပုံများအရ ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်မှာ ဖေဖော်ဝါရီ ၈ ရက်ထိ လှုပ်ရှားမှု အရိပ်အယောင်မပြသေးကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏ အအေးဓာတ်အားကောင်းနေဆဲ ဖြစ်မှုကြောင့် ကျူရောင်းအင်္ဂါဂြိုဟ်မျက်နှာပြင်၏ စနစ်များ ပြန်ပွင့်မလာသေးခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

ကျူရောင်း အာကာသယာဉ် အနေဖြင့် စောင့်ဆိုင်းရာမှပြန်လည်နိုးထရေးအတွက် အပူချိန် ၅ ဒီဂရီဖယ်ရင်ဟိုက်ထိရှိနေရန်နှင့်စွမ်းအင်ကို အနည်းဆုံး ဝပ် ၁၄၀ ထိ ထုတ်နိုင်ရန်လိုအပ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

KKO

# HEALTH

## တစ်ဘဝလုံးလူပျိုများက အိမ်ထောင်ရှင်များထက် နှလုံးရပ်မှုကြောင့် သေဆုံးနိုင်ခြေပိုများနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

အိမ်ထောင်မပြုဘဲ တစ်ဘဝလုံး လူပျိုလူလွတ်အဖြစ်နေထိုင်သူများသည် အိမ်ထောင်ရှင်အမျိုးသားများနှင့်နှိုင်းယှဉ်ပါက နှလုံးရပ်မှုပြဿနာကြောင့် အသက်ဆုံးပါးနိုင်ခြေ ပိုများနိုင်ကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာချက်အရ တစ်ဘဝလုံး လူပျိုလူလွတ်အဖြစ်နေကြသူများသည် အိမ်ထောင်ရှင်အမျိုးသားများထက် ရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီး ငါးနှစ်အတွင်း နှလုံးရပ်ပြဿနာကြောင့် သေဆုံးနိုင်ခြေ ၂ ဒသမ ၂ ဆထိ မြင့်မားနေနိုင်ကြောင်း သိရသည်။

သို့ရာတွင် အမျိုးသမီးများတွင်မူ အိမ်ထောင်ပြုခြင်း၊ မပြုခြင်းနှင့် နှလုံးရပ်ပြဿနာကြောင့် အသက်ဆုံးပါးနိုင်ခြေတို့ကြား ဆက်စပ်မှုမရှိသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးရပ်လူနာများကို ကုသရာတွင် ဆေးပညာရှင်များအနေဖြင့် လူနာ၏ အိမ်ထောင်ရေးအခြေအနေကိုပါ ထည့်သွင်းစဉ်းစားပေးသင့်သည်ဟု အမေရိကန် သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၆၈၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နှလုံးကြွက်သားများအားနည်းမှုကြောင့် နှလုံးအနေဖြင့် ကိုယ်ခန္ဓာအနှံ့သို့ သွေးမပို့နိုင်တော့သည့်အချိန်တွင် နှလုံးရပ်မှုဖြစ်ပွားတတ်ကြောင်း သိရသည်။

KKO

## ဆားစားသုံးမှုနည်းပါးလွန်းပါက နှလုံးရပ်လူနာများ ကျန်းမာရေးအတွက် ပြဿနာရှိလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

ဆားစားသုံးမှု နည်းပါးလွန်းပါက နှလုံးရပ်ရောဂါလူနာများ၏ ကျန်းမာရေးအတွက် ပြဿနာရှိလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

သို့ရာတွင် အထက်ပါလေ့လာတွေ့ရှိချက်သည် ဆားစားသုံးမှုနှင့်ပတ်သက်၍ လက်ရှိလက်ခံထားသော အမြင်များနှင့်ကွဲပြားနေဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆေးပညာရှင်များသည် သွေးဖိအားကိုလျှော့ချရေးနှင့်နှလုံးရပ်ပြဿနာ၏ အတွေ့ရအများဆုံးလက္ခဏာများဖြစ်သည့် နှလုံးအတွင်း အရည်ကြည်များစုစည်းမှုနှင့် ရောင်ရမ်းမှုတို့ကို ရှောင်ရှားရေးတို့အတွက် ဆားလျှော့စားရန် လူနာများကိုအကြံပြုထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ခရိတ်ချ်တန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆေးပညာရှင်များက အကြံပြုထားသည့် ပမာဏထက် ဆားကိုလျှော့၍ စားသုံးလျှင် နှလုံးရပ်လူနာများအတွက် မည်သည့်ကျန်းမာရေးအကျိုးကျေးဇူးမျှ မရှိသည့်အပြင် အသက်ဆုံးပါးနိုင်ခြေပင် မြင့်မားနိုင်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် နှလုံးဖောက်လူနာ ၃၅၀၀ ခန့်ပါဝင်သောလေ့လာချက်ကိုးခုကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ရာ ဆေးပညာရှင်များ သတ်မှတ်ထားသည့် ဆားပမာဏထက်လျှော့၍စားသူများသည် သတ်မှတ်ချက်အတိုင်း စားသူများထက် အသက်ဆုံးပါးနိုင်ခြေ ၈၀ ရာခိုင်နှုန်း ပိုများဖွယ်ရှိကြောင်း တွေ့ရှိသည်။KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီက စထရာဘော့အသင်းကို ဝယ်ယူရန်ပြင်ဆင်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ချဲလ်ဆီးအသင်း ပိုင်ရှင် တော့ဘိုလီသည် ပြင်သစ်လီဂူးကလပ် စထရာဘော့အသင်းအား ဝယ်ယူရန် အသင်းဥက္ကဋ္ဌ မာ့ခ်ကယ်လာနှင့်ဆွေးနွေးမှုပြုလုပ်နေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

စထရာဘော့ အသင်းသည် ကစားသမားစုဖွဲ့မှု အားနည်းသော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီက ပြင်သစ်လီဂူးအမှတ်ပေးဇယားတွင် အဆင့် (၆) နေရာ၌ ရပ်တည်နိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းပိုင်ရှင်တော့ဘိုလီက ၎င်း၏အကျိုးတူပူးပေါင်းသူများနှင့် ပေါင်းစပ်ကာ ကလပ်အသင်း၏ ရှယ်ယာ ၁၀၀ ရာခိုင်နှုန်းဝယ်ယူနိုင်ရန် ကြိုးပမ်းနေပြီး အသင်းဥက္ကဋ္ဌ ကယ်လာနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း ပိုင်ရှင် တော့ဘိုလီအနေဖြင့် ပြင်သစ်ကလပ် စထရာဘော့အသင်းကို ဝယ်ယူကာ ချဲလ်ဆီးအသင်းမှ ကစားသမား အချို့ကို အငှားချ၍ အသင်း လူစာရင်းဖြည့်တင်းရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်နေသကဲ့သို့ လက်ရှိတွင်လည်း နယ်သာလန်ကလပ် ဗီတက်ဆီအသင်းနှင့် ပူးပေါင်းမှုများပြုလုပ်ကာ ခြေစွမ်းပြ ကစားသမားများကို ချဲလ်ဆီးအသင်းသို့ ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် အသင်းပိုင်ရှင်တော့ဘိုလီသည် ဂျာမန်ကလပ် အသင်းတစ်သင်းကို ထပ်မံဝယ်ယူရန် ချိတ်ဆက်မှုများ ပြုလုပ်နေကာ ရင်းနှီးမြှုပ်နှံမှုများ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

စထရာဘော့ အသင်းသည် အသင်းဘဏ္ဍာရေးအကျပ်အတည်းကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြကစားသမား ဖြည့်တင်းမှုများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိသဖြင့် အမှတ်ပေးပွဲ ၂၄ ပွဲကစားအပြီးတွင် လေးပွဲနိုင်၊ ကိုးပွဲသရေ၊ ၁၁ ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၅) တွင် ရောက်ရှိနေပြီး တန်းဆင်းဇုန်မှ ထရွိုင်းယက်အသင်းနှင့် ရမှတ် နှစ်မှတ်သာ ကွာဟနေသောကြောင့် တန်းဆင်းဇုန် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ ML



# အက်ဖ်အေက အာဆင်နယ်နှင့် မန်စီးတီးအသင်းတို့ကို စတာလင်ပေါင် ၁၄၀၀၀၀ ဒဏ်ငွေချမှတ်



**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်က အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ကစားခဲ့သည့် ပရီးမီးယားလိဂ် ပွဲကျန်တွင် မန်စီးတီးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း အဆိုပါပွဲစဉ်တွင် ကစားသမားများကို ထိန်းသိမ်းရန် အားနည်းခဲ့မှုကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ကလပ်အသင်းနှစ်ခုကို ဒဏ်ငွေစတာလင်ပေါင် ၁၄၀၀၀၀ ပြစ်ဒဏ်ချမှတ်ခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်း ကစားသမားများအနေဖြင့် ပွဲကစားချိန် ၅၆ မိနစ်အရောက်တွင် ကွင်းလယ်ဒိုင် တေလာကို စောဒကတက်မှုများ ပြုလုပ်ခဲ့မှုကြောင့် ဒဏ်ငွေစတာလင်ပေါင် ၆၅၀၀၀ ချမှတ်ခဲ့သကဲ့သို့ မန်စီးတီးအသင်း ကစားသမားများအနေဖြင့် ပွဲကစားချိန် ၄၂ မိနစ်နှင့် ပွဲကစားချိန် ၆၄ မိနစ်တို့တွင် ကွင်းလယ်ဒိုင်ကို စောဒကတက်မှုများ ပြုလုပ်ခဲ့မှုကြောင့် စတာလင်ပေါင် ၇၅၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ကလပ်အသင်းနှစ်ခုအနေဖြင့် စုစုပေါင်း ဒဏ်ငွေစတာလင်ပေါင် ၁၄၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။

အက်ဖ်အေက "အာဆင်နယ်နဲ့ မန်စီးတီးအသင်းတို့အနေနဲ့ဖေဖော်ဝါရီ ၁၅ ရက် ကစားခဲ့တဲ့ပွဲစဉ်မှာ ကွင်းလယ်ဒိုင်ရဲ့ ဆုံးဖြတ်ချက်ကို အကြိမ်ကြိမ် ဆန့်ကျင်မှုတွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးက ကလပ်အသင်း နှစ်ခုလုံးကို စွဲချက်တင်စစ်ဆေးခဲ့ပြီး ပြစ်ဒဏ်ချမှတ်ခဲ့တာပါ။ အဲဒီပွဲစဉ်မှာဆိုရင် နှစ်ဖက်အသင်း ပရိသတ်တွေကလဲ မီးရှူးမီးပန်း ပစ်ဖောက်မှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ ဒီလိုဖြစ်စဉ်တွေ ထပ်မဖြစ်အောင်အဖွဲ့ချုပ်အနေနဲ့ အခုလို အရေးယူမှုတွေ ပြုလုပ်နေရတာပါ" ဟု ပြောကြားခဲ့သည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီ ၉ ရက်က ကစားခဲ့သည့် အောက်ဖို့ဒ်အသင်းနှင့် အက်ဖ်အေဖလားပွဲစဉ်တွင်လည်း ကစားသမားအနေဖြင့် ကွင်းလယ်ဒိုင်ကို ဝိုင်းဝန်းဖိအားပေးမှုများ ပြုလုပ်ခဲ့သောကြောင့် ဒဏ်ငွေ စတာလင်ပေါင် ၂၀၀၀၀ ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်း သိရသည်။ ML

# ခံစစ်ကစားသမား မာဆယ်လို ကစားသမားဘဝစတင်ခဲ့သည့် ဘရာဇီးကလပ် ဖလူမီနန်စီအသင်းသို့ ပြောင်းရွှေ့

**ဘရာဇီးလ်းယား ဖေဖော်ဝါရီ ၂၅**

ရီးရဲလ်မက်ဒရစ် ကစားသမားဟောင်း မာဆယ်လိုသည် ဂရိကလပ် အိုလံပီယာကို့စ်အသင်းမှ ထွက်ခွာခဲ့ပြီးနောက် ၎င်း၏ကစားသမားဘဝ စတင်ခဲ့သည့် ဘရာဇီးကလပ် ဖလူမီနန်စီအသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား မာဆယ်လိုသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ဂရိကလပ် အိုလံပီယာကို့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၀ ပွဲပါဝင်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုး သွင်းယူနိုင်ခဲ့သော်လည်း အသင်းနှင့် နှစ်ဖက်သဘောတူလမ်းခွဲခဲ့ပြီးနောက် ကစားသမားဘဝစတင်ခဲ့သည့် ဘရာဇီးကလပ် ဖလူမီနန်စီအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်ရှိ ခံစစ်ကစားသမား မာဆယ်လိုသည်အသင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခဲ့သော်လည်း အပြောင်းအရွှေ့နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

မာဆယ်လိုသည် ၂၀၀၅ ခုနှစ်က ဖလူမီနန်စီအသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီးနောက် အသင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ၂၀၀၇ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ၁၅ နှစ်ကျော်ကစားခဲ့ရာတွင် လာလီဂါချန်ပီယံဆု ခြောက်ကြိမ်၊ ချန်ပီယံလိဂ်ဖလား ငါးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား နှစ်ကြိမ်၊ စူပါဖလားငါးကြိမ်၊ ယူအီးအက်ဖ်အေစူပါကပ်သုံးကြိမ်နှင့် ကမ္ဘာ့ကလပ်ချန်ပီယံဖလား သုံးကြိမ်တို့ ဆွတ်ခူးနိုင်ခဲ့သော်လည်းပြီးခဲ့သည့်နှစ်ဘောလုံးရာသီစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် အိုလံပီယာကို့စ် အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML

| ပရီးမီးယားလိဂ် ပွဲစဉ် (၂၅) ရလဒ် | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ - ၂ | အေဗီလာ | | |
| လိဒ် | ၁ - ၀ | ဆောက်သမ်တန် | | |
| လက်စတာ | ၀ - ၁ | အာဆင်နယ် | | |
| ဝက်စ်ဟမ်း | ၄ - ၀ | နော်တင်ဟမ် | (၀၄၀) | |

## အားကစားသတင်း အတိုအထွာများ

- လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားအင်အားဖြည့်တင်းမှုများ ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လီဗာပူးအသင်းနည်းပြကလော့ပ်က ထုတ်ဖော်ပြောကြားခဲ့သည်။
- နည်းပြကွန်တီအနေဖြင့် ကျန်းမာရေးအခြေအနေကောင်းမွန်လာမှုကြောင့် အသင်းနှင့် ပြန်လည်ပူးပေါင်းမည်ဖြစ်သော်လည်း လာမည့်ချဲလ်ဆီးအသင်းနှင့်ပွဲစဉ်ကို လက်ထောက်နည်းပြ စတယ်လီနီကသာ တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက အမ်ဘက်ပီ၏နေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ဗင်နီစီးယက်စ်နှင့်အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။ ML

# ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ယာယီနည်းပြဆဲလ်လက်ကို ခန့်အပ်ကြောင်း ကြေညာ

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

ဆောက်သမ်တန် အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ယာယီနည်းပြအဖြစ်ခန့်အပ်ထားသည့် နည်းပြဆဲလ်လက်ကိုသာ အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။


အသက် ၃၉ နှစ်ရှိ နည်းပြဆဲလ်လက်သည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က နည်းပြဟောင်း ဟက်ဆန်ဟတ် လက်ထက်က လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နည်းပြဟက်ဆန်ဟတ်အသင်းမှ ထုတ်ပယ်ခံခဲ့ရချိန်တွင်လည်း နည်းပြသစ်နသန်ဂျုံးလက်အောက်တွင် နည်းပြအဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ယူထမ်းဆောင်ခဲ့သူဖြစ်သည်။


ယခုနှစ် ဘောလုံးရာသီတွင် ဆောက်သမ်တန် အသင်းသည် နည်းပြ နသန်ဂျုံးလက်အောက်တွင်လည်း ရလဒ်များဆက်တိုက်ဆိုးရွားနေခဲ့သည့်အတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၁ ရက်က ကစားခဲ့သည့် ဆောက်သမ်တန်အသင်းက ဝုဗ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် နည်းပြနသန်ဂျုံးကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ယာယီနည်းပြအဖြစ် နည်းပြ ဆဲလ်လက်ကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဆဲလ်လက်သည် အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့် ပထမဆုံးပွဲစဉ်တွင်ပင် ချဲလ်ဆီးအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အတွက် ဆောက်သမ်တန်အသင်းက ယခုနှစ် ဘောလုံးရာသီအကုန်ထိ ကာလတိုစာချုပ်ဖြင့် နည်းပြဆဲလ်လက်ကိုခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီအကုန်မှသာ နည်းပြသစ်အတွက် ဆက်လက် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ STA



# WBA (Regular) လိုက်ဝိတ်တန်းချန်ပီယံ ဂါဗွန်တာက WBC လိုက်ဝိတ်တန်းယာယီချန်ပီယံ ဂါစီယာနှင့် ထိုးသတ်သွားမည်





**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

လိုက်ဝိတ်တန်း စိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် WBA (Regular) လိုက်ဝိတ်တန်းချန်ပီယံ ဂါဗွန်တာနှင့် WBC လိုက်ဝိတ်တန်းယာယီချန်ပီယံ ဂါစီယာတို့ ဧပြီ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ထိုးသတ်မည်ဖြစ်ကြောင်း Ring TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် လက်ဝှေ့သမား ဂါစီယာဖြင့်ထိုးသတ်သွားမည့်ပွဲစဉ်နှင့်ပတ်သက်ပြီး တစ်နိုင်ငံတည်းသား ကစားသမားပင်ဖြစ်သည့် ဂါဗွန်တာက ထိုးသတ်မည့် နေရာနှင့်အချိန်၊ ရက်စွဲကို ၎င်းကိုယ်တိုင် မီဒီယာသို့ ချပြသွားခဲ့ခြင်းဖြစ်သည်။

ဂါဗွန်တာနှင့်ဂါစီယာတို့ ထိုးသတ်မည့် စိန်ခေါ်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်မှာ အချိန်ကာလတစ်ခုထိ ကြာမြင့်ခဲ့ပြီး ထိုးသတ်ကြေး ညှိနှိုင်းမရသည့်အတွက် ဆွေးနွေးချိန်ကြာမြင့်သွားခဲ့ရခြင်းဖြစ်သည်။

နှစ်ဦးစလုံးမှာ ရှုံးပွဲ မရှိသေးသလို ချန်ပီယံခါးပတ် ကိုယ်စီပိုင်ဆိုင်ထားသည့်အတွက် ထိုးသတ်ကြေးခွဲဝေမှုနှင့် ပတ်သက်ပြီး အကြိမ်ကြိမ်ဆွေးနွေးမှု ပြုလုပ်ခဲ့ရသည်။

ဂါဗွန်တာသည် မကြာသေးမီကလည်း ယာဉ်တိုက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်တွင် ရာဇဝတ်မှု လေးမှုဖြင့် အမှုရင်ဆိုင်နေရကာ မေလတွင် အမှုနှင့်ပတ်သက်သည့် စီရင်ချက် ချမှတ်ခံရမည်ဖြစ်သည်။

ဂါဗွန်တာက "ဂါစီယာနဲ့ထိုးသတ်သွားဖို့ ဆွေးနွေးမှုအကြာကြီးလုပ်ခဲ့ရတယ်။ အခုတော့ အားလုံးအဆင်ပြေသွားပြီ။ လာမဲ့ ဧပြီ ၂၂ ရက် လက်ဗီးဂတ်စ်မှာ ဆုံကြမယ်။ ဂါစီယာအနေနဲ့ အဆင်သင့်ဖြစ်မယ်လို့မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။

ဂါစီယာက "ဆွေးနွေးမှုတွေ ပြီးဆုံးသွားပြီ။ ဒီစိန်ခေါ်ပွဲဟာ နှစ်ယောက်စလုံးရဲ့ လက်ဝှေ့သမားဘဝအတွက် အခက်ခဲဆုံးစိန်ခေါ်ပွဲ ဖြစ်လာလိမ့်မယ်။ အဲဒီအတွက် ကျွန်တော့်ဘက်ကတော့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ လေ့ကျင့်ချိန်လဲရသေးတဲ့အတွက် ကြံ့ခိုင်မှုပိုင်းနဲ့ စွမ်းဆောင်ရည်ပိုင်း ပိုပြီးတိုးတက်လာဖို့ ပြင်းပြင်းထန်ထန်လေ့ကျင့်သွားမယ်။ ဒီစိန်ခေါ်ပွဲမှာ ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။ AZL

# Rio Open ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမားအယ်ကာရက်ဇ် တက်ရောက်

**ရီယို ဖေဖော်ဝါရီ ၂၅**

ဘရာဇီးနိုင်ငံ ရီယိုမြို့တွင် ကျင်းပနေသည့် Rio Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ်ဆားဘီးယားတင်းနစ်ကစားသမား လာဂျိုဗစ်နှင့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်ဟု First Post သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၁၉ နှစ်ရှိ ကမ္ဘာ့အဆင့် (၂) တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် အသက် ၃၂ နှစ်ရှိ လာဂျိုဗစ်နှင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် သုံးကြိမ်တိုင်တိုင် ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး သုံးကြိမ်စလုံး၌ အယ်ကာရက်ဇ်က အနိုင်ရရှိခဲ့သည်။

အယ်ကာရက်ဇ်သည် ကမ္ဘာ့အဆင့် (၁) နေရာအား ပြန်လည်ရယူနိုင်ရေးအတွက် Rio Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေပြီး ကွာတားဖိုင်နယ်အဆင့် ပြီးဆုံးသည်ထိ ချန်ပီယံလက်စွမ်းမျိုးကို ပြသထားနိုင်ခဲ့သည်။

အယ်ကာရက်ဇ်က "လာဂျိုဗစ်နဲ့ပွဲစဉ်ဟာကစားရတော်တော်လေးခက်ခဲခဲ့ပါတယ်။ ကစားဟန်တချို့ကိုလဲ ပြောင်းလိုက်ရတဲ့အတွက် ကျွန်တော့်အတွက် စိတ်ရှုပ်စရာကောင်းတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ခဲ့တယ်။ လာဂျိုဗစ်ဟာ ပုံမှန်ရိုက်ချက်တွေသာမက လက်ပြန်ရိုက်ချက်ပိုင်း အားသာတဲ့အတွက် သူ့အားသာချက်ကိုအသုံးမပြုနိုင်အောင် စဉ်းစားပြီး ကစားပုံပြောင်းခဲ့ရတယ်။ အထူးသဖြင့် ဒုတိယပွဲငယ်မှာ ကစားရပိုခက်ခဲခဲ့တယ်။ ရင်ဆိုင်ခဲ့ရတဲ့ပြဿနာကို အကောင်းဆုံး ဖြေရှင်းနိုင်ခဲ့ပါတယ်။ ခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲကို ကျော်ဖြတ်နိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# လုပ်ခလစာစတာလင်ပေါင် ၅၀၀၀၀၀ တိုးယူခဲ့သည့် ဥက္ကဋ္ဌလီဗိုင်းကို စပါးအသင်းပရိသတ်များ ပြစ်တင်ဝေဖန်

**လန်ဒန် ဖေဖော်ဝါရီ ၂၅**

စပါးအသင်း ပရိသတ်များက လုပ်ခလစာ စတာလင်ပေါင် ၅၀၀၀၀၀ တိုးမြှင့်ယူခဲ့သည့် စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းကို ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပါးအသင်းဥက္ကဋ္ဌ လီဗိုင်းသည် ယခင်က တစ်နှစ်လုပ်ခစတာလင်ပေါင် ၂ ဒသမ ၆၉၈ သန်းရရှိနေသူဖြစ်ပြီး ယခုအခါ တစ်နှစ်လုပ်ခစတာလင်ပေါင် ၃ ဒသမ၂၆၅ သန်းထိ ကိုယ့်ကိုယ်ကိုယ်လုပ်ခလစာ တိုးမြှင့်ခဲ့သည့်အတွက် စပါးအသင်း ပရိသတ်များက ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

စပါးအသင်းသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလ နှစ်ခုတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ပြီး ကစားသမား ခေါ်ယူအင်အားဖြည့်တင်းခဲ့ခြင်း မရှိသည့်အတွက် အသင်းပရိသတ်များက လီဗိုင်းကို အသင်းဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးရန်အတွက် တောင်းဆိုခဲ့ကြပြီး ယခုအခါ ကိုယ့်ကိုယ်ကိုယ်လုပ်ခလစာတိုးမြှင့်ခဲ့သောကြောင့် ပိုမိုပေါက်ကွဲခဲ့ကြပြီး ပြင်းပြင်းထန်ထန်ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် လီဗိုင်းက အသင်းအားကစားဒါရိုက်တာအဖွဲ့ဝင်လေးဦးကိုလည်း လုပ်လစာများတိုးမြှင့်ခဲ့ပြီး ယခင်က ဒါရိုက်တာအဖွဲ့ဝင် ခုနစ်ဦးအနေဖြင့် တစ်နှစ်လုပ်ခစတာလင်ပေါင် လေးသန်းသာရရှိခဲ့သော်လည်း ယခုအခါ စတာလင်ပေါင် ၆ ဒသမ ၇၇၃ သန်း ရရှိမည်ဖြစ်သည်။



ထို့ပြင် လီဗိုင်းသည် ၂၀၁၉ ခုနှစ်က စပါးအသင်းအိမ်ကွင်းသစ်တည်ဆောက်စဉ်ကလည်း ၎င်းအတွက် အပိုဆုကြေးအဖြစ် စတာလင်ပေါင် ခုနစ်သန်းထိရယူခဲ့ပြီး ယခုအခါတွင်လည်း လုပ်ခလစာပါတိုးမြှင့်ခဲ့သည့်အတွက် အသင်းပရိသတ်များက ၎င်းကို အသင်းဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပေးရန် ပိုမိုတောင်းဆိုမှုများပြုလုပ်လျက်ရှိနေကြောင်း သိရသည်။ STA

# အင်တာမီယာမီအသင်းပိုင်ရှင် ဒေးဗစ်ဘက်ခမ်းက မက်ဆီနှင့် ဘက်စ်ကွက်တို့ကို ခေါ်ယူရန်ကြိုးပမ်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန် မေဂျာလိဂ်ပြိုင်ပွဲဝင် အင်တာမီယာမီအသင်းပိုင်ရှင် ဒေးဗစ်ဘက်ခမ်းက ယခုနှစ်ဘောလုံးရာသီတွင် သက်ဆိုင်ရာကလပ်အသင်းများနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် မက်ဆီနှင့် ဘက်စ်ကွက်တို့ကို အသင်းထံခေါ်ယူရန်ကြိုးပမ်းသွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်း အဓိကတိုက်စစ်ကစားသမား မက်ဆီနှင့် ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဘက်စ်ကွက်တို့သည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် သက်ဆိုင်ရာကလပ်အသင်းများနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အင်တာမီယာမီအသင်းက ဥရောပထိပ်တန်းအသင်းကြီးများနှင့် အပြိုင်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

ဒေးဗစ်ဘက်ခမ်းက ၎င်းတည်ထောင်ထားသည့် အသင်းကို ဥရောပထိပ်တန်း ကစားသမားခေါ်ယူပြီး အသင်းပုံရိပ်ကို မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိနေကာ မက်ဆီကို ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ မပြောင်းရွှေ့မီကတည်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ဖူးသည်။

မက်ဆီကို ပီအက်စ်ဂျီအသင်းက လက်မလွှတ်လိုသည့်အတွက် ယခုနှစ်ဘောလုံးရာသီအစပိုင်းကတည်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ကြိုးပမ်းနေသော်လည်း လက်ရှိအချိန်ထိ ချုပ်ဆိုနိုင်ခြင်းမရှိဘဲ ကြန့်ကြာနေသကဲ့သို့ ဘက်စ်ကွက်သည်လည်း အစောပိုင်းကတည်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် လမ်းခွဲဖွယ်ရှိနေသည်ဟု ပြောကြားထားသည့်အတွက် ဘက်ခမ်းကိုယ်တိုင်က ၎င်းတို့နှစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

STA

# The Honda Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျက်စတင်ဆူ ဦးဆောင်

**ဖလော်ရီဒါ ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် The Honda Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဂျက်စတင်ဆူကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း The Globe and Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား တစ်ဦးပင်ဖြစ်သည့် ခရစ်ကစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား တေလာနှင့် အမေရိကန်ဂေါက်သီးရိုက်ကစားသမားဂျာရက်တို့ကစုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ခရစ်ကစ်က "လေတိုက်နှုန်းမြင့်တက်လာရင် အယူအဆတစ်မျိုး၊ လေငြိမ်နေရင် အယူအဆတစ်မျိုးနဲ့ ရိုက်ရတယ်။ ဒုတိယနေ့မှာလေတိုက်နှုန်းပြင်းထန်တဲ့ အခြေအနေဖြစ်ပေါ်ခဲ့တယ်။ ဒီလိုအခြေအနေမျိုးမှာ သင့်တော်တဲ့အယူအဆတွေနဲ့ မရိုက်နိုင်ခဲ့ဘူး။ ဒုတိယနေ့မှာ ကစားရ ပိုခက်ခဲခဲ့တယ်ဆိုပေမဲ့လဲ ဒီထက်ပိုကောင်းတဲ့ ရလဒ်မျိုးရခဲ့သင့်ပါတယ်။ ဒုတိယနေ့မှာ ကစားရတာခက်ခဲလွန်းလို့ အသက်ရှူတောင်မဝဘူးဖြစ်ခဲ့တယ်။လေ့ကျင့်မှုတွေ ဒီထက်ပိုပြီးတော့လုပ်သင့်တယ်လို့လဲခံစားမိတယ်။ ဒါပေမဲ့လဲ လက်ရှိရပ်တည်ခွင့် ရနေတဲ့နေရာကိုလဲ အားရကျေနပ်မိပါတယ်" ဟု ပြောကြားခဲ့သည်။

ဂျက်စတင်ဆူက "ကျွန်တော့်အနေနဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်ရောက်နေပြီလို့ ထင်တယ်။ တစ်ရက်ထက်တစ်ရက် တစ်ပတ်ထက်တစ်ပတ် စွမ်းဆောင်ရည်တွေတိုးတက်လာတယ်။ ဒီထက်ပိုပြီးတော့တိုးတက်လာအောင်လေ့ကျင့်မှုတွေ ပြုလုပ်သွားမယ်။ တတိယနေ့မှာလဲ ပုံစံကောင်းကိုထိန်းသိမ်းနိုင်လိမ့်မယ်လို့ ယုံကြည်တယ်"ဟု ပြောကြားခဲ့သည်။ AZL

### ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၀ | - | ၂ | ဝုဖ်ဘတ် |
| ဟာသာဘာလင် | ၂ | - | ၀ | အော့စ်ဘတ် |
| ဟော်ဖန်ဟိမ်း | ၀ | - | ၁ | ဒေါ့မွန် |
| လိုက်ပ်ဇစ် | ၂ | - | ၁ | ဖရန့်ဖတ် |
| ဝါဒါဘရီမင် | ၃ | - | ၀ | ဘိုချန် |

(၀၄၀)

# Hwasong-15 ICBM ပစ်ခတ်ပြသလိုက်သော မြောက်ကိုရီးယား



မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် Hwasong-15 အမျိုးအစား တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (ICBM) စမ်းသပ်ပစ်ခတ်ပြသခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာဖြစ်သည့် ကိုရီးယားဗဟိုသတင်းအေဂျင်စီ (KCNA) က ထုတ်ပြန်ခဲ့ကြောင်းနှင့် ၎င်းဒုံးကျည်သည် အမြင့်ပေ ၅၇၆၈ ကီလိုမီတာမှ အကွာအဝေး ၉၈၉ ကီလိုမီတာထိ ရောက်ရှိသည်ဟုဆိုသည်။ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုပြီး တစ်ရက်အကြာတွင် ICBM စမ်းသပ်ပစ်ခတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင်ပြုလုပ်ခဲ့သော စမ်းသပ်ပစ်ခတ်မှုကို ကြိုတင်စီစဉ်ထားခြင်းမရှိသော်လည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ လက်မှတ်ရေးထိုးထားသော အမိန့်စာတစ်စောင်အရ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း KCNA က ထုတ်ပြန်သွားသည်။ ယခင်နှစ်က တာတိုပစ်ပဲ့ထိန်းဒုံးကျည် (SR-BMs) များ စမ်းသပ်ပစ်ခတ်စဉ် မြောက်ကိုရီးယားနိုင်ငံသည် စမ်းသပ်ပစ်ခတ်ခဲ့သောဒုံးကျည်များအကြောင်းကို အသေးစိတ်ဖော်ပြခဲ့ခြင်းမရှိပေ။ မည်သို့ပင်ဆိုစေ အမေရိကန်နှင့် တောင်ကိုရီးယားကို ထိပ်တိုက်ရင်ဆိုင်နိုင်မည့် အဆင့်မြင့်တာဝေးပစ်ဒုံးကျည်များ၏ စွမ်းဆောင်ရည်များကိုပြသရန်အတွက် မြောက်ကိုရီးယားနိုင်ငံသည် Hwasong-15 လုပ်ငန်းလုပ်ဆောင်ချက်နှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို စမ်းသပ်မှုနောက်ခံရှုခင်းနှင့်တကွ ဖော်ပြခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ရေးဆိုင်ရာခြိမ်းခြောက်မှုများကြားတွင် ICBM စမ်းသပ်ပစ်ခတ်သည့် စစ်ရေးလေ့ကျင့်မှုလုပ်ဆောင်ခြင်းသည် ကိုရီးယားကျွန်းဆွယ်၌ အခြေအနေပိုမိုတင်းမာလာမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိကြောင်း၊ မြောက်ကိုရီးယား မဟာဗျူဟာမြောက်နျူကလီးယားတပ်ဖွဲ့၏ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရန်လိုသောတပ်ဖွဲ့များကို နျူကလီးယားစွမ်းဆောင်ရည်ဖြင့် ပြန်လည်တိုက်ခိုက်နိုင်စွမ်းရှိသောစွမ်းဆောင်ရည်ရရှိလာပြီဖြစ်ကြောင်းနှင့် နျူကလီးယား ဟန့်တားနိုင်မှုစွမ်းဆောင်ရည်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြောင်းကို ပြတ်ပြတ်သားသား သက်သေပြသနိုင်ပြီဖြစ်ကြောင်း KCNA က ထုတ်ပြန်ပြောကြားသွားသည်။

Hwasong-15 စမ်းသပ်ပစ်ခတ်ပြီးနောက် တစ်ရက်အကြာတွင် ကင်ဂျုံအန်၏ညီမအရင်းဖြစ်သူ ကင်ယိုဂျွန်ကလည်း ထုတ်ပြန်ချက်တစ်ရပ် ထပ်မံထုတ်ပြန်ခဲ့သည်။ ၎င်းသည် လုပ်ပိုင်ခွင့်အာဏာအပြည့်အဝရှိပြီး ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးတွင်လည်း အရေးပါသူတစ်ဦးဖြစ်သည်။ ကင်ယိုဂျွန်က အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် ရန်လိုသည့်ပြောဆိုမှုများ ရပ်တန့်သင့်ပြီဖြစ်ကြောင်း၊ စေ့စပ်ဆွေးနွေးညှိနှိုင်းရေးအတွက် မိုက်ရူးရဲဆန်သောလမ်းကြောင်းကို စွန့်လွှတ်သင့်ပြီဖြစ်ကြောင်း၊ တိုင်းပြည်လုံခြုံရေးကိုခြိမ်းခြောက်မှုနှင့် မြောက်ကိုရီးယား၏ ဂုဏ်သိက္ခာကိုမှေးမှိန်စေမည့် လုပ်ရပ်များကို ရပ်တန့်သင့်ပြီဖြစ်ကြောင်း၊ အမေရိကန်၏အနာဂတ်လုံခြုံရေးအတွက် နှစ်ခါပြန် တွေးခေါ်သွားသင့်ကြောင်း အကြံပြုပြောကြားသွားသည်။

ကင်ယိုဂျွန်က တောင်ကိုရီးယား-အမေရိကန် စစ်ရေးလေ့ကျင့်မှုများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်နေကြောင်း၊ မြောက်ကိုရီးယား၏ ICBMs သည် တောင်ကိုရီးယားကိုသာ ရည်ရွယ်ခြင်းမဟုတ်ကြောင်းပြောဆိုကာ အမေရိကန်ကိုလည်း ခြိမ်းခြောက်သတိပေးခဲ့သည်။ ဖေဖော်ဝါရီ ၂၀ ရက်တွင်ထုတ်ပြန်ခဲ့သောကြေညာချက်၌ ပစိဖိတ်သမုဒ္ဒရာအတွင်း စမ်းသပ်ပစ်ခတ်နေသော ဒုံးကျည်များ၏ ရောက်ရှိမှုအကွာအဝေးသည် အမေရိကန်တပ်ဖွဲ့များ၏ပြုမူမှုများအပေါ် မူတည်နေမည်ဖြစ်ကြောင်း ကင်ယိုဂျွန်က ထပ်လောင်းပြောဆိုထားသည်။

ကင်ယိုဂျွန်၏ထုတ်ပြန်ချက်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် KCNA က ထုတ်ဝေခဲ့ပြီးနောက် တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံး (JCS) ကလည်း တောင်ကိုရီးယားနှင့် အမေရိကန်စစ်တပ်တို့သည် မြောက်ကိုရီးယား၏ Hwasong-15 ICBM ပစ်ခတ်မှုကြောင့် ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ကမ်းခြေ၌ ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ JCS ၏ အဆိုအရ အမေရိကန်၏ USB-1B Lancer မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်နှင့် F-16 လေယာဉ်များအပြင် တောင်ကိုရီးယား၏ F-35 နှင့် F-15 K တို့ အပါအဝင် လေယာဉ်တစ်ဒါဇင်ခန့်သည် စစ်ရေးလေ့ကျင့်မှုများတွင် ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့သည်ဟုဆိုသည်။

တောင်ကိုရီးယားနှင့်အမေရိကန်တို့သည် စစ်ရေးလေ့ကျင့်မှုများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုထားသည့်အတိုင်း နှစ်နိုင်ငံစလုံးသည် ဒေသတွင်း၌ အမေရိကန်၏ ဟန့်တားနိုင်မှုစွမ်းရည်တိုးချဲ့လာမှုကို သက်သေပြသနိုင်ရန် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ချက်ချင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယား JCS ၏အဆိုအရ မြောက်ကိုရီးယားနိုင်ငံသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီနှင့် ၇ နာရီ ၁၁ မိနစ်ကြားတွင် ၎င်း၏အရှေ့ဘက် ရေပိုင်နက်များအတွင်းသို့ တာတိုပစ်ပဲ့ထိန်းဒုံးကျည် (SRBM) နှစ်စင်း ထပ်မံပစ်ခတ်ခဲ့သည်ဟုဆိုသည်။ SRBM နှစ်စင်းကို ၆၀၀ မီလီမီတာရှိ ဘက်စုံသုံး ရော့ကတ်လောင်ချာများဖြင့် စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒုံးကျည်များသည် ၃၉၅ ကီလိုမီတာနှင့် ၃၃၇ ကီလိုမီတာထိ အသီးသီးရောက်ရှိကာ ပစ်မှတ်များကို ထိမှန်ခဲ့သည်ဟုဆိုသည်။

ပစ်ခတ်စဉ်တွင်ပါဝင်သော ၆၀၀ မီလီမီတာရှိ ဘက်စုံသုံး ရော့ကတ်လောင်ချာသည် ကိုရီးယားပြည်သူ့တပ်မတော် (KPA)၏ ဘက်စုံသုံး တိကျပဲ့ထိန်းတိုက်ခိုက်ရေး လက်နက်စနစ်ပင်ဖြစ်ကြောင်း၊ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်ဖြစ်ပြီး ကျည်ဆန်လေးခုတပ်ဆင်နိုင်သော ဘက်စုံသုံး ရော့ကတ်လောင်ချာသည် ရန်သူ၏လုပ်ငန်းလည်ပတ်နေသော လေယာဉ်ကွင်းကို ဖျက်ဆီးနိုင်သည်ထိ စွမ်းအားမြှင့်တင်ပေးနိုင်စွမ်းရှိကြောင်း KCNA က ပြောကြားသွားသည်။

စမ်းသပ်ထားသောဒုံးကျည်များနှင့် KCNA ၏ အစီရင်ခံမှုများအရ ၎င်းဒုံးကျည်များသည် တောင်ကိုရီးယားနှင့် အမေရိကန်စစ်စခန်းများကို ရည်ရွယ်ထားဖွယ်ရာရှိသည်။ ဆိုလိုသည်မှာ ဖေဖော်ဝါရီ ၁၉ ရက်တွင်ပြုလုပ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုများအတွက် တောင်ကိုရီးယားနှင့်အမေရိကန် တိုက်လေယာဉ်များပျံတက်မည့် လေတပ်အခြေစိုက်စခန်းများကို ရည်ရွယ်ထားဖွယ်ရာရှိသည်။

ဖေဖော်ဝါရီ ၁၈ ရက်တွင်ပြုလုပ်ခဲ့သည့် ဘက်စုံသုံးရော့ကတ်လောင်ချာများပါဝင်သည့် ပစ်ခတ်စဉ်လေ့ကျင့်မှု၏ နည်းဗျူဟာမြောက် နျူကလီးယားတိုက်ခိုက်မှုသည် KPA အနေဖြင့် ၎င်း၏အပြည့်အဝ ဟန့်တားနိုင်စွမ်းကို သရုပ်ပြသခဲ့ခြင်းဖြစ်ကြောင်းနှင့် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲလေတပ်လေ့ကျင့်မှုကိုလည်း တုံ့ပြန်နိုင်စွမ်းရှိကြောင်း KCNA က ပြောကြားသွားသည်။

တောင်ကိုရီးယား JCS ရုံးသည် မြောက်ကိုရီးယား၏ ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ရန်စမှုအဖြစ်ခေါ်ဆိုခဲ့ပြီး အပြင်းအထန်ရှုတ်ချခဲ့သည့်အပြင် ဒုံးကျည်ပစ်ခတ်မှုများ ချက်ချင်းရပ်တန့်ပေးရန်လည်း မြောက်ကိုရီးယားကို တိုက်တွန်းခဲ့သည်။ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသည် မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးကျည်သုတေသန တည်ဆောက်မှုတွင် ပါဝင်ပတ်သက်သော လူပုဂ္ဂိုလ်လေးဦးနှင့် အဖွဲ့အစည်းငါးခုကို စီးပွားရေးပိတ်ဆို့မှုချမှတ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယွန်းဆွတ်ယိုး သမ္မတတာဝန်ထမ်းဆောင်ချိန်မှစ၍ မြောက်ကိုရီးယားနိုင်ငံအပေါ် စတုတ္ထအကြိမ်မြောက် စီးပွားရေးပိတ်ဆို့မှု ချမှတ်ခြင်းပင်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် တရားမဝင်ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် ဖေဖော်ဝါရီ ၁၀ ရက်တွင် မြောက်ကိုရီးယားနိုင်ငံကို တစ်ဖက်သတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သေးသည်။

မည်သို့ပင်ဆိုစေ တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် တစ်ရက်ကြာစားပွဲတင်လေ့ကျင့်မှု၊ Freedom Shield လေ့ကျင့်မှု၊ ၁၁ ရက်ကြာခွေဦးပေါက်ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ အပါအဝင် လာမည့်သီတင်းပတ်များအတွင်း ပူးတွဲစစ်ရေးလေ့ကျင့်မှု များစွာပြုလုပ်သွားမည်ဖြစ်သည်။ ကိုရီးယားနှစ်နိုင်ငံကြား ပါးကိုက်လို့နားကိုက်သည့် လုပ်ရပ်များသည် ဆက်လက်ဖြစ်ပေါ်နေဖွယ်ရာရှိပြီး အဆိုပါလုပ်ရပ်များသည် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများကိုသာ ပိုမိုဖြစ်ပေါ်လာစေနိုင်ပေသည်။

မြောက်ကိုရီးယားက ထုတ်လုပ်ထားသော ICBM များအနေဖြင့် ကျည်ထိပ်ဖူးမျိုးစုံ သယ်ဆောင်နိုင်စွမ်းရှိမည်ဆိုလျှင် အမေရိကန်၏ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်သည် မြောက်ကိုရီးယား၏ ICBM များကို ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိမည် မဟုတ်ကြောင်း ပြင်ပကျွမ်းကျင်ပညာရှင်များက ကောက်ချက်ချ ပြောဆိုထားရှိသည်။ ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက်သည် တောင်ကိုရီးယားနိုင်ငံကို စိုးရိမ်ပူပန်မှု ပိုမိုမြင့်တက်လာစေသည်။ ဆိုလိုသည်မှာ မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်များသည် အမေရိကန်ပြည်မကြီးကို ပစ်မှတ်ထား၊ ချိန်ရွယ်ထားမည်ဆိုလျှင် အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံကို အကာအကွယ်ပေးနိုင်တော့မည်မဟုတ်ချေ။ မြောက်ကိုရီးယား၏ ICBM စွမ်းဆောင်ရည်များသည် ဆက်လက်တိုးတက်လျက်ရှိသောကြောင့် လက်ရှိအချိန်တွင် အမေရိကန်က စတင်ဆွေးနွေးညှိနှိုင်းရတော့မည့်အလှည့် ရောက်ရှိလာပြီဟုဆိုသည်။ ဆိုရလျှင် မြောက်ကိုရီးယားသည် ရှေ့တန်းစစ်မျက်နှာများတွင် နည်းဗျူဟာမြောက်လက်နက်များ တပ်ဖြန့်ချထားသွားဖွယ်ရာရှိသည်။ ထို့ကြောင့် အမေရိကန်နှင့်တောင်ကိုရီးယားတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံက ကန့်ကွက်ထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ဆက်လက်လုပ်ဆောင်ခြင်းသည် ကိုရီးယားကျွန်းဆွယ်တည်ငြိမ်အေးချမ်းမှုကိုသာ ပိုမိုထိခိုက်လာစေဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **North Korea Launches Hwasong-15 ICBM by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

## မိုးညိုမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မိုးညို ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့်ဆောင်ရွက်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအားလုံးပြီးစီးမှုများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့်ဝန်ထမ်းများက ရေကင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုနှင့် အလယ်ရွာကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအသုံးစရိတ်များကို ချပြရှင်းလင်းခြင်း၊ ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်းများကို ကျေးရွာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးညိုမြို့နယ် ရေကင်းကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး အရှည် ၈၁၄ ပေ၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် အလယ်ရွာကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြုပြီး ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၃၀၀ သွယ်တန်းခြင်းလုပ်ငန်းများကို မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၁ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ရှိ ခေတ်လေးခေတ် ရခိုင်ရှေးဟောင်း အသုံးအဆောင်ပစ္စည်းများကို မြန်မာဘာသာဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများပြီးစီး




**မြောက်ဦး ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ရှိ ခေတ်လေးခေတ် ရခိုင်ရှေးဟောင်း အသုံးအဆောင်ပစ္စည်းများ မှတ်တမ်းတင်ခြင်း လုပ်ငန်းများတွင် မြန်မာဘာသာဖြင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကြည်ခင်က ပြောပြ၍ သိရသည်။

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ရှိ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦး ခေတ်လေးခေတ် ရခိုင်ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ သုတေသီများ လေ့လာရာတွင် ပိုမိုလွယ်ကူစွာ လေ့လာနိုင်ရေးအတွက် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် မှတ်တမ်းတင်စာရင်းရေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြန်မာဘာသာဖြင့် မှတ်တမ်းတင်စာရင်းရေးထိုးခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ရခိုင်မှာ ထွန်းကားခဲ့တဲ့ ခေတ်လေးခေတ် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေကို လွယ်လင့်တကူ လေ့လာနိုင်ဖို့အတွက် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာနဲ့ မှတ်တမ်းတင်တဲ့လုပ်ငန်းတွေကို အခု ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်တာဖြစ်ပါတယ်။ အခု မြန်မာပိုင်းပြီးစီးသွားပြီဖြစ်တဲ့အတွက် ကျန်တဲ့ အင်္ဂလိပ်ဘာသာနဲ့ မှတ်တမ်းတင်တဲ့လုပ်ငန်းတွေကို လာမဲ့ဘဏ္ဍာနှစ်မှာ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကြည်ခင်က ပြောပြသည်။

ရခိုင်ပြည်နယ် မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ရှိ ခေတ်လေးခေတ်လက်ရာ ရခိုင်ရှေးဟောင်းအသုံးအဆောင်ပစ္စည်းများတွင် ဘုရားဆင်းတုတော်များ၊ ကျောက်စာများ၊ ပုထိုးတော်များနှင့် လူ့အသုံးအဆောင်များ ပါဝင်ကြောင်း သိရသည်။

ASH

# Thunderbolt ဇာတ်ကားတွင် မင်းသား စတီဗင်ယောင်း ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

မာဗယ်စတူဒီယို၏ Thunderbolt အမည်ရှိ စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားတွင် မင်းသား စတီဗင်ယောင်း ပါဝင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

Thunderbolt ဇာတ်ကားတွင် မင်းသား စတီဗင်ယောင်းသည် မင်းသမီး ဖလောရင့်ပက်၊ မင်းသား ဆီဘက်ရှန်စတန်း၊ မင်းသား ဒေးဗစ်ဟာဘာ၊ မင်းသမီး ဂျူလီယာလူးဝစ်ဒရေးဖက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား စတီဗင်ယောင်းသည် အခြားမာဗယ်စူပါဟီးရိုးရုပ်ရှင်ဇာတ်ကားများတွင်ပါ ဆက်လက်ပါဝင်နိုင်မည် အဓိကဇာတ်ကောင်နေရာ၌ ပါဝင်မည်ဖြစ်သည်။

Thunderbolt ဇာတ်ကားကို ဒါရိုက်တာ ဂျိတ်ရှရိုင်အာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်ပီယာဆင်က ရေးသားပေးထားသည်။

မင်းသား စတီဗင်ယောင်းသည် Mickey 17 အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

KKO




# အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် AAHAR ပွဲတော်တွင် မြန်မာအစားအစာများ ပြသရောင်းချမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပမည့် The 37th International Food & Hospitality Fair (AAHAR) ပွဲတော်တွင် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သူများ သွားရောက်ကာ မြန်မာအစားစာများ ပြသရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဦးသောင်းမြင့်က ပြောပြ၍ သိရသည်။

အိန္ဒိယအစားအစာလုပ်ငန်းရှင်များအသင်း (AIFPA) မှ ဦးစီးကျင်းပသော နိုင်ငံတကာအစားအသောက်နှင့်ဧည့်ဝတ်ကျေပွဲတော် (AAHAR)ကို မတ် ၁၄ ရက်မှ မတ် ၁၈ ရက်ထိ နယူးဒေလီ Pragati Maidan တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ မတ် ၁၄ ရက်မှ မတ် ၁၈ ရက်ထိ ကျင်းပပြုလုပ်သွားမဲ့ နိုင်ငံတကာ အစားအသောက်နှင့် ဧည့်ဝတ်ကျေပွဲတော် (AAHAR) ကိုတော့ အိန္ဒိယနိုင်ငံ စားနပ်ရိက္ခာစီမံဆောင်ရွက်ရေးဝန်ကြီးဌာန၊ အိန္ဒိယအစိုးရ အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(ITPO) ရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျင်းပသွားမှာဖြစ်ပါတယ်။ အဲဒီပြပွဲမှာတော့ စားသောက်ကုန်တွေ၊ အဖျော်ယမကာတွေ၊ စားသောက်ကုန်နဲ့ အဖျော်ယမကာဆိုင်ရာပစ္စည်းကိရိယာတွေနဲ့ Hospitality & Decor Solutions တွေ ပါဝင်ပြသသွားမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံက စားသောက်ကုန်လုပ်ငန်းတွေလဲ သွားရောက်ပြသကြမှာဖြစ်ပါတယ်"ဟု ဦးသောင်းမြင့်က ပြောပြသည်။




အဆိုပါပွဲတော်သို့ မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်ငန်းရှင်များ၊ အဖျော်ယမကာလုပ်ငန်းရှင်များနှင့် မြန်မာ့ရိုးရာစားသောက်ကုန်လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Assassin သိပ္ပံအက်ရှင်ဇာတ်ကားကို ယခုနှစ် မတ် ၃၁ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် ဖေဖော်ဝါရီ ၂၅**

Assassin အမည်ရှိ သိပ္ပံအက်ရှင်ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် မတ် ၃၁ ရက်တွင် ရုံတင်ပြသရန် Saban ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားသည် မိုက်ခရိုချစ်နည်းပညာတစ်မျိုးဖြင့် အခြားသူများ၏ကိုယ်ခန္ဓာအတွင်း ပူးဝင်၍ အန္တရာယ်များသောစစ်ဆင်ရေးများ ပြုလုပ်နေရသော လျှို့ဝှက်စစ်အုပ်စုတစ်စု၏ အကြောင်းကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Assassin ဇာတ်ကားတွင် မင်းသားကြီး ဘရုစ်ဝီလီနှင့် မင်းသမီး နွမ်ဇာမိုအမ်ဘာသာတို့က အဓိကဇာတ်ကောင်နေရာများတွင် ပါဝင်ထားသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဂျက်ဆီအက်တလပ်က တာဝန်ယူရိုက်ကူးပေးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ အေဗွန်ဝုဗ်နှင့် ပူးတွဲရေးသားထားသည်။

Assassin ဇာတ်ကားသည် အယ်ဇိုင်းမားရောဂါကြောင့် ၂၀၂၂ ခုနှစ်အတွင်း သရုပ်ဆောင်အဖြစ်မှ အနားယူသွားသည့် မင်းသားကြီး ဘရုစ်ဝီလီ၏ နောက်ဆုံးရုပ်ရှင်ဇာတ်ကားများထဲတွင် တစ်ကားအပါအဝင်ဖြစ်ကြောင်း သိရသည်။

KKO






# ပြည်တွင်း၊ ပြည်ပရုပ်ရှင်ဇာတ်ကားများ တရားမဝင်ပြသနေသည့် Channel များ၊ Facebook Page များကို အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပြည်တွင်း၊ ပြည်ပရုပ်ရှင်ဇာတ်ကားများကို တရားမဝင်ပြသနေသည့် Channel များ၊ Facebook Page များကို အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

လက်ရှိကာလတွင် ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာမှုနှင့်အတူ ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းတွဲများကို အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် ထုတ်လွှင့်ပြသမှုများ ရှိလာပြီး ထိုသို့ ထုတ်လွှင့်ပြသမှုများတွင် တရားဝင်ပြသမှုများအပြင် မူလလက်ရာကိုခိုးယူပြီး ကိုယ်ကျိုးစီးပွားအတွက် အွန်လိုင်းတွင် တရားမဝင်ပြသ၍ လောင်းကစားအခြေပြုပလက်ဖောင်းများ တည်ထောင်ခြင်းများရှိလာသည့်အတွက် အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်ရွက်တာကတော့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ဆက်စပ်တဲ့ဌာနတွေက အကောင်အထည်ဖော်မှာပါ။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကတော့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြန်မာရုပ်ရှင်ဇာတ်ကားတွေလဲ တရားမဝင်တဲ့ Channel တွေ၊ ဆိုရှယ်မီဒီယာတွေပေါ်ကနေ ထုတ်လွှင့်နေတာတွေ ရှိတဲ့အတွက် နစ်နာသူတွေက အရေးယူဆောင်ရွက်ပေးဖို့ တိုင်ကြားလာတဲ့အတွက်ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပရုပ်ရှင်ဇာတ်ကားများကို တရားမဝင်ပြသခြင်းနှင့် ရောင်းချခြင်းများ လုပ်ဆောင်နေသည့် Channel များ၊ Website များနှင့် Facebook Page များကို အရေးယူသွားမည်ဖြစ်ကြောင်း၊ ထိုသို့ အရေးယူမှုများ ပြုလုပ်ခြင်းမရှိပါက နောင်တွင် ဆိုးရွားသည့် မူပိုင်ခွင့်ချိုးဖောက်မှုများ ဖြစ်လာနိုင်ကြောင်း သိရသည်။

ASH

# Ten import items including oil products worth $9.735 billion imported till January this fiscal


Yangon international port with cargo containers.

**Nay Pyi Taw February 25**

Myanmar imported ten import items including oil products worth US$9,735 million from April to January in the current 2022-2023 fiscal year, said U Min Aung aye, director of the trade policy division of the Trade Department under the Ministry of Commerce.

Among the 10 import items, oil and oil products were most exported with an amount of US$4.4 billion including diesel, petrol, aviation fuel, kerosene, and LPG.

“In the import sector, we imported oil products worth US$4,400 million, textile worth US$1,200 million, raw iron and steel worth US$564 million, medicine and medical equipment worth US$540 million, fertilizers worth US$535 million, machines and parts worth US$534 million, edible oil worth US$532 million, raw plastics worth US$528 million, ships and equipment worth US$457 million and electrical goods worth US$445 million,” U Min Aung Aye said.

Myanmar in both the state and private sectors imports capital goods, consumer goods, and raw business materials. Raw materials for the CMP industry are imported by the private sector alone. ASH

# Export of 47,700 tons of white cow pea to European countries to start in April


**Nay Pyi Taw February 25**

Myanmar will start exporting 47,700 metric tons of white cow pea to European countries in April 2023 of the coming 2023-2024 financial year, said U Htet Aung Win, deputy director of the trade promotion division of the Myanmar Trade Promotion Board under the Ministry of Commerce.

The export of such an amount of white cow pea is expected to earn US$31 million.

“Starting the coming fiscal year, we will export up to 47,700 tons of Myanmar’s white cow pea. One ton of white cow pea is about US$660. It has a reliably foreign market. Our white cow pea with few chemical residues is exported to European countries as well as India, China and South Korea. These days, one bag containing three baskets of white cow pea is priced from K140,000 to K145,000,” U Htet Aung Win explained.

In Myanmar, beans and peas such as mung bean and pigeon pea are mostly grown whereas there is scarce cultivation of white cow pea. Each year, Myanmar can only produce 20,000 to 30,000 tons of white cow pea. Over US$24 million was earned from export of white cow pea from 1 April to 10 February in the current fiscal year. ASH


Export samples of white cow pea.

# Myanmar plans to sell over US$25 million worth of butter beans in 2023-2024 FY

**Nay Pyi Taw February 25**

Myanmar is planning to export over 29,000 tons of butter beans worth more than US$25 million in 2023-2024 FY, according to the Ministry of Commerce.

As well as being exported to China, India, Japan, and Europe, they are used in the local consumer markets for frying, dipping, soups and drinks, bean soup, and bean powder.

Butter beans are grown mainly in the central regions of Myanmar: Minbu, Sinphyu Kyun and Salin areas in Magway Region, Malai, Taungtha, and Nadogyi areas in Mandalay Region and Gangaw, Kale, Kalewa, Shwebo and Kabaw valley in Sagaing Region.

Myanmar sold US$ 18.085 million worth of butter beans through border trade routes and US$3.105 million worth of butter beans via maritime trade routes from April 1 to February 10 in 2022-2023 FY, totaling US$21.190 million.

It is estimated that the export price will be US$890 per ton of butter beans. 336

# Peru recalls ambassador over Mexico's 'unacceptable' support for Pedro Castillo

**Lima February 25**

Peru has recalled its ambassador in Mexico indefinitely after the Mexican president said Peru's government was "unconstitutional".

Andrés Manuel López Obrador also said that Peru's former president, Pedro Castillo, had been "illegally ousted."

Peru's current leader Dina Boularte denounced what she said was "unacceptable" interference in its "internal affairs".

She said the remarks would seriously affect relations between the nations.

Pedro Castillo's impeachment in December sparked mass protests which are continuing across the country, and have seen at least 50 people killed.

The 53-year-old is currently in prison facing charges of rebellion and conspiracy after he unsuccessfully tried to dissolve Congress in order to stop an impeachment vote against him.

Ms Boularte, who was Mr Castillo's vice-president, has so far withstood repeated calls from protesters for her to stand down.

Speaking on Friday she accused her Mexican counterpart of supporting what she has described as an attempted coup by Mr Castillo.

BBC

# LA snow dusts Hollywood sign as winter storm tightens grip

**Los Angeles February 25**

Snowflakes have been falling in Los Angeles, including around its iconic Hollywood sign, as a winter storm tightens its icy grip on southern California this weekend.

San Francisco broke a 132-year record low temperature, dipping to 39F (4C) on Friday morning.

Tens of millions of residents in the Golden State are under blizzard, wind and flood warnings.

The storms have blacked out nearly a million properties from coast to coast.

The West Coast's main motorway, Interstate 5, was partially closed south of the Oregon border.

Los Angeles - a city famed for its palm trees and sun-kissed boulevards - is under its first blizzard warning in more than three decades.

On Friday people in the city marvelled at the unfamiliar sight of a snow flurry around the Hollywood sign on Mount Lee.

But elsewhere in Los Angeles, flooding trapped cars in North Hollywood, and officials warned of widespread flooding in neighbourhoods throughout the surrounding county. BBC


A child plays near San Francisco.

# Over 1,000 pilgrims visit Mann Shwe Set Taw Pagoda Festival in Minbu daily


Mann Shwe Set Taw Pagoda seen with pilgrims.

**Minbu, February 25**

More than 1,000 pilgrims from all over the country paid a visit to the Mann Shwe Set Taw Pagoda festival in Minbu Township, Magway Region daily, according to U Khin Maung Soe, a member of Mann Shwe Set Taw Pagoda Board of Trustees.

The Mann Shwe Set Taw Pagoda Festival is held for almost 3 months from the 5th day of the new moon (January 25th) to the Myanmar New Year Day (April 17th). Every day, more than 1,000 pilgrims from all over the country come to pay their respects and about 15,000 pilgrims visit during holidays.

"More than a thousand pilgrims from Magway and Sagaing regions visited the festival daily. If it is a weekend, the number of pilgrims is about 1,500. More than 600 guesthouses have been opened for overnight pilgrims to stay for free, and more than 400 shops have been opened for their convenience," U Khin Maung Soe said.

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Myanmar operates up to 68 commodity depots

**Nay Pyi Taw February 25**

A total of 68 commodity depots have been opened and operated throughout the country, according to reports from Minister of Commerce.

Myanmar is a country based on agriculture-based economy.

Therefore, the agriculture sector is a main and important sector for the economic development of the country.

Therefore, the Ministry of Commerce in cooperation with the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) has been opening the commodity depots since 2006.

The number of commodity depots opened in the states and regions is as per following: three commodity depots in Yangon Region, 16 commodity depots in Ayeyawady, 6 commodity depots in Bago Region, 8 commodity depots in Mandalay Region, 4 commodity depots in Sagaing Region, 8 commodity depots in Magway Region, 14 commodity depots in Shan State, one commodity depot in Mon State, two commodity depots in Kachin State, one commodity depot in Kayah Region and five commodity depots in Rakhine State. 336



Bayintnaung rice depot.

# Myanmar exports 150 tons of Hass avocados to Malaysia and Bangladesh in 2022 avocado season

**PyinOoLwin February 25**

Myanmar exported 150 tons of Hass avocados to Malaysia and Bangladesh in the 2022 avocado season, said U Myo Nyunt, vice president of the Myanmar Avocado Producer and Exporter Association.

"Many foreign countries like Hass avocados and are making offers. Export-class avocados are not yet available to every country that wants to buy them. At the end of the last avocado season in December, we were able to export 150 tons to Malaysia and Bangladesh. In the next two seasons, we hope to be able to export to the countries that offer them. We will only export Hass varieties. The strong demand from abroad is Hass avocados," he explained.

In Myanmar, avocados are cultivated in Shan State (South), Chin State, Mandalay Region, Shan State (North) and the upper part of Sagaing Region. There are six kinds of avocados in Myanmar, and the current avocado cultivation area is around 20,000 acres. 185


Export samples of Hass avocado.

# Plan to conduct post-graduate diploma in Myanmar calendar science as from May 2023

**Yangon February 25**

The Myanmar Calendar Advisory Board stated that a post-graduate diploma in Myanmar calendar science for 2023-24 academic year as from May 2023.

It is a first-ever course conducted by the Myanmar Calendar Advisory Board within 73 years period. The course lasts for one and a half years.

The diploma course will be conducted in three semesters. The board members in three groups compiled the curriculum for the diploma course approved by the Chairman of the board and vice chairs. Moreover, the curriculum has sought the approvals of the State Administration Council.

At present, preparations are being made for conducting the course and recruiting the trainees.

The board held the 71st annual general meeting on 14 February 2023, and the meeting on conducting the diploma course took place at the National Theatre (Yangon) on Myoma Kyaung Street in Dagon Township on 15 February.

The meetings were attended by Union Minister for Religious Affairs and Culture U Ko Ko and officials, the chairman Sayadaw of the board and members.


Myanmar calendar is a restriction for members of the Sangha to follow Vinaya of Buddhism in enjoying the Buddhist lent.

The board is running its functions to draw the regular calendar and inscriptions for Thingyan period as well as Myanmar-English-Rakhine calendars in line with the prescribed restrictions.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံထုတ် Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်က ရွေ့လျားနေစဉ် ဒရုန်းအုပ်များကို ပစ်ချနိုင်စွမ်းရှိ



ရုရှားနိုင်ငံထုတ် နောက်ဆုံးပေါ် Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ဒရုန်းအုပ်များနှင့် အခြားဝေဟင်ပစ်မှတ်များကို ရွေ့လျားနေစဉ်မှာပင် တိုက်ခိုက်ပစ်ချနိုင်စွမ်းရှိကြောင်း စစ်ရေး-နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာသုံးသပ်ရေးဗျူရို အကြီးအကဲ Alexander Mikhailov က ဖေဖော်ဝါရီ ၂၃ ရက်တွင် အဘူဒါဘီမြို့၌ ပြုလုပ်သည့် IDEX 2023 နိုင်ငံတကာလက်နက်ပြပွဲတွင် TASS သတင်းဌာနကို ပြောကြားခဲ့သည်။

“Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို တီထွင်ခဲ့တဲ့အင်ဂျင်နီယာတွေက လက်နက်စနစ် ဝေဟင်ပစ်မှတ်တွေကို ရှာဖွေထောက်လှမ်းနိုင်ပြီး ရွေ့လျား မောင်းနှင်နေချိန်မှာ တိုက်ခိုက်ပစ်ချနိုင်အောင် ထုတ်လုပ်ထားပါတယ်။ အဓိက အရေးပါတဲ့အချက်မှာ တိုက်ပွဲဝင်နေချိန်မျိုး၊ မောင်းနှင်နေချိန်မျိုးမှာ ယာဉ်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးဖို့ အလွန်ခက်ခဲပါတယ်။ ဒါပေမဲ့လဲ မြေပြင်မှ ဝေဟင်ပစ်ဒုံးလက်နက်စနစ်ယာဉ်တစ်စီး ရပ်တန့်ထားချိန်မှာ ၎င်းကို တိုက်ခိုက်ဖျက်ဆီးဖို့ လုံလောက်တဲ့ လက်နက်တွေရှိနေတယ်လို့ ယူဆမယ်ဆိုရင် တိုက်ခိုက်ဖျက်ဆီးခံရနိုင်ဖို့ ပိုလွယ်ကူပါတယ်”ဟု စစ်ရေး-နိုင်ငံရေး ခွဲခြမ်းစိတ်ဖြာသုံးသပ်ရေးဗျူရိုအကြီးအကဲ Alexander Mikhailov က ရှင်းလင်းပြောကြားခဲ့သည်။

Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ရှိ ရေဒါသည် ဒရုန်းအမျိုးအစားအားလုံးကို အချိန်နှင့်တစ်ပြေးညီ သိရှိထောက်လှမ်းနိုင်ပြီး အထူးသဖြင့် အသေးစား မောင်းသူမဲ့လေယာဉ်များ (UAV)အုပ်များကို ရှာဖွေထောက်လှမ်း၊ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် အရေးကြီးသော အုပ်ချုပ်မှုဆိုင်ရာအခြေခံအဆောက်အအုံများနှင့် ကြည်းတပ် တပ်ဖွဲ့များကို ရေဒါလှိုင်းစီးဒုံးကျည်များ၊ ခရူဇ်ဒုံးကျည်များ၊ လေဟုန်စီးဗုံးများ၊ လေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုများမှ ရှေ့တန်းကျကျကာကွယ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

Tor-M2 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် သတ်မှတ်ပေးထားသော လေပိုင်နက်ကိုထိန်းချုပ်နိုင်ပြီး ရန်သူ၊ မိတ်ဆွေ စိစစ်ခွဲခြားရေးစနစ်မှ ခွဲခြားသတ်မှတ်မပေးနိုင်သော ရန်သူလေကြောင်းပစ်မှတ်အားလုံးကို တိုက်ခိုက်ပစ်ချနိုင်စွမ်းရှိသည်။

IDEX 2023 နိုင်ငံတကာ လက်နက်ပြပွဲကို UAE နိုင်ငံ အဘူဒါဘီမြို့တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ကျင်းပခဲ့သည်။ အဆိုပါပြပွဲ၌ ရုရှားနိုင်ငံမှ နိုင်ငံပိုင်ထိပ်တန်းကာကွယ်ရေးထုတ်လုပ်သူများက ထိပ်တန်းစစ်လက်နက်၊ စက်ပစ္စည်းကိရိယာများ၊ ခဲယမ်းများနှင့် တိုက်ခိုက်ရေးကိရိယာအမျိုးအစားပေါင်း ၂၀၀ ကျော်ကို ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**Russia's Tor-M2 missile system can wipe out swarm of drones while on the move — expert ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်း ထောက်ပံ့ပို့ဆောင်ရေးတွင် အခက်အခဲဖြင့်ရင်ဆိုင်နေရကြောင်း NATO အထွေထွေအတွင်းရေးမှူးချုပ် ပြောကြား



ယူကရိန်းပဋိပက္ခသည် ရှည်လျားလာသဖြင့် ထောက်ပံ့ပို့ဆောင်ရေးတွင် အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် NATO အထွေထွေအတွင်းရေးမှူးချုပ် Jens Stoltenberg က ပြောကြားခဲ့သည်။

ထို့ပြင် အနောက်အုပ်စုသည် ကျည်ဆန်၊ ခဲယမ်းများ ထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း Stoltenberg က အခိုင်အမာဆိုသော်လည်း ယူကရိန်းတွင် ၎င်း၏အဆုံးသတ် ပန်းတိုင်ကို သတ်မှတ်နိုင်ခဲ့ခြင်းမျိုးမရှိပေ။

ပြီးခဲ့သည့်တစ်ပတ်က မြူးနစ်လုံခြုံရေးညီလာခံတွင် CNN သတင်းဌာနမှ Christine Amanpour နှင့် အင်တာဗျူးတစ်ခု၌ ရုရှားနိုင်ငံသည် ယူကရိန်းထက် ရှေ့တန်းသို့ လက်နက်ခဲယမ်းနှင့်လူအင်အား အမြောက်အမြား ပိုမိုယူဆောင်လာနိုင်ကြောင်း NATO အထွေထွေအတွင်းရေးမှူးချုပ် Jens Stoltenberg က ပြောကြားခဲ့သည်။

ယူကရိန်း၏ ကျည်ဆန်သုံးစွဲမှုသည် NATO အဖွဲ့ဝင်နိုင်ငံများ၏ စုစုပေါင်းထုတ်လုပ်မှုထက် ပိုများကြောင်း၊ ဤအခြေအနေသည် ဆက်လက်၍ ပံ့ပိုးပေးနိုင်ရန်မှာ မဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

“အခုထိတော့ ကျွန်တော်တို့ရဲ့လက်နက်တွေစုပုံထားတဲ့ သိုလှောင်ရုံတွေထဲကနေ ထုတ်ပေးစရာတော့ ကုန်သွားပါပြီ။ ဒါပေမဲ့ အချို့ခဲယမ်းမီးကျောက်တွေ ထပ်ထုတ်ဖို့ လိုအပ်ပါတယ်”ဟု Jens Stoltenberg က Christine Amanpour ကို ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံသည် အမေရိကန်တစ်နိုင်ငံတည်းမှ အမြောက်ကျည် ၁ ဒသမ ၅ သန်းခန့်အပါအဝင် အနောက်နိုင်ငံများမှ ဒေါ်လာသန်းပေါင်းများစွာတန် စစ်လက်နက်ပစ္စည်း၊ ခဲယမ်းများ လက်ခံရရှိခဲ့သော်လည်း ရုရှားသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ၎င်း၏အထူးစစ်ဆင်ရေးစတင်ချိန်မှစပြီး ပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်၍ အသာစီးရထားသည်။

လက်ရှိတွင် ယူကရိန်းဘက်မှ အမြောက်ကျည် ၅၀၀၀ မှ ၆၀၀၀ ကြား ပစ်ခတ်နေကြောင်း အနောက်နိုင်ငံအများစု၏ အကဲဖြတ်ချက်များအရ သိရှိရချိန်၌ ရုရှားနိုင်ငံဘက်မှ နေ့စဉ် တိုက်ပွဲဝင် ပစ်ခတ်မှုစွမ်းအားနှင့်ပတ်သက်ပြီး ခန့်မှန်းခြေအားဖြင့် တစ်နေ့လျှင် ကျည်ပေါင်း ၅၀၀၀ မှ ၆၀၀၀၀ ကြား ပစ်အားရှိနေ၍ ကြီးမားစွာ ကွာဟချက်ဖြစ်ပေါ်နေသည်ဟု သိရသည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုစွမ်းဆောင်ရည် ကွာဟချက်ကို လိုက်လံဖြည့်ဆည်းနိုင်ရန် NATO အဖွဲ့ဝင်နိုင်ငံများကို ၎င်းတို့၏ ခဲယမ်းများထုတ်လုပ်မှု အရှိန်မြှင့်တင်လုပ်ဆောင်နိုင်ရန် Jens Stoltenberg က ထပ်ခါတလဲလဲ တောင်းဆိုခဲ့သည်။

ယူကရိန်းနိုင်ငံသည် စစ်မြေပြင်တွင် အောင်မြင်မှုတစ်စုံတစ်ရာ ရရှိလိုပါက ခဲယမ်းပြတ်လပ်မှုကို သီတင်းပတ်အနည်းငယ်အတွင်း ဖြေရှင်းရန် လိုအပ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့၏ ထိပ်တန်းသံတမန် Josep Borrell က ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဆောင်းဦးရာသီမှစ၍ ယူကရိန်းပဋိပက္ခသည် အခြားအနေအထားသို့ ကူးပြောင်းသွားသည်ဟု အချိန်ကာလကြာမြင့်စွာ ပဋိပက္ခဆင်နွှဲနေရမှုအပေါ် Jens Stoltenberg က ညွှန်းဆိုပြောကြားခဲ့ပြီး ချေမှုန်းရေးနည်းလမ်းမှာ ထောက်ပံ့ပို့ဆောင်ရေးတိုက်ပွဲတစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ရှေ့တန်းတွင် စက်ပစ္စည်းများ၊ အပိုပစ္စည်းများ၊ ခဲယမ်းမီးကျောက်များ၊ လောင်စာဆီများ လုံလောက်စွာရရှိနိုင်ရေးသည် တိုက်ပွဲတစ်ခုအသွင်ဖြစ်လာကြောင်း ၎င်းက သုံးသပ်ပြောကြားခဲ့သည်။

Stoltenberg က NATO အဖွဲ့ဝင်နိုင်ငံများကို လက်နက်ထုတ်လုပ်မှုကို မြှင့်တင်ရန်လိုအပ်ကြောင်း ပြောကြားခဲ့သော်လည်း အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့သည် ပဋိပက္ခကိုမည်သို့ အဆုံးသတ်စေလိုသည်ကိုမူ ရှင်းရှင်းလင်းလင်း ပြောကြားသွားခဲ့ခြင်းမျိုးမရှိပေ။

“ဒီပဋိပက္ခက ဘယ်လိုနည်းနဲ့ ဘယ်အချိန်ပြီးဆုံးမယ်ဆိုတာ ဘယ်သူမှ မသိနိုင်ပါဘူး”ဟု Amanpour ကို ပြောကြားခဲ့ပြီး စေ့စပ်ညှိနှိုင်းရေး စားပွဲဝိုင်းတွင် ပြေလည်သွားနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

NATO သည် ယူကရိန်းကို မည်သို့သော အနိုင်ရခြင်းမျိုးဖြစ်ဖြစ် အနိုင်ရစေချင်သော်လည်း ရုရှားပိုင် ကရိုင်းမီးယားကို ပြန်လည်သိမ်းပိုက်ရန် ယူကရိန်း၏ရည်မှန်းချက်ကို ထောက်ခံကြောင်း တိုက်ရိုက်ထုတ်ပြောမည် မဟုတ်ကြောင်း Jens Stoltenberg က ပြောကြားသွားခဲ့သည်။

**Ukraine now a ‘battle of logistics’ – NATO chief ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစုံ ၁၉၅၁၉ ဧက စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံစုံ ၁၉၅၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံစုံ ၁၉၅၁၉ ဧကလျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် ဆောင်းသီးနှံစုံ ဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဆောင်းသီးနှံများလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာများနှင့် အခြားလိုအပ်သည့်သွင်းအားစုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်းသီးနှံတွေကို အောက်တိုဘာလကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဆောင်းသီးနှံတွေထဲမှာ အခုနှစ် မတ်ပဲသီးနှံကို အများဆုံး စိုက်ပျိုးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံးစိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့ နည်းပညာတွေနဲ့ သွင်းအားစုတွေကို စိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေနဲ့ ချိတ်ဆက်ကူညီပံ့ပိုးပေးထားပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစုံ ၁၉၅၁၉ ဧကတွင် မတ်ပဲ ဧက ၉၃၇၀၊ ဟင်းသီးဟင်းရွက် ၄၇၉၃ ဧက၊ ပဲတီစိမ်း ၄၈၁၂ ဧက၊ ပြောင်းဖူး ဧက ၂၀၊ ဗိုလ်ကိတ်ပဲ ၁၀၄ ဧက၊ ငရုတ် ၄၆ ဧက၊ မြေပဲ ၄၉ ဧက၊ နှမ်း ၁၅ ဧက၊ နေကြာဧက ၃၁၀ ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများစနစ်တကျ စိုက်ပျိုးနိုင်ရေး၊ သီးနှံများဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးမိတ်မြို့နယ် တွင်းငယ်-ညောင်ပင်စောက်(မိုးမိတ်)လမ်းပိုင်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် လမ်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင်လမ်းဦးစီးဌာနက တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်) လမ်းပိုင်းတွင် ကတ္တရာလမ်းချဲ့ခြင်းနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်တာဝန်ရှိသူများက တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၄၇၁ ဒသမ ၇၆ သန်းဖြင့် အကျယ် ၁၈ ပေကတ္တရာလမ်းချဲ့ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၂၈ သန်းဖြင့် အကျယ် ၁၈ ပေ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကိုဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းပြသကြောင်း သိရသည်။



တွင်းငယ်-ညောင်ပင်စောက် (မိုးမိတ်)လမ်းပိုင်း အရှည်သုံးမိုင်သုံးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့်ခြောက်လက်မ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများကို မိုးမိတ်မြို့နယ်လမ်းဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလမ်းပိုင်းတွင် ကျောက်တောင်ဖြိုလမ်းချဲ့ခြင်း၊ တံတားချဉ်းကပ်လမ်းခင်းခြင်း၊ အမာခံလမ်းပခုံး၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ကိုဦးထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ဟိုပုန်းမြို့နယ် ဂျူမုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုန်း ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျူမုတ်ကျေးရွာနှင့် ဟွေ့တက်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ကုန်းကျိုင်းကျေးရွာအုပ်စု ဂျူမုတ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၆၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂျူမုတ်ကျေးရွာနှင့်ဟွေ့တက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်၊ စီမံကိန်းတာဝန်ခံ ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၅-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၀၈၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ချွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ

**၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**
**(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊ စနေနေ့)**

**အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ တေရသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အရှင်မြတ်တို့ဘုရား–**

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ ကျန်းမာရေး၊ ကျင့်ကြံရေး စသော ကိုယ်ရေးကိုယ်တာကိစ္စ၊ ကျောင်းတိုက်ကိစ္စ စသည်တို့အတွက် ငဲ့ကွက်ခြင်းမရှိဘဲ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ ပင်မလုပ်ငန်းများဖြစ်သည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုကာ ကာယစိတ္တနှစ်ဝအညီ သာမဂ္ဂီပေး၍ ကြွရောက်တော်မူလာကြသောကြောင့် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

၁၃၄၂ ခုနှစ် နယုန်လ ၁၉၈၀ ပြည့်နှစ် မေလတွင် ဂိုဏ်းပေါင်းစုံသံဃာတော်များ ညီညွတ်မှုရရှိခဲ့သဖြင့် ပထမအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ယင်းအစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးကြီး၏ အကျိုးဆက်အနေဖြင့် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးကို အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွဲ့စည်းနိုင်ခဲ့၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုဆောင်ရွက်ရာတွင် **"သံဃာ့ကိစ္စ သံဃာဆောင်ရွက်"** ဟူသောမူကိုလည်း ချမှတ်နိုင်ခဲ့ပါသည်ဘုရား။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာသံဃနာယကအဖွဲ့များ၊ နိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်ဖြင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်လာခဲ့ကြသည်မှာ ပထမသက်တမ်းမှသည် အဋ္ဌမသက်တမ်းလက်ထက်သို့ပင် ဝင်ရောက်လာပြီဖြစ်၍ နှစ်ပရိစ္ဆေဒအားဖြင့် ၄၂ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်ဘုရား။ သံဃာ့အဖွဲ့အစည်း၏ သက်တမ်းသတ်မှတ်ရာ၌ ပထမအကြိမ်မှ တတိယအကြိမ်ထိ ငါးနှစ်သက်တမ်းသတ်မှတ်ခဲ့ပြီး စတုတ္ထအကြိမ်မှစ၍ ခြောက်နှစ်သက်တမ်း သတ်မှတ်ခဲ့ပါသည်။ သံဃနာယကဆရာတော်တစ်ပါးသည် သံဃာ့အဖွဲ့အစည်းသက်တမ်းအကြိမ်အားဖြင့်ခြောက်နှစ်နှစ်ကြိမ် ဆောင်ရွက်ခွင့်ရှိသဖြင့် ၁၂ နှစ်သက်တမ်း ထမ်းဆောင်ခွင့်ရှိပါသည်။ ၂၅% (ရာခိုင်နှုန်း)မူအရ သုံးနှစ်တစ်ကြိမ် လေးချိုး တစ်ချိုး အနားယူအစားထိုးပြုလုပ်စဉ်ကလည်း ၁၂ နှစ်သက်တမ်းရှိခဲ့ပါသည်။

ဤသို့သံဃနာယကအဖွဲ့အဆင့်ဆင့်တို့ အားသစ်လောင်း တာဝန်ယူခဲ့ကြရာ ၂၀၂၂ ခုနှစ်တွင်လည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ အနားယူအစားထိုးခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်ဘုရား။

ထိုသို့ဆောင်ရွက်ကြရာ၌ ရှေးရှေး ဒီဃဒဿီဆရာတော်ကြီးများ ရေးဆွဲပြဋ္ဌာန်းခဲ့သောမူကိုအခြေခံလျက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်းရေးဆွဲခဲ့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အနားယူအစားထိုးခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အတိုင်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်ဘုရား။ အစားထိုးရွေးချယ်ရာတွင်လည်း သံဃာ့အဖွဲ့အစည်းကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးဖြစ်သည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စအဖြာဖြာကို စိတ်ပါဝင်စား၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြသည့် ဗဟုဿုတ၊ ပဋိဗလပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ခဲ့ကြသည်ဟု ယုံကြည်ပါသည်ဘုရား။ သီလသမာဓိပညာသိက္ခာသုံးပါးနှင့်ပြည့်စုံကြသည့် သံဃနာယကဆရာတော်တို့သည် အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသည့် ဘုရားရှင်၏သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြမည်ဟု ယုံကြည်လျက် အားတက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ ဥပေါသထသုတ်တော်၌ ဘုရားရှင်က သာသနာတော်၏အံ့ဖွယ်တော်ရှစ်ဖြာကို မဟာသမုဒ္ဒရာ၏အံ့ဖွယ်ရှစ်ဖြာနှင့်ပမာထားကာ နှိုးနှောဟောကြားတော်မူခဲ့ပါသည်ဘုရား။ အံ့ဖွယ်ရှစ်ဖြာကို **"အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရှုံ့ဖွယ်ဆယ်ပစ်၊ တစ်မည်ဖြစ်ခြင်း၊ မယွင်းမတိုး၊ ငန်မျိုးရသာ၊ များရတနာနှင့်၊ ကြီးသူနေရာ၊ ဤရှစ်ဖြာသည်၊ မဟာသမုဒ္ဒရာအံ့ဖွယ်တည်း"** ဟူသော လင်္ကာဖြင့် အကျဉ်းမှတ်သားနိုင်ပါသည်ဘုရား။

**"အစဉ်နက်ဝှမ်း"** ဟူသည် မဟာသမုဒ္ဒရာ၏ ရေပြင်မှာကမ်းမှစ၍ တဖြည်းဖြည်းနက်ရှိုင်းသွားရသည်။ ကမ်းအစ၌ နက်ရှိုင်းရိုးမရှိ။ ဘုရားရှင်၏သာသနာတော်တွင်လည်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသူသည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာတို့ကို အစဉ်အတိုင်းသာ ကျင့်ကြံရသည်။ တစ်ခါတည်းအရဟတ္တဖိုလ်သို့ တက်လှမ်းနိုင်မည်မဟုတ်ပါ။

**"ကမ်းကိုမလွန်"** ဟူရာ၌ မဟာသမုဒ္ဒရာရှိရေတို့သည် ကမ်းကိုမလွန်မူ၍ တည်ရှိသကဲ့သို့ ဘုရားရှင်၏တပည့်သားဘိက္ခု၊ ဘိက္ခုနီတို့သည် ဘုရားရှင်ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်တို့ကို ကျူးလွန်ခြင်းမပြုကြကုန်။

**"ရှုံ့ဖွယ်ဆယ်ပစ်"** ဟူသည် မဟာသမုဒ္ဒရာအတွင်း ရှုံရှာဖွယ်သူသေအလောင်းတို့ကို သမုဒ္ဒရာသည် ကြာရှည်စွာလက်မခံ၊ ကမ်းပေါ်သို့ အလျင်အမြန်ပြန်ပို့သည့်နည်းတူ ဗုဒ္ဓသာသနာတော်ဝယ် သီလမရှိ၊ ယုတ်မာသောအကျင့်ရှိသူ၊ ရဟန်းမဟုတ်သူတို့ကို သီလဝန္တရဟန်းတို့က အာမိသသမ္ဘောဂ၊ ဓမ္မသမ္ဘောဂအဖြစ် ပေါင်းသင်းဆက်ဆံခြင်းမပြု၊ အလျင်အမြန် ဖယ်ရှားသုတ်သင်နှင်ထုတ်ပစ်၏။

**"တစ်မည်ဖြစ်ခြင်း"** ဟူသည် ဂင်္ဂါ၊ ယမုနာ ၊ အစိရဝတီ၊ သရဘူ၊ မဟီဤမည်သော မြစ်ကြီးငါးသွယ်တို့သည် မဟာသမုဒ္ဒရာသို့ စီးဝင်ပြီးသောအခါ မိမိတို့မူရင်းမြစ်အမည်တို့ ကင်းပျောက်ကာ မဟာသမုဒ္ဒရာဟူသော အမည်တစ်မျိုးကိုသာ ခံယူကြရ၏။ ထိုနည်းတူစွာ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲဟူသော အမျိုးလေးပါးတို့သည် ဘုရားရှင်၏ ဗြဟ္မစရိယသာသနာတော်သို့ ရှင်ရဟန်းအဖြစ် ဝင်ရောက်ကြပါက မိမိတို့၏ မူလအမျိုးအနွယ်အမည်တို့ ကွယ်ပျောက်ကြကာ သာကီဝင်မျိုးရိုး ဘုရားသားတော်ရဟန်းများအမည်ကိုသာ ခံယူကြရပါသည်။

**"မယွင်းမတိုး"** ဟူရာ၌ ကမ္ဘာမြေအရပ်မျက်နှာအသီးသီးမှ မြစ်များသည် သမုဒ္ဒရာသို့ စီးဆင်းကြ၏။ ကောင်းကင်အရပ်မှ မိုးရေအလျဉ်များရွာချ၏။ ထိုစီးဝင်သောရေ၊ ရွာချသောမိုးရေတို့ကြောင့် မဟာသမုဒ္ဒရာအတွက် ရေများနည်းပါးယုတ်လျော့သွားခြင်း၊ ရေများတိုးပွားလာခြင်းများ မဖြစ်ပေ။ ထိုကဲ့သို့ပင် ဘုရားရှင်၏ တပည့်သာဝကအဆက်ဆက်တို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန်ပြုကြသော်လည်း အငြိမ်းဓာတ် နိဗ္ဗာနသုခအရပ်၌ ယုတ်လျော့သွားသည်၊ တိုးပွားလာသည်ဟု ထင်မှတ်နိုင်ခြင်းမရှိပါ။

**"ငန်မျိုးရသာ"** ဟူသည် ကျယ်ပြောလှသည့် မဟာသမုဒ္ဒရာအတွင်း အငန်ဓာတ်ဆားအရသာတစ်ခုတည်းရှိသကဲ့သို့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် အကျယ်တဝင့် မိန့်ကြားတော်မူခဲ့သော ဘုရားရှင်၏ အဆုံးအမသာသနာတော်သည်လည်း သံသရာဝဋ်မှ ထွက်မြောက်ခြင်းရသတစ်ခုသာရှိသည်ဟု ဆိုလိုပါသည်ဘုရား။

**"များရတနာ"** ဟူသည် မဟာသမုဒ္ဒရာ၌ ပုလဲ၊ ပတ္တမြားစသော ရတနာ ၁၀ ပါး ကိန်းဝပ်သကဲ့သို့ ဘုရားရှင်သာသနာတော်တွင်လည်း သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး စသော မြောက်မြားလှစွာသောရတနာတို့ ရှိကြပါသည်ဘုရား။

**"ကြီးသူနေရာ"** ဟူရာ၌ မဟာသမုဒ္ဒရာသည် ယူဇနာတစ်ရာနှစ်ဆယ်စသည့် ပမာဏရှိသောတိမိ၊ တိမိင်္ဂလစသောသတ္တဝါကြီးတို့၏ စံပျော်ရာနေရာဖြစ်သကဲ့သို့ ဘုရားရှင်၏သာသနာတော်သည်လည်း သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ၊ ထိုပုဂ္ဂိုလ်များဖြစ်ရန် ကျင့်ကြံနေကြသော ပုဂ္ဂိုလ်များသာ မွေ့လျော်နိုင်သည့်နေရာဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ဘုရားတပည့်တော်လျှောက်ထားလိုသည်မှာ အံ့ဖွယ်တော်ရှစ်ဖြာနှင့်ပြည့်စုံတော်မူသည့် သာသနာတော်မြတ်ကြီးကိုအစဉ်တစိုက် ထိန်းသိမ်းကြရမည်မှာ ဘုရားရှင်၏တပည့်သာဝကများ၏ တာဝန်သာဖြစ်ပါသည်ဘုရား။ တတိယအံ့ဖွယ်ဖြစ်သည့် ဒုဿီလအညစ်အကြေးများကို သာသနာတော်အတွင်းမှ ဖယ်ရှားရှင်းလင်းနိုင်ရန် သာသနာတော်အတွက် စွမ်းစွမ်းတမံတာဝန်ယူဆောင်ရွက်ကြမည့် ဗဟုဿုတပဋိဗလနှင့်ပြည့်စုံသည့် သံဃနာယကဆရာတော်များ များစွာလိုအပ်ပါသည်ဘုရား။ စတုတ္ထအံ့ဖွယ်ဖြစ်သည့် မည်သည့်အမျိုးအနွယ်က ရဟန်းပြုခဲ့သည်ဖြစ်စေ၊ သာကီမျိုး၊ သာကီနွယ် ဘုရားသားတော် ရဟန်းတော်ဟုသာ အမည်ခံရမည်ဖြစ်ရာ ဘုရားတပည့်တော်တို့ခေတ်တွင်မူ တိုင်းဒေသကြီး၊ ပြည်နယ်များမှဖြစ်စေ၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းတွင် တရားဝင်ခွင့်ပြုထားသည့် သံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းမှဖြစ်စေ၊ တိုင်းဒေသကြီးအလိုက်၊ ဂိုဏ်းအလိုက်မခွဲခြားမူ၍ အယူဝါဒတူမျှသော ဘုရားသားတော်၊ ရဟန်းတော်များအဖြစ် ညီတော်နောင်တော်များတော်စပ်ကြသည်ဖြစ်ရာ သမဂ္ဂသမ္မောဒမာနဖြစ်ကြပြီး သာသနာတော်ကြီးကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်ဘုရား။

ဆဋ္ဌအံ့ဖွယ်ဖြစ်သည့် ဘုရားရှင်၏ ဒေသနာတော်များသည် ဝေနေယျဇ္ဈာသယ၊ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ မည်သို့ပင် အကျယ်ဟောကြားထားသော်လည်း တစ်ခုတည်းသောရသမှာ ဝိမုတ္တိရသသာဖြစ်ပါသည်။ ဘုရားသားတော်၊ ညီတော်၊ နောင်တော်များဖြစ်ကြသော တပည့်တော်တို့အနေဖြင့် အံ့ဖွယ်တော်ရှစ်ဖြာနှင့်ပြည့်စုံသည့် သာသနာတော်မြတ်ကြီးကို အရှည်ခန့်တည်တံ့စေရေး ကာကွယ်စောင့်ရှောက်ကြရမည့် အရေးအကြီးဆုံးတာဝန်တစ်ရပ်မှာ ယင်းဝိမုတ္တိရသကိုရရှိရန် အားထုတ်နိုင်ရေးပင်ဖြစ်ပါသည်ဘုရား။

သို့ဖြစ်၍ သံဃနာယကအဖွဲ့ဝင်အရှင်မြတ်တို့အနေဖြင့် အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသော ဘုရားရှင်၏ သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ညီညီညွတ်ညွတ် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့်ဆောင်ရွက်နိုင်ကြပါစေကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓ၏ အံ့ဖွယ်တော်ရှစ်ဖြာ သာသနာတော်လာ အင်္ဂါရပ်တို့ကို ဆင်ခြင်ပွားများ နှလုံးထားကာ ဝိမုတ္တိရသဆီ ကိုယ်တိုင်လည်းဆိုက်ရောက်အောင် တပည့်သာဝက ဒါယကာ၊ ဒါယိကာမတို့ကိုလည်း ဆိုက်ရောက်စေနိုင်အောင် ကိုယ်တိုင်လည်း အားထုတ်၊ တပည့်အပေါင်းတို့ကိုလည်း အားထုတ်ရန် တိုက်တွန်းပေးတော်မူကြပါဟု လျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် အရှင်မြတ်တို့ဘုရား။

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

## အများပြည်သူထံသို့ အသိပေးပန်ကြားချက်

- မြန်မာနိုင်ငံကူးလက်မှတ်များကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ စတင်၍ www.passport.gov.mm website မှ Online Booking စနစ်သစ်ဖြင့် ကိုယ်တိုင်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။
- Online Booking စနစ်ကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(ရန်ကုန်)၌သာ ကျင့်သုံးမည်ဖြစ်ပြီး ပြည်နယ်၊ တိုင်းဒေသကြီးများရှိ ရုံးခွဲများ၌ ယခင်လျှောက်ထားမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- Online Booking ရယူရာတွင် အချိန်အကန့်အသတ်မရှိဘဲ အလွယ်တကူလျှောက်ထားနိုင်ပြီး ကုန်ကျစရိတ်ကို သတ်မှတ်နှုန်းထားအတိုင်း တစ်ပါတည်း ပေးချေရမည်ဖြစ်ပါသည်။
- Online Booking လျှောက်ထားရန် အခက်အခဲရှိသူများအနေဖြင့် သက်ဆိုင်ရာမြို့မရဲစခန်းများတွင် အကူအညီတောင်းခံ၍ လျှောက်ထားနိုင်ပါသည်။
- မည်သူမဆိုလွယ်ကူစွာလျှောက်ထားနိုင်ရန်စီစဉ်ထားရှိပြီး ကြားခံပွဲစားများဖြင့် အခကြေးငွေပေးဆောင်၍ လျှောက်ထားခြင်းများမပြုရန် အသိပေးနှိုးဆော်အပ်ပါသည်။

**☆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ချေပဂိုးနှင့် ဦးဆောင်ဂိုးများလိုအပ်နေသည့် ရောဝတီယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားခဲ့သော်လည်း ISPE အသင်း ခံစစ်ကစားသမားများ အမှားအယွင်းမရှိ ကစားနိုင်ခဲ့မှုကြောင့် ခက်ခဲခဲ့ပြီး ပွဲချိန် ၆၄ မိနစ်တွင် သူရိန်ထွန်းက ISPE အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် ရောဝတီယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း တိုက်စစ်ကစားသမားများက ရရှိလာသည့်အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသည့်အတွက် ISPE အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# ကင်းတားနေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့်ဓာတ်အားများကို ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်းဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ကင်းတား မဂ္ဂါဝပ် ၃၀ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေကံကောင်းဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြစ်သားမြို့နယ် ကင်းတားမဂ္ဂါဝပ် ၃၀ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် ကုမ္ပဏီတာဝန်ရှိသူတို့က နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းဆိုင်ရာအချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ဓာတ်အားစမ်းသပ်ပို့လွှတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ကင်းတား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျီတိုင်ကျေးရွာအနီးရှိ မြေဧရိယာ ၁၃၂ ဒသမ ၃၅ ဧကပေါ်တွင်တည်ရှိပြီး စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ လက်ရှိအချိန်တွင် ၁၉ မဂ္ဂါဝပ်ခန့်စမ်းသပ်ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပြီး စီမံကိန်းတစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့်ဓာတ်အားများကို ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်းဓာတ်အားလိုင်းဖြင့် ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည်ဖြစ်ပြီး ယခုအခါစီမံကိန်းလုပ်ငန်းတစ်ခုလုံးအနေဖြင့် ၉၀ ဒသမ ၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကင်းတားဘက်စုံသုံးရေလှောင်တမံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်ခန်းမ၌ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာက ကင်းတားရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရေလှောင်တမံ၏ နှစ်စဉ်ရေသိုလှောင်ထားရှိမှုကိုရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေဝင်ရောက်နိုင်မှုနှင့် ရေပေးဝေမှုအပေါ်မူတည်၍ ဓာတ်အားပေးစက်များ မောင်းနှင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန် မှာကြားပြီး ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံ၏ကြံ့ခိုင်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး ဓာတ်အားပေးစက်များမောင်းနှင်နေမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက်ပို့လွှတ်ပေးနေမှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပန်းလောင်မြစ်ပေါ်တွင်တည်ရှိပြီး ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ကာ စက်တပ်ဆင်အင်အားမှာ ၂၈ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက် နှစ်လုံးဖြင့် စုစုပေါင်း ၅၆ မဂ္ဂါဝပ်ထွက်ရှိကာ ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မှုမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၆၅ ဖြစ်ပြီး ထွက်ရှိလာမည့်ဓာတ်အားများကို ၁၃၂ ကေဗွီကင်းတား-သာစည်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်း ဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးအမြန် လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေကံကောင်း ဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လိုအပ်သည်များမှာကြားကာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများ ရောက်ရှိနေရာချထားမှု၊ Hybrid Gas Insulated Switchgear (HGIS) စတင်တပ်ဆင်နေမှုအခြေအနေများ၊ Shunt Reactor တပ်ဆင်နေမှုနှင့် ဓာတ်အားထိန်းချုပ်ခန်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ ဒသမ ၁၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၇၅ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၃၀၆၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၀၉၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၀၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၈၄ |
| 95 Ron | ၂၀၈၄ | ၂၁၆၀ |
| HSD (500 ppm) | ၂၀၆၃ | ၂၁၃၃ |
| HSD (50 ppm) | ၂၁၃၇ | ၂၂၀၉ |
| HSD (10 ppm) | ၂၁၃၇ | ၂၂၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲ၌ တံတားဦးမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဆရာ၊ ဆရာမများကို ကျောင်းဝတ်စုံများပေးအပ်

**မန္တလေး ဖေဖော်ဝါရီ ၂၅**

၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်စာမေးပွဲ၌ တံတားဦးခရိုင် တံတားဦးမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများကို ကျောင်းဝတ်စုံများ ပေးအပ်ချီးမြှင့်ခြင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုမိသားစုက လှူဒါန်းသည့် ကျောင်းသား၊ ကျောင်းသူများအတွက် စက်ဘီးများပေးအပ်ခြင်း အခမ်းအနားကို တံတားဦးမြို့နယ် ခန်းမတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာရည် တို့လှမ်းချီ ဂုဏ်ပြုသီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တံတားဦးမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၈၄ ဦးကို ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမ ၉၀၆ ဦးအတွက် ကျောင်းဝတ်စုံ ၉၀၆ စုံကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုမိသားစုက ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀



အတွက် စက်ဘီးအစီး ၁၀၀ ကိုလည်း မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး စက်ဘီးများ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့
ကောင်း ပေးအပ်ချီးမြှင့်ကာ စုပေါင်း စီးနင်း၍ထွက်ခွာသွားသည့် ကျောင်းသား၊ ကြောင်း သိရသည်။ **မျိုးကျော်**

# နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ICT သုတေသနရလဒ်များအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ဒေါက်တာမိမိခင်က တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယပါမောက္ခချုပ်များနှင့် မဟာဌာနမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက Center of Excellence ကွန်ပျူတာတက္ကသိုလ် ဖြစ်သဖြင့် နိုင်ငံတကာအဆင့်မီ သင်ကြား၊ သင်ယူစနစ်များနှင့် အခြေခံအဆောက်အအုံ Facility များ ပြည့်စုံပြီး သုတေသနအခြေပြု Ranking မြင့်သော တက္ကသိုလ်ဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ကာ ရေရှည်တည်တံ့စေရေး ပုံမှန်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်သွားရန်၊ ကျောင်းသားများ အဆင်ပြေချောမွေ့စွာ လေ့လာဆည်းပူးနိုင်ရေး စီမံဖြည့်ဆည်းပေးရန်၊ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ပံ့ပိုးပေးနိုင်ရန် မဟာဗျူဟာစီမံကိန်းအတိုင်း အရည်အချင်းပြည့်ဝသော ICT ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်သွားရန်၊ သုတေသနရလဒ်များကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် အသုံးချနိုင်ရေးအတွက် University-Industry Collaboration ကို မြှင့်တင်ဆောင်ရွက်ရန် မှာကြားပြီး ဆရာများနှင့် ကျောင်းသားများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်အသုံးပြုမှု၊ ဘာသာစကားလုပ်ဆောင်ရေး သုတေသနဌာန၊ ဆိုက်ဘာလုံခြုံရေး သုတေသနဌာန၊ Learning Management System ဆောင်ရွက်ထားမှု၊ Digital Library နှင့် Library Information System ခန်း ပြင်ဆင်ထားရှိမှု၊ Book Shop တွင် မူပိုင်ခွင့်ဖြင့် ပုံနှိပ်ပြီး မှီငြမ်းစာအုပ်များကို ကျောင်းသားများ ဈေးသက်သာစွာ အလွယ်တကူဝယ်ယူနိုင်အောင် စီစဉ်ထားရှိမှု၊ ကွန်ပျူတာနည်းပညာလက်တွေ့ခန်း၌ ငါးကန်မှ စွန့်ပစ်ပစ္စည်းများကိုအသုံးပြုပြီး မြေမဲ့စိုက်ပျိုးရေးလုပ်ငန်း သုတေသနပစ္စည်းနှင့် Internet of Things ကိုအသုံးပြု၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး Smart City ပုံစံငယ် တည်ဆောက်ထားမှု၊ အားကစားခန်းမ ပြင်ဆင်ထားရှိမှုနှင့် သုတေသနစင်တာနှင့် ကျောင်းသားဆောင် တည်ဆောက်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကွပ်ကဲမှုအောက်ရှိ အင်းလေးဆောင်၊ သဇင်ဆောင်၊ စဥ့်ကူးဆောင်နှင့်ဇီဝကဆောင်များသို့ သွားရောက်စစ်ဆေးပြီး ကျောင်းသားများ အဆောင်စည်းကမ်းများနှင့် အညီ စနစ်တကျနေထိုင်စေရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်များကို တိကျစွာလိုက်နာကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးတိုးတက်ရရှိရေး ကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ခေတ်မီ စိုက်ပျိုးစနစ်များ လိုက်ပါကျင့်သုံးမှု ထွန်းကားလာစေရေးနှင့် ဆည်ရေသောက်စနစ်အတွင်းရှိ စိုက်ကွင်းများအားလုံး စိုက်ပျိုးရေအညီအမျှ ရရှိသုံးစွဲနိုင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက တောင်သူများနှင့် အနီးကပ်တွေ့ဆုံဆွေးနွေးခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ထန်းတောကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်မှုလယ်ယာ ဦးစီးဌာန တာဝန်ရှိသူများက သဲဖြူကျေးရွာ ကွင်းအမှတ်(၁၄၈၁)တွင် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဧက ၁၅၀ ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေကို စိုက်ပျိုးမွေးမြူရေး အခြေခံသော ဖွံ့ဖြိုးတိုးတက်သည့် စံပြဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးရေ အသုံးချမှုဆိုင်ရာ နည်းပညာရပ်များကို စနစ်တကျကျင့်သုံးခြင်းဖြင့် ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးတိုးတက်ရရှိနိုင်မှု အကျိုးကျေးဇူးများ၊ စက်မှုလယ်ယာစနစ်သို့ လက်တွေ့မြန်မြန် ကူးပြောင်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၁၅၀ ဖော်ထုတ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ (၆၁) နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွာတောကျေးရွာအုပ်စု ငွေပင်ကျေးရွာ စနစ်ကျလယ်ယာမြေများ အောင်မြင်စွာဖော်ထုတ်ပြီးစီး၍ တောင်သူများထံ ပြန်လည်ပေးအပ်ရေးစီစဉ်ဆောင်ရွက်နေမှု၊ ရွာတောဆင်သေချောင်းပိတ် ယာယီရေလွှဲဆည်နှင့် ရွှေ့လျား ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ပေးဝေနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန် ခွာနာလျှာနာ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်း(နေပြည်တော်)လုပ်ငန်းနှင့် မွေးမြူရေးသုတေသနဦးစီးဌာန ရုံးသစ်တည်ဆောက်မည့်မြေနေရာတို့ကိုလည်းကောင်း၊ ကုန်းနေသတ္တဝါဆိုင်ရာ တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့်ပွားများ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ ပျား၊ နွားနောက်၊ မြင်း၊ အိမ်မွေးတိရစ္ဆာန်နှင့် တောရိုင်းတိရစ္ဆာန် သုတေသနစခန်း(ရွှေမြို့) တည်ဆောက်မည့် မြေနေရာများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်(အင်္ဂလီကန်) စစ်တွေမြို့ ကသီဒြယ်ဘုရားကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) စစ်တွေသာသနာပိုင်၏ နယ်စီးသာသနာပိုင်ကြီး ဒေါက်တာ ဂျိမ်း(စ်)မင်းဒိန်နှင့် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အသီးသီးနှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့မှ အသင်းအုပ်၊ အသင်းထောက်ဆရာတော်များနှင့် အသင်းဝင်များကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ်ဝန်ကြီးများက စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် မေယုလမ်းရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်) ကသီဒြယ်ဘုရားကျောင်း၌တွေ့ဆုံ၍ ဘုရားကျောင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဦးစွာ နယ်စီးသာသနာပိုင်ကြီး ဒေါက်တာ ဂျိမ်း(စ်)မင်းဒိန်က ဆုတောင်းမေတ္တာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ အသီးသီး ပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) စစ်တွေမြို့ ကသီဒြယ်ဘုရားကျောင်းတာဝန်ခံက အသင်းတော်၏ သာသနာတော်ဆိုင်ရာ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အသင်းဝင်များက ဒေသကောင်းကျိုးကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ ကသီဒြယ် ဘုရားကျောင်းအတွက် အလှူငွေများ ပေးအပ်ရာ နယ်စီးသာသနာပိုင်ကြီး ဒေါက်တာ ဂျိမ်း(စ်)မင်းဒိန်က လက်ခံရယူစဉ်။

ကသီဒြယ်ဘုရားကျောင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ နယ်စီးသာသနာပိုင်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# သိန်းနီမြို့ရှိ စော်ဘွားကြီးခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း) ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့ရှိ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (သိန်းနီဟော်နန်း)ကို ပြန်လည်တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက လားရှိုးမြို့နှင့် သိန်းနီမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ စော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းဟော်နန်း ပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဟော်နန်းပြည်လည်တည်ဆောက်မှု ပူးပေါင်းရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမိုးညွန့်နှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် လားရှိုးမြို့နှင့် သိန်းနီမြို့တို့ရှိ ဌာနဆိုင်ရာ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး စော်ဘွားကြီးခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော်(သိန်းနီဟော်နန်း) ပြန်လည်တည်ဆောက်မှု ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

တာဝန်ရှိသူများနှင့် သိန်းနီမြို့ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီဟော်နန်း ပြန်လည်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# မှော်ဘီမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ညောင်နှစ်ပင်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၂၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇီးတောကျေးရွာရှိ ဓမ္မာရုံ၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၆၅ ဦးတို့ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဖေဖော်ဝါရီ ၂၅ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၀၇ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၉၅ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဖေဖော်ဝါရီ ၂၄ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၂၃၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၆-၂-၂၀၂၃ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နိပါတ်တော်လာသိမှတ်စရာ |
| ၂။ | ၁၁း၄၀ | လေ့လာမှတ်သားစရာ စကားပုံများ |
| ၃။ | ၁၆း၃၀ | တပ်မတော်စာတိုက်ခန်း |
| ၄။ | ၁၇း၀၀ | Weekend Idol |
| ၅။ | ၁၉း၂၀ | Movie's Songs |

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်လှုပ်ရှားစစ်ဆေးရေးအဖွဲ့က မြဝတီ-ဘားအံ-ရန်ကုန် လမ်းကြောင်းတစ်လျှောက် မောင်းနှင်လာသော မော်တော်ယာဉ်များကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမှတ်(၂)လမ်းဇရပ်ကွင်းကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော PVC Resin ကီလိုဂရမ် ၈၅၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၅၆၀၈၅ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၅၆၀၈၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၃ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်





နှင့် ကွဲလွဲပါရှိလာသော Toy Small Car with Battery & Remote Control ခုနစ်ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ နှင့် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော ECG Recording Paper (Thermal-Paper) ၃၁၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၅၂၀၀၀ ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ)၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Basin Waste P-Trap အခု ၃၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၄၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၉၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် ဘိလပ်မြေအိတ်ခွံ ကီလိုဂရမ် ၃၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi-Fuso (Tractor-Head) တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မင်္ဂလာဒုံမြို့နယ် ပုလဲ(၁)ရပ်ကွက်ရှိ ဂိုဒေါင်များကို ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စက်မှုကုန်ကြမ်း ဘေထုပ် ၁၀၈ ထုပ်၊ Lactasoy (Soy-Milk) ဖာ ၄၀၊ ပန်ကာအဟောင်း အခု ၁၁၀ အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် စက်မှုနယ်မြေ စက်မှုလမ်းတွင် ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ အကောက်ခွန်မဲ့ဆိုင်ကယ်များကို စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းမော်တော်ယာဉ် နှစ်စီးအနီးရှိ ဂိုဒေါင်အမှတ် စမ ၆/၁၄ ဂိုဒေါင်အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Brand New မော်တော်ဆိုင်ကယ် ၁၀၈ စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၀၀၀၀၀ နှင့် အဆိုပါဆိုင်ကယ်များတင်ဆောင်သော မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၃ ဒသမ ၃၁၆၈ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၈၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၂၃ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၅ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၅၈၆၄၈၅ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဃ်န်းကျွန်း၊ နောင်ချိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် မိကျောင်းကန်ရပ်ကွက် ဝေဇယန္တာလမ်းတွင်ရပ်တန့်ထားသည့် Nissan AD Van အမျိုးအစား မော်တော်ယာဉ်နှင့်အတူ မျိုးခိုင်ဇော်၊ ချမ်းသာနှင့် ကိုကိုနိုင်တို့ သုံးဦးကို တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကိုလည်းကောင်း။

အလားတူ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာအနီးတွင် ဇေယျာစိုးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ကီးအံဝှက်နှင့် လေစစ်ဘူးအတွင်းတို့မှ စိတ်ကြွဆေးပြား ၅၈၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၂၄ ရက် ည ၆ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မယ်ပုလုံကျေးရွာအုပ်စု ဂျူးလူကျေးရွာအနီးတွင် အောင်ဇော်ထွန်းမောင်းနှင်ပြီး စိုင်းတို့ (ခ) စိုင်းစံတို့ လိုက်ပါလာသော TOYOTA WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အင်ဂျင်ခန်းအတွင်းမှ အိုက်စ် ၃ ဒသမ ၅ ကီလို သိမ်းဆည်းရမိပြီး ည ၇ နာရီတွင် မိုင်းဆတ်မြို့နယ် ကောင်းမှုကန်ကျေးရွာအုပ်စု ပန်ဟိုင်းကျေးရွာအနီးတွင် အိုက်စ်များ လက်ခံမည့်သူ ကျာတူ(ခ)လောလု၊ ကျီးချိ(ခ)အားဝါတို့နှစ်ဦးကို မော်တော်ဆိုင်ကယ်



နှစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပနန်းကျေးရွာနေ ထိန်ဝင်းသည် ၎င်းအသုံးပြုသည့် "Htein Win" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ချောစုလွင်သည် ၎င်းအသုံးပြုသည့် "Chaw Su Lwin" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ညောင်းကျေးရွာနေ မိုးသဲဖြူသည် ၎င်းအသုံးပြုသည့် " Moethae Phyu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ကျူးဘားနိုင်ငံတွင် တောမီးအမြန်ဆုံးထိန်းချုပ်နိုင်ရေး လေကြောင်းအကူအညီရယူထားရ



**ဟာဗားနား ဖေဖော်ဝါရီ ၂၅**

ကျူးဘားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၃ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး အဆိုပါ တောမီး အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူထားသလို မီးသတ်တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ပေးထားကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးအန္တရာယ် အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကျူးဘားတပ်မတော်မှ ရဟတ်ယာဉ်များစေလွှတ်ပေးထားပြီး တောမီးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို တာဝန်ရှိသူများက လေကြောင်းမှတစ်ဆင့် ညွှန်ကြားမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဟာဗားနားအရှေ့ဘက်ပိုင်းဧရိယာများနှင့် ဟိုလ်ဂူအင်ပြည်နယ် ပီနာရက်စ်ဒီမာယာရီဧရိယာတို့တွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး လူနေအိမ်များနှင့် ဝေးကွာသော်လည်း ကော်ဖီစိုက်ခင်းများ၊ အဖိုးတန်သစ်တောကြိုးဝိုင်းများ ပျက်စီးစေနိုင်သည့်အတွက် တောမီးအမြန်ဆုံးထိန်းချုပ်ရန် ကြိုးပမ်းနေကြောင်း ကျူးဘားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းနေမှုဟာ တစ်နေရာကနေတစ်နေရာ ပျံ့နှံ့တာ မြန်ဆန်နေပါတယ်။ မိုးလေဝသအခြေအနေကြောင့်လဲ တောမီးလောင်ကျွမ်းမှုဟာ ကူးစက်မှုနှုန်းမြင့်မားနေတာဖြစ်ပါတယ်။ တောမီးကြောင့် တောရိုင်းတိရစ္ဆာန်တွေ အသေအကျေများနိုင်သလို အဖိုးတန်သစ်တောကြိုးဝိုင်းတွေ၊ ကော်ဖီစိုက်ခင်းတွေလဲ ပျက်စီးလာစေနိုင်ပါတယ်"ဟု ကျူးဘားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် ဘဿဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကျွမ်းကျင် သုတေသီတစ်ဦးဖြစ်သူ ရာမီရက်ဇ်က ပြောကြားခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# တူရကီနှင့်ဆီးရီးယားနိုင်ငံတွင် ငလျင်ကြောင့် သေဆုံးသူ ဦးရေ ၅၀၀၀၀ ကျော်ထိရှိလာ

**အင်ကာရာ ဖေဖော်ဝါရီ ၂၅**

တူရကီနှင့် ဆီးရီးယားနိုင်ငံတို့တွင် ယခုလအစောပိုင်းက လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ယခုနှစ်နိုင်ငံနောက်ဆုံးထုတ်ပြန်သောစာရင်းများအရ သေဆုံးသူဦးရေ ၅၀၀၀၀ ကျော်ထိရှိလာပြီဖြစ်ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိသော်လည်း အသက်ရှင်ကျန်ရစ်သူ မတွေ့ရှိရတော့ကြောင်း၊ ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေး လုပ်ငန်းများကို ကယ်ဆယ်ရေးသမား ဦးရေ ၂၄၀၀၀၀ ခန့်ဖြင့် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တူရကီနိုင်ငံ၏ သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့၏ ဖေဖော်ဝါရီ ၂၄ ရက် ထုတ်ပြန်ချက်တွင် သေဆုံးသူ ၄၄၂၁၈ ဦးရှိကြောင်း ထုတ်ပြန်ထားပြီး ဆီးရီးယားနိုင်ငံ၏နောက်ဆုံးထုတ်ပြန်ချက်တွင် သေဆုံးသူ ၅၉၁၄ ဦးရှိကြောင်း သိရသည်။

တူရကီအရှေ့တောင်ပိုင်းနှင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတို့တွင် ဖေဖော်ဝါရီ ၆ ရက်ကလှုပ်ခတ်ခဲ့သော ပထမငလျင်မှာ ပြင်းအား ၇ ဒသမ ၇ မဂ္ဂနီကျုရှိပြီး တစ်စက္ကန့်အကြာတွင် ၇ ဒသမ ၆ မဂ္ဂနီကျုရှိ ငလျင်ထပ်မံလှုပ်ခတ်ခဲ့ခြင်းဖြစ်ကာ နောက်ဆက်တွဲငလျင်ငယ်ပေါင်း အကြိမ် ၉၀၀၀ ကျော်လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

တူရကီတစ်နိုင်ငံတည်းတွင် သဘာဝဘေးသင့်ဒေသမှ လူဦးရေ ၅၃၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ယခုချိန်ထိ အဆောက်အအုံ ၁၇၃၀၀၀ ပြိုကျပျက်စီးခဲ့ကာ လူဦးရေ ၁ ဒသမ ၉ သန်းကျော်သည် ယာယီအမိုးအကာများ သို့မဟုတ် ဟိုတယ်များနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများတွင် ခိုလှုံနေကြရကြောင်း တူရကီအစိုးရက ပြောကြားထားသည်။

ငလျင်ကြောင့် တူရကီနိုင်ငံတွင် လူဦးရေ သန်း ၂၀ ထိခိုက်ခဲ့ပြီး ဆီးရီးယားနိုင်ငံတွင် လူဦးရေ ၈ ဒသမ ၈ သန်း ထိခိုက်ခဲ့သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။

AZH


# ဥရောပနိုင်ငံများတွင် ယခုနှစ်အတွင်း မကြုံစဖူး မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေ

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၅**

ဥရောပနိုင်ငံများဖြစ်သော အီတလီနိုင်ငံမြောက်ပိုင်း၊ ပြင်သစ်တောင်ဘက်ပိုင်းနှင့် အလယ်ပိုင်း၊ စပိန်အရှေ့ပိုင်း၊ ဂရိ၊ ဂျာမနီ၊ ဩစတြီးယားနှင့် ခရိုအေးရှားနိုင်ငံတို့တွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှုလိုအပ်သည်ထက် နည်းပါးလျက်ရှိပြီး မကြုံစဖူးမိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရကြောင်း ဥရောပသမဂ္ဂမိုးခေါင်ရေရှားမှုစောင့်ကြည့်ရေးအဖွဲ့၏ အဆိုအရသိရသည်ဟု ရှင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လက်ရှိ ဥရောပနိုင်ငံအများအပြားတွင် မကြုံစဖူး မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရပြီး စိုက်ပျိုးရေးနှင့် လူတို့၏အစားအစာလုံလောက်မှုကိုပင် ထိခိုက်လာစေနိုင်ကြောင်း၊ လာမည့်ပူနွေးသောကာလများတွင် အပူချိန်ပိုတိုးလာမည့်ပြဿနာများ ကြုံတွေ့လာနိုင်သည်ဟု အဆိုပါအဖွဲ့က သတိပေးထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံအနှံ့ နေရာအများစုတွင် မိုးရွာသွန်းမှုမရှိသည်မှာ တစ်လကျော်ကြာမြင့်သွားပြီဖြစ်ကြောင်း၊ ၎င်းသည် ၂၀၂၀ ပြည့်နှစ်က တင်ထားသောစံချိန်ကို ကျော်လွန်ခဲ့ကြောင်း ပြင်သစ်နိုင်ငံ Meteo France မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ထို့ပြင် အီတလီနိုင်ငံအချို့ဒေသများတွင် မိုးရွာသွန်းမှုအနည်းငယ်ရှိခဲ့သော်လည်း အထူးသဖြင့် နိုင်ငံမြောက်ပိုင်း ဒေသများတွင် မိုးရွာသွန်းမှုမှာ အလွန်နည်းပါးသဖြင့် ရေရှားပါးမှုကြောင့် အီတလီလူမျိုး ၃ ဒသမ ၅ သန်းထိအန္တရာယ်ရှိလာနိုင်ဟု ANBI ရေအရင်းအမြစ်လုပ်ငန်းစုက ပြောကြားထားကြောင်း၊ အီတလီနိုင်ငံ လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် အလွန်အမင်းမိုးခေါင်သော ဒေသများတွင် နေထိုင်ကြရကြောင်း သိရသည်။

ထို့အတူ စပိန်နိုင်ငံတွင်လည်း မိုးရွာသွန်းမှုနည်းပါးသဖြင့် သိုးနွားအထွက်နည်းခဲ့ပြီး တိရစ္ဆာန်အစာအခက်အခဲနှင့် ရင်ဆိုင်နေရကာ ရေအသုံးပြုခြင်းနှင့် ပတ်သက်၍ ကားရေဆေးခြင်းနှင့် ရေကူးကန်များရေဖြည့်ခြင်းတို့ကို ကန့်သတ်ထားကြောင်း သိရသည်။

AZH

# နယူးဇီလန်နိုင်ငံတွင် တိုက်ခတ်ခဲ့သော ဂါဘရီရယ်လ်လီမုန်တိုင်း ငြိမ်သက်သွားပြီဖြစ်၍ ပျောက်ဆုံးသူ ၂၃ ဦးကို ရှာဖွေလျက်ရှိ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၂၅**

နယူးဇီလန်နိုင်ငံတွင် ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သော်လည်း မုန်တိုင်းကြောင့် ပျောက်ဆုံးနေသူ ၂၃ ဦးကို အင်အားသုံး ရှာဖွေနေဆဲဖြစ်ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ကြောင်း NZ Herald သတင်းဌာနက ဖေဖော်ဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နယူးဇီလန်နိုင်ငံတွင် ဇန်နဝါရီ ၁၅ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားခဲ့သလို သေဆုံးသူ ၁၁ ဦးရှိခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူ သောင်းနှင့်ချီရှိခဲ့ကြောင်း သိရသည်။

"ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်း အခြေအနေတည်ငြိမ်သွားပြီဖြစ်တဲ့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတချို့လဲ နေရပ်ကို ပြန်သွားကြပါပြီ။ ဒါပေမဲ့ မုန်တိုင်းကြောင့် ပျောက်ဆုံးနေသူ ၂၃ ယောက်ရှိနေပါသေးတယ်။ ပျောက်ဆုံးနေတဲ့ ပြည်သူ ၂၃ ယောက်ကို ရဲတပ်ဖွဲ့အနေနဲ့ အင်အားသုံးရှာဖွေပေးနေပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကိုလဲ နည်းလမ်းမျိုးစုံသုံးပြီးတော့ ဆောင်ရွက်နေပါတယ်။ အသက်ရှင်လျက် အမြန်ဆုံးပြန်လည်ရှာဖွေနိုင်မယ်လို့မျှော်လင့်ပါတယ်"ဟု နယူးဇီလန်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဂါဘရီရယ်လ်လီဆိုင်ကလုန်းမုန်တိုင်းကြောင့် နိုင်ငံအတွင်း ဆက်သွယ်ရေးပြတ်တောက်မှုဖြစ်ပေါ်ကာ မုန်တိုင်းတိုက်ခတ်ခဲ့သည့်ကာလအတွင်း၌ ဆက်သွယ်ရေးပြတ်တောက်နေသည့် လူဦးရေ ၆၀၀၀ ကျော်ရှိခဲ့ကြောင်း၊ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီးနောက် ဆက်သွယ်မှုပြတ်တောက်နေသည့် ဒေသခံများနှင့် အဆက်အသွယ်ပြန်လည်ရရှိခဲ့သော်လည်း ၂၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# အမေရိကန်နိုင်ငံ လာမီရန်ဒါမြို့တွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၅**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လာမီရန်ဒါမြို့တွင် ဖေဖော်ဝါရီ ၂၄ ရက်က အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လေဆင်နှာမောင်းကြောင့် လာမီရန်ဒါမြို့တွင် သစ်ပင်ကြီးများလဲကျကာ လမ်းမကြီးတချို့ပိတ်ဆို့မှုဖြစ်ပေါ်နေပြီး ဓာတ်တိုင်တချို့လဲကျခဲ့ခြင်းကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ လေဆင်နှာမောင်းကြောင့် အဆောက်အအုံတချို့ပျက်စီးပြီး ဒဏ်ရာရရှိသူအနည်းစုရှိခဲ့သော်လည်း ဒဏ်ရာပြင်းထန်မှုမရှိကြောင်း လာမီရန်ဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လာမီရန်ဒါမြို့ကို ဝင်ရောက်ခဲ့တဲ့ လေဆင်နှာမောင်းဟာ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းဒေသတွေဆီကို ဦးတည်တိုက်ခတ်နေပါတယ်။ လေဆင်နှာမောင်းပြီးရင် မုန်တိုင်းဝင်ရောက်လာဖွယ်လဲရှိနေပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်းသည် လာမီရန်ဒါမြို့မှတစ်ဆင့် လန်ပို့ကောင်တီနှင့် ဆန်တာဘာဘာရာကောင်တီဘက်သို့ ဦးတည်တိုက်ခတ်နေကြောင်း၊ လေဆင်နှာမောင်းဝင်ရောက်လာဖွယ်ရှိနေသည့် ဧရိယာများ၌နေထိုင်သည့် ဒေသခံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ဆန်တာဘာဘာရာကောင်တီအာဏာပိုင် အဖွဲ့အစည်းကလည်း ဆန်တာဘာဘာရာကောင်တီတောင်ဘက်ပိုင်း ဧရိယာများကို လေဆင်နှာမောင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားပြီး ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းကလည်း ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းဒေသများကို လေဆင်နှာမောင်းအန္တရာယ်သတိပေး ချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **နိုင်းဆက်**

0w Mkv d @

# ခင်မင်ခဲ့ရဖူးပါသော

စံရွှေနီထွန်း




(၁)

မူလတန်းကျောင်းမုန့်စားလွှတ်ချိန်မှာ-

"နှင်းနှင်း နင်မုန့်သွားဝယ်ဖို့လား"

"အေး"

"မဝယ်နဲ့ နင့်မုန့်ဖိုးသိမ်းထားလိုက်။ ရော့ ငါ့မေမေလုပ်ထားတဲ့ထောပတ်ကွတ်ကီး"

"ဟယ် စားလို့ကောင်းလိုက်တာ"

"ကောင်းတယ်မလား။ သကြားတွေနဲ့လုပ်ထားတာဟ"

"နင်ကြိုက်ရင် ငါ နေ့တိုင်းယူလာခဲ့မယ်။ အိမ်မှာ အများကြီးရှိတယ်"

"ဟေး ပျော်လိုက်တာ"

"နှင်းနှင်း"

"ဟင်"

"နင့်ခဲတံက တအားတိုနေပြီ မရေးနဲ့တော့ လွှင့်ပစ်လိုက်။ ရော့ ငါ့ခဲတံယူလိုက်"

"ဟောတော် ငါဗလာစာအုပ်ကုန်နေတာမေ့နေလို့ အသစ်မယူလာခဲ့မိဘူး"လို့ နှင်းနှင်းကပြောတော့-

"ငါ့မှာ ဗလာစာအုပ်အသစ်တစ်အုပ်ပါလာတယ်။ ရော့ နင်ယူလိုက်တော့"

"ငါ နောက်နေ့ပြန်ဝယ်ပေးမယ်နော်လမင်း"

"ရပါတယ်ဟာ ဝယ်ပေးမနေနဲ့တော့"

အလယ်တန်းကျောင်းတက်ချိန်မှာ-

"လမင်းရေ ဆရာမက ငါ့ကို တံမြက်စည်းဝယ်ခိုင်းလိုက်တယ်"

"ငါ့ကိုလဲဝယ်ခိုင်းထားတယ်။ ငါတို့ ဈေးမှာ အတူတူသွားဝယ်ရအောင်"

"ငါ့အမေက နောက်နေ့မှဝယ်တဲ့။ ဒီနေ့ ပိုက်ဆံမပေးနိုင်သေးဘူးတဲ့"

"ငါစိုက်ဝယ်ပေးမယ်။ လာသွားဝယ်ရအောင်"

(၂)

အထက်တန်းကျောင်းတက်ချိန်မှာ-

"နှင်းနှင်း"

"ငါပေးတဲ့အင်္ကျီလေးတွေ တစ်ခါမှ ဝတ်လာတာမတွေ့ဘူးနော်"

"ငါ. . ."

"အယ် ပြောလေ ဘာဖြစ်လို့လဲ"

"ငါ့အမေ ယူပေါင်ထားလို့"

"ဩော်. . ."

သူငယ်ချင်းတို့မိသားစုကမပြေလည်ကြ။ မိသားစုများပြီး ဖခင်ဖြစ်သူက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ နေ့စားမီးရိုက်မီးဆင်လုပ်သူ။ မိခင်ဖြစ်သူကတော့ လမ်းထိပ်မှာ လမ်းသရဲမုန့်၊ မုန့်လင်မယားနဲ့ ငါးပိရည်အတို့အမြှုပ်လေးတွေရောင်းသူ။ မောင်နှမက ခြောက်ယောက်။

"နှင်းနှင်း"

"ငါပေးတဲ့ပရိုမီနာမိတ်ကပ်ကုန်ပြီလား"

"ကုန်ပြီ"

"ရော့ရော့ ငါနှစ်ဘူးဝယ်ထားတာ တစ်ဘူးနင်ယူလိုက်"

ကျွန်မ လမင်းမေနဲ့ နှင်းနှင်းက သူငယ်တန်းကတည်းက သူငယ်ချင်းတွေ။ လမင်းမေတို့ကမောင်နှမနှစ်ယောက်။ ဖေဖေကဝန်ထမ်း၊ မေမေကအထည်ဆိုင်ဖွင့်ထားသူမို့ ငွေကြေးအရချောင်ချောင်လည်လည်နဲ့ စားနိုင်သောက်နိုင်အဆင့်။ သူငယ်ချင်းတို့မိသားစုမပြေလည်တာမြင်တော့ မနေတတ်လို့ တတ်နိုင်သလောက် ကူညီခဲ့ပါတယ်။

"နှင်းနှင်းစာမေးပွဲနီးပြီနော်။ နင် ကျူရှင်မတက်သေးဘူးလား"

"ငါ့မှာ ကျူရှင်လခပေးဖို့မရှိဘူး။ ငါ့မိဘတွေက သူတို့တောင်စားဖို့အနိုင်နိုင်ဆိုတော့ ငါလဲ မတောင်းရက်ဘူးဟာ"

"အဲဒါဆို ငါ ကျူရှင်လခပေးမယ် နင်တက်လိုက်"

"အေးပါ သူငယ်ချင်းရယ်"

ဒီလိုနဲ့ ကျူရှင်အတူတူတက်။ စာမေးပွဲဖြေခါနီးအချိန်ရောက်တော့ အိမ်မှာပဲ အတူတူစား၊ အတူတူစာကျက်။ အောင်စာရင်းတွေထွက်လာတော့ နှင်းနှင်းကျပြီး လမင်းအောင်ပါတယ်။

"နှင်းနှင်း နင်ဆယ်တန်းကျတော့ ဘာဆက်လုပ်မလဲ။ ငါစိတ်မကောင်းဘူးဟာ"

"ဘယ်တတ်နိုင်မှာလဲ။ ငါ့မှာ ပညာရေးကံမပါမလာတာ။ ငါအလုပ်လုပ်တော့မယ်"

"နင်ကော"

"ငါကတော့ တက္ကသိုလ်ဆက်တက်မှာပေါ့"

"အေးပါ ကောင်းပါတယ်"

"အင်း နင်အလုပ်လုပ်မယ်သာပြောနေတာ။ နင့်မှာ အဝတ်အစားကောင်းတာမရှိဘူး။ ဒီလိုလုပ် ငါ့အဝတ်အစားတွေထဲက နင်တော်တဲ့ဟာ လာယူလိုက်"

"နင့်အမေ ပြောနေအုံးမယ်"

"အမေကပြောမှာမဟုတ်ဘူး။ ငါတက္ကသိုလ်တက်ရတော့မှာမို့ အဝတ်အစားအသစ်တွေ ဝယ်ပေးမယ်ပြောတယ်"

"ရော့ဒီမှာ ငါ့အဝတ်အစားတွေ နင့်ကိုပေးတာ။ အဟောင်းတွေမဟုတ်ဘူးနော်။ ငါအခုဝတ်နေတဲ့ အဝတ်အစားတွေချည်းပဲ"

လမင်းနဲ့နှင်းနှင်းကိုယ်လုံးက သိပ်တော့မကွာလှ။

"အေးပါဟယ်။ ကျေးဇူးပါသူငယ်ချင်းရယ်"

နှင်းနှင်းအလုပ်ရသွားတော့ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်။ လမင်းလဲတက္ကသိုလ်ဆက်တက်၊ လမင်းတက္ကသိုလ်တက်ရင်း ကိုအေးလွင်နဲ့တွေ့ပြီး အိမ်ထောင်ကျခဲ့ပါတယ်။

(၃)

နှင်းနှင်းတစ်ယောက် အလုပ်နဲ့နီးရာ အဆောင်ပြောင်းသွားပြီးနောက်ပိုင်း လမင်းတို့ အဆက်အသွယ်ပြတ်သွားကြတာ နှစ်အတန်ကြာတော့မှ လမင်းတို့ရပ်ကွက်ကိုပြန်ရောက်လာပြီး အိမ်ကို အဝင်၊ အထွက်ရှိလာခဲ့ပါတယ်။ နှင်းနှင်းလဲအိမ်ထောင်ကျပြီး ကလေးမရ။ နှင်းနှင်းယောကျ်ားက အင်မတန်ဝင်ငွေကောင်းတဲ့ဌာနက အရာရှိ။ အိမ်ကတော့ လမင်းတို့ရပ်ကွက်ထဲမှာ နှစ်ထပ်တိုက်ကြီးဆောက်ထားတာ ခံ့လို့ထည်လို့။ နှင်းနှင်း လမင်းတို့အိမ်လာလည်တော့-

"မနေ့က မောင် ဟော့ပေါ့စားချင်တယ်ဆိုလို့သွားစားကြတာ သိန်းချီရှင်းလိုက်ရတယ်"

"ဟယ် များလိုက်တာဟယ်"

"အဲဒါမများဘူး။ မောင့်သူငယ်ချင်းတွေနဲ့သွားစားရင် ဟင်းတစ်ပွဲတောင် လေးသောင်း၊ ငါးသောင်း သူငယ်ချင်းရေ"

"ဩော်. . ."

"နင် ဝတ်ထားတာလေးလှလိုက်တာ"

"မောင်က အရာရှိဆိုတော့ ငါ့ကို Brand အဝတ်အစားတွေဝတ်မှကြိုက်တာဟ"

"အခုဝတ်ထားတာ နောက်ဆုံးပေါ် တံဆိပ်လေ"

နှင်းနှင်းလက်ထဲပါလာတဲ့အိတ်ကြီးကိုဖွင့်ပြရင်း-

"လမင်းဒီမှာကြည့် မောင် ကိုရီးယားသွားတုန်းက ဝယ်လာပေးတာတွေ ပွဲသွားရင်ဝတ်ဖို့"

"ဟယ် လှလိုက်တာ"

"နင် တအားကံကောင်းတာပဲသူငယ်ချင်းရယ်"

လမင်းကတော့ ကလေးသုံးယောက်နဲ့ လမင်းအမျိုးသားက ကုမ္ပဏီဝန်ထမ်း၊ လမင်းက မူလတန်းပြဆရာမ။ စနေ၊ တနင်္ဂနွေအားတဲ့အချိန်တွေမှာ နှင်းနှင်းခေါ်လို့ ဗိုလ်ချုပ်ဈေးပတ်ရင်းလိုက်ခဲ့ပါတယ်။

"လမင်းရေ ဒီအင်္ကျီလေး ငါနဲ့ လိုက်လားကြည့်ပေးပါအုံး"

"ဒီအပြာနုရောင်ဇာလေးက နင်နဲ့လိုက်တယ်"

"အဲဒါဆို ငါယူလိုက်မယ်"

"နင်လဲဝယ်လေ"

"ငါမဝယ်ပါဘူးသူငယ်ချင်းရယ်"

နှင်းနှင်းက လမင်းအခြေအနေကိုမသိ။ လမင်းအိမ်ထောင်ကျပြီးနောက်ပိုင်း လမင်းအဖေလေဖြတ်လို့ အိပ်ရာထဲလဲရာကအစပြုကာ ဘူးလေးရာဖရုံဆင့်ဆိုသလို လမင်းအမေနှလုံးဖောက်ပြီးဆုံးပါးသွားတော့ လူမမာလမင်းဖေဖေကို ကိုလွင်(လမင်းအမျိုးသား)နဲ့ လမင်းပြုစုစောင့်ရှောက်ခဲ့ရတယ်။ လကုန်ပြီဆို ကိုလွင်ရဲ့လခ၊ လမင်းရဲ့လခတွေက စားစရိတ်ဖယ်ပြီး ကလေးတွေကျူရှင်လခတွေနဲ့တောင် မလောက်ငခဲ့ဘူး။ အဲဒါတွေ နှင်းနှင်းမသိ။ လမင်းဘာသာလမင်း အားတင်းအံကြိတ်မာန်တင်းခံရင်း ဘဝလောကဓံအတွေ့တွေကို ရင်ဆိုင်ဖြေရှင်းနေခဲ့ရတယ်။ လမင်းမှာ မိဘအမွေအိမ်တစ်လုံးရှိလို့ အိမ်လခ လတိုင်းမပေးရလို့သာ၊ နို့မို့ဆို ဒီကလေး သုံးယောက်နဲ့မတွေးဝံ့။ လမင်းအစ်ကိုကိုဝဏ္ဏက နိုင်ငံခြားမှာ။ ယောက်မက လမင်းတို့မိသားစုဈေးမှာ၊ ငှားမှာကြောက်လို့လားမသိ ကိုဝဏ္ဏမရှိရင် အိမ်တောင်လာတာမဟုတ်။ လမင်းကလဲ ယောက်မကို မျက်နှာလို မျက်နှာရမလုပ်ချင်ပေါင်။

(၄)

တစ်နေ့ ငွေအရေးတကြီးလိုလို့ နှင်းနှင်းအိမ်သွားပြီး

"နှင်းနှင်းရေ ငါပြောစရာရှိလို့"

"ပြောလေ လမင်း"

"ငါ့ကို ငွေနှစ်သိန်းလောက် ခဏလှည့်ပါလား"

"ဩော်. . . နင်ယူမယ်ဆို ၁၀ တိုးနဲ့ ငါပေးမယ်။ သူများတွေဆို ၂၀ တိုးယူတာ။ အတိုးတွေက ရပ်ကွက်ထဲမှာ ၃၀ တိုးတွေဖြစ်နေပြီ နင့်မို့ငါပေးတာ"

နှင်းနှင်းရဲ့အတိုးတွက်အတွက်အချက်အပြောတွေအောက်မှာ အောင့်သက်သက်နဲ့ငွေနှစ်သိန်းချေးငှားလာရတယ်။ လမင်းမှာ ပေါင်နှံစရာ ရွှေတစိုးတစိမှမရှိတာဘဲလေ။

"ကိုလွင် လမင်းသူငယ်ချင်းဆီက ငွေနှစ်သိန်းချေးယူလာတယ်။ နောက်လကုန် လခရတော့မှ ပြန်ဆပ်တော့မယ်။ လကုန်တာနဲ့မပေးနိုင်ရင် မျက်နှာငယ်ရမှာ။ အခုကစပြီး စိစိစစ်စစ်သုံးမှရတော့မယ် ကိုလွင်ရေ"

"နှင်းနှင်းဆီကဆိုရင် အတိုးမပါဘူးမဟုတ်လား"

"အင်း"

ကိုယ့်ခင်ပွန်းကို မလိမ်စဖူးလိမ်လိုက်ရတဲ့လမင်းအဖြစ်။ လမင်းနဲ့နှင်းနှင်းတို့ရဲ့ငယ်ဘဝအကြောင်းတွေကို ကိုလွင်အကုန်သိထားခဲ့တာပါ။

"လမင်းရေ ငါတို့အိမ်မှာအလှူလုပ်မလို့ သန်ဘက်ခါ နင်လာခဲ့"

"ဩော်. . . အေးပါ ဘာအလှူလဲ"

"ဟဲဟဲ ဘာရယ်မဟုတ်ပါဘူး။ မောင်တို့ရုံးက မောင့်လုပ်ဖော်ကိုင်ဖက်တွေကို ထမင်းဖိတ်ကျွေးရင်းဘုဖေးသဘောမျိုးဆိုပါတော့ အဲဒါနင်လာခဲ့နော်"

သူငယ်ချင်းဖိတ်တော့လဲ လမင်းသဘောရိုးနဲ့သွားလိုက်တာပေါ့။ ဟိုရောက်တော့ မျက်နှာစိမ်းတွေကြားထဲ လမင်းမှာ ကြောင်တောင်တောင်။ နှင်းနှင်းမိသားစုဝင်တွေလဲ တစ်ယောက်မှမတွေ့ရ။ နှင်းနှင်းကတော့ ထက်အောက်အဖြူရောင်ဇာမှာ စီးကွင့်ရောင်စုံတဖိတ်ဖိတ်နဲ့။ ဝတ်ထားတဲ့စိန်တွေကလဲ တလက်လက်နဲ့ရောင်ပြန်ဟပ်ပြီး တောက်ပနေတာပဲ။ လမင်းကတော့ ရိုးရိုးအပေါ် ဇာပန်းဖျော့ လက်ရှည်အင်္ကျီနဲ့ အောက်က ပါတိတ်လုံချည်လေးဝတ်ပြီး ဘာအဆင်တန်ဆာမှမပါ။

စာမျက်နှာ ၂၅သို့ ➤

➤ စာမျက်နှာ ၂၄မှအဆက်

"အစ်မ လာလေ"

တစ်ခါမှမတွေ့ဖူးတဲ့၊ ကိုယ့်ထက်ငယ်ပုံရတဲ့အသားညိုညို၊ ဆံပင်တိုကုပ်ဝဲ၊ ဝတုတ်တုတ်ကောင်မလေးတစ်ယောက်လှမ်းခေါ်လိုက်တော့မှ-

"ဟင် အင်း"

သူဆွဲခေါ်ရာမီးဖိုချောင်ထဲ သူနဲ့အတူဝင်ထိုင်ရင်း။ သူ တစ်ယောက်တည်း အလုပ်တွေလုပ်နေတာမြင်တော့ လမင်းလဲမနေတတ်တော့ဝင်ကူညီ။

"ဟယ် လမင်း"

"နင့်ကိုတွေ့လိုက်ပါတယ်ဆိုပြီး ငါလိုက်ရှာနေတာ။ နင်က မီးဖိုချောင်ထဲရောက်နေတယ်"

"ရပါတယ်။ ငါ ဒီမှာပဲနေမယ်။ နင် လုပ်စရာရှိတာလုပ်လေ"

"အေးသူငယ်ချင်းရယ်။ လက်စနဲ့ ဒီပန်းကန်လေးတွေဆေးပေးပါလားဟယ်။ ဟိုကောင်မလေး ဘယ်ထွက်သွားပြန်ပြီလဲ"

"ခုန နင့်အမျိုးသားလှမ်းခေါ်လိုက်လို့"

"ဆောရီးသူငယ်ချင်းရယ်။ မောင့်သူငယ်ချင်းတွေနဲ့အဖွဲ့ကျနေလို့ ကျေးဇူး ကျေးဇူး"

အလောတကြီးပြောရင်း ပြန်ထွက်သွားတဲ့နှင်းနှင်း။

အဲဒီနေ့က လမင်းအိမ်ကို ညရှစ်နာရီထိုးမှ ပြန်ရောက်ပါတယ်။

(၅)

နှင်းနှင်းဆီကချေးယူထားတဲ့ငွေကို နှစ်လကြာမှ ပြန်ဆပ်နိုင်ခဲ့ပါတယ်။ လမင်းနဲ့နှင်းနှင်းအဆက်အဆံမပြတ်။ တစ်နေ့ တူလေးမင်္ဂလာဆောင်သွားကြမှာမို့ လမင်းတို့လင်မယား နှင်းနှင်းတို့အိမ်ဝင်ပြီး နှင်းနှင်းကားနဲ့အတူတူသွားကြမှာမို့ နှင်းနှင်းအိမ်အရောက်-

"လမင်း နင် နင့်တူမင်္ဂလာဆောင်သွားမှာမဟုတ်လား။ ဒီအတိုင်းသွားမှာဟုတ်လား"

"အေးလေ"

"မဖြစ်သေးပါဘူးဟယ်။ လာလာ ငါ့ဆီက ပတ္တမြားဝမ်းဆက်ယူဝတ်"

"နေပါဟာ ရပါတယ်"

"မရဘူးလာပါ လာ"ဆိုပြီး နှင်းနှင်းက လက်ကိုအတင်းဆွဲခေါ်တော့ ပါသွားတယ်။ ကိုယ်ဝတ်ထားတာ ပန်းရောင်လေးမို့ နှင်းနှင်းက ပတ္တမြားဝတ်စေချင်တာနေမှာ။ အခန်းထဲရောက်တော့-

"ရော့"

ပတ္တမြားဆက်လိုက်နဲ့ပုလဲဆက်လိုက်တွေထည့်ထားတဲ့ရတနာဘူး။

"ငါ ပုလဲပဲဝတ်တော့မယ်"

"အေး နင်ကြိုက်တာဝတ်လိုက်'

ပုလဲဆွဲကြိုးဝတ်ပြီးသည်ထိ နှင်းနှင်းအဝတ်အစားလဲနေတာမပြီးသေး။ နှင်းနှင်းလက်ထဲရတနာဘူးကြီးပြန်ထည့်ပေးပြီး အခန်းထဲကထွက်ကာ ဧည့်ခန်းမှာပဲထိုင်နေလိုက်ပါတယ်။

နောက်နေ့တော့ ပြဿနာအကြီးအကျယ်တက်ပါတော့တယ်။

"လမင်းရေ လမင်း"

"ဟေ"

"နင် ပုလဲပဲဝတ်သွားတာနော်"

"အေးလေ နင်နဲ့အတူတူသွားကြတာပဲလေ"

"ငါပတ္တမြားဆွဲကြိုးပျောက်သွားလို့"

"ဟင်"

"ငါ နင့်လက်ထဲရတနာဘူးပြန်ထည့်ပေးခဲ့တာလေ သေချာပြန်စဉ်းစားပါအုံး"

"ငါမတွေ့တော့ဘူး။ နင်များယူသွားသလားလို့"

"ဟယ်သူငယ်ချင်းရယ်။ ငါမယူပါဘူး ဒုက္ခပါပဲ"

"နင်မယူ ဘယ်သူယူမှာလဲ"

လမင်းရှက်လွန်းလို့ မျက်ရည်တွေကျရပါပြီ။ ကိုယ်ကျင့်သိက္ခာကိုပေါ်တင်ကြီးစော်ကားလာတော့ အခန်းထဲမှာရှိနေတဲ့ ကိုလွင်က မိန်းမဘက်ကနေ မခံမရပ်နိုင်ဖြစ်ပြီး-

"ခင်ဗျား ကျွန်တော့်မိန်းမကို လာမစော်ကားနဲ့။ ကျွန်တော့်မိန်းမအကြောင်း ကျွန်တော်သိတယ်။ ကျွန်တော်တို့က ကိုယ့်ကိုယ်ကျင့်သိက္ခာနဲ့ကိုယ်နေကြတာ။ ရတယ် ကျွန်တော်တို့ အဲဒီတန်ကြေးကိုလျော်ပေးမယ်။ ဒါပေမဲ့ ကျွန်တော်တို့မယူဘဲ ယူတယ်ပြောတယ်။ ကျွန်တော့်မိန်းမသိက္ခာကို စော်ကားလိုက်တာ။ ခင်ဗျား တစ်ချိန် ဒီလိုစော်ကားစွပ်စွဲတဲ့အတွက် တန်ရာတန်ကြေးပေးဆပ်ရလိမ့်မယ်။ တောက် ဘဝမေ့ဘဝင်မြင့်အောက်ခြေလွတ်နေတဲ့မိန်းမ"

"အစ်ကိုရယ် မပြောတော့နဲ့ ဘေးပတ်ဝန်းကျင်တွေကြားကုန်မှဖြင့်"

(၆)

ပျောက်သွားတယ်ဆိုတဲ့ဆွဲကြိုးတန်ကြေးကို နှင်းနှင်းကို တစ်ပတ်အတွင်း ဆပ်ခဲ့ပါတယ်။ နှင်းနှင်းနဲ့လမင်းတို့ရဲ့ အဖြူရောင်သံယောဇဉ်ဟာ အစွန်းအထင်းများစွာနဲ့ ကာလာစုံဆိုးခဲ့ရပါပြီ။ အဆက်အသွယ်ပြတ်ခဲ့ပါပြီ။ စွပ်စွဲချက်တွေ၊ မယုံသင်္ကာမှုတွေအတွက် ကိုယ့်ဘက်က လုံးဝမဟုတ်ခဲ့တဲ့အဖြစ်ကြောင့် ကိုယ့်သိက္ခာကိုယ်လုံခဲ့ပါတယ်။ နောင် ဘာပြဿနာမှ ကြီးကြီးမားမားမဖြစ်ချင်လို့ လျော်ခဲ့လိုက်တယ်။ ကိုယ့်ဘက်ကမမှားမှန်းသိပေမဲ့ သူမှားရင် သူခံပေလိမ့်မယ်။ ကိုယ်တွေအဖို့မှာက သံသရာကြွေးအကျေပေးဆပ်လိုက်တယ်လို့ သဘောထားလိုက်ပါပြီ။ နှစ်အနည်းငယ်ကြာပြီးနောက်မှာ လမင်းသမီးတွေ၊ သားတွေ ဘွဲ့အသီးသီးရလို့ အလုပ်ကိုယ်စီ။ လမင်းတို့မိသားစုပြေပြေလည်လည်ပြည့်ပြည့်စုံစုံ။

"မေမေ မေမေ"

"ဟိုမှာ အန်တီနှင်းကြီးလားမသိဘူး"

"အန်တီနှင်းနဲ့တူလိုက်တာ"

သမီးငယ်လေးကလှမ်းပြလို့ကြည့်လိုက်တော့ ဆိုက်ကားတစ်စီးပေါ်မှာ လူကပိန်ပိန်၊ ဆံပင်ကတိုတို။ ဘေးမှာ မြွေအရေခွံအိတ်တစ်လုံးပိုက်ထားတဲ့သူညီမ။ ကိုလွင်က ကားမောင်း၊ လမင်းက ကိုလွင်ဘေးကားရှေ့ခန်း၊ သမီးငယ်က ကားနောက်ခန်းမှာ။

"အေး ဟုတ်တယ်။ အဲဒါ နှင်းနှင်း"

ကျွန်မ ဒါပဲပြောလိုက်ပါတယ်။ ဆိုက်ကားဝင်သွားတာ ဆေးရုံထဲကို။ ကိုလွင်မကြိုက်မှာမို့ နှင်းနှင်းအကြောင်းဆက်မပြောတော့။ စိတ်ထဲကတော့ အဆက်အသွယ်ပြတ်သွားပြီး ပုံပန်းသဏ္ဌာန်ပြောင်းလဲနေတဲ့သူငယ်ချင်းကို "ဘာများဖြစ်တာလဲမသိ"လို့ စိတ်ထဲကတွေးပူနေမိပါရဲ့။

အရင်ကကိစ္စတွေ စိတ်ထဲတစ်ခုစီပေါ်လာလိုက်၊ ပျောက်သွားလိုက်။ နောက်တစ်နေ့ တိုက်တိုက်ဆိုင်ဆိုင် နှင်းနှင်းညီမကို ကျောင်းမှာတွေ့တော့ နှင်းနှင်းအဆုတ်ရောဂါလို့ ခဏခဏရေဖောက်ထုတ်နေရကြောင်း။

"မလမင်းကို သူတအားတွေ့ချင်နေတာ မတွေ့ရဲလို့။ မလမင်းအကြောင်းပဲ တဖွဖွပြောနေတာ။ အခြေအနေသိပ်မကောင်းတော့ဘူး"

နှင်းနှင်းညီမဆီက စကားတွေကြားပြီးနောက်-

(၇)

တနင်္ဂနွေနေ့ ကိုလွင်နဲ့သမီးကို ဘာမှမပြောဘဲ နှင်းနှင်းညီမကိုခေါ်ပြီး ဆေးရုံကို လိုက်သွားလိုက်ပါတယ်။

"လမင်း လမင်းမဟုတ်လား"

"နှင်းနှင်း"

ဆေးရုံခုတင်ပေါ်ကနှင်းနှင်း။ လက်မှာလဲပိုက်တန်းလန်း။ ခုတင်အောက်မှာလဲ ဆီးပိုက်ကြီးတန်းလန်း၊ အနံ့အသက်တွေကမကောင်း။ နှင်းနှင်းပြောရင်းမောနေတာမို့ နှင်းနှင်းညီမကပဲ အစအဆုံးပြောပြပေးရှာပါတယ်။ ပတ္တမြားဆွဲကြိုးကို ဆေးစွဲနေတဲ့နှင်းနှင်းမောင်အရင်းက နောက်ဖေးလှေကားက တက်ယူသွားကြောင်း၊ အဲဒီနေ့က လမင်းလက်ထဲထည့်ပေးခဲ့တဲ့ရတနာဘူးကို မှန်တင်ခုံပေါ်မှာပဲ ဒီအတိုင်းတင်ထားခဲ့မိကြောင်း၊ ပတ္တမြားဆွဲကြိုးပျောက်သွားလို့ လမင်းတို့နဲ့ပြဿနာဖြစ်ပြီး နှစ်လကျော်ကျော်လောက်မှ သူ့မောင်နဲ့သူ့မောင်သူငယ်ချင်းတို့ စကားများရန်ဖြစ် ဓားထိုးမှုဖြစ်မှ ဆွဲကြိုးရာဇဝင်ကိုသိခဲ့ရကြောင်း၊ နှင်းနှင်းယောကျ်ားလာဘ်စားမှုနဲ့ထောင်ကျရတော့ အိမ်နဲ့ခြံကိုပြန်ရောင်းရပြီး အိမ်ငှားဘဝနဲ့နေခဲ့ရကြောင်း၊ လမင်းကိုတောင်းပန်ချင်ပေမဲ့ ဆင်ဖြူမျက်နှာဆင်မည်းမကြည့်ဝံ့တဲ့အဖြစ်တွေမို့ နေ့တိုင်း လမင်းကို သတိရနေမိကြောင်းတွေ-

"လမင်း"

"ဟင်"

"နင် ငါ့အပေါ်ငယ်ငယ်ကတည်းက တအားကောင်းခဲ့တယ်။ ငါ့အလှည့်မှာတော့ နင့်ကို ငါကြည့်လို့ရလျက်နဲ့ ပြန်မကြည့်မိခဲ့တဲ့အပြင် နင့်ကိုအများကြီးစော်ကားခဲ့မိတယ်။ သူတော်ကောင်းမကို ဒီက သူယုတ်မာမကြီးကစော်ကားခဲ့မိတယ်။ နင်တို့မိသားစုငွေတွေကိုလဲ ငါ ကလိမ်ကျပြီးယူခဲ့မိသလိုဖြစ်ခဲ့တယ်သူငယ်ချင်း"

"နင်အမှန်မသိလို့ဖြစ်ခဲ့တာပဲဟယ်"

"သူတော်ကောင်းမကြီးကိုစော်ကားခဲ့မိလို့ အခုလို"

ပြောရင်း မျက်ရည်ကျနေတဲ့နှင်းနှင်း။

"မဟုတ်ပါဘူးသူငယ်ချင်းရယ် အဲဒီလိုမတွေးပါနဲ့နော်"

"နင်မသိဘူး ငါသိတယ်။ ငါပိုက်ဆံရှိတဲ့အချိန်တုန်းက နင့်အခြေအနေ ငါသိပေမဲ့ မသိချင်ဟန်ဆောင်ပြီး ငါမာန်ထောင်ခဲ့တာ နင့်ထက် ငါသာတယ်ဆိုတဲ့အတွေးတွေနဲ့။ နင့်ကို ငါနှိမ်ခဲ့မိတာအမှန်ပဲ။ ငါ့ကိုယ်ငါ တကယ်ရှက်မိတယ်"

"နင်နဲ့ဒီတစ်သက်မတွေ့ရတော့ဘူးထင်မိတာ။ နင်ရောက်လာတာ ငါ တအားဝမ်းသာတယ်။ ငါကျူးလွန်ခဲ့မိတာတွေကို ခွင့်လွှတ်ဖို့မတောင်းဆိုဝံ့ပါဘူး။ ငါက သေမိန့်ကျပြီးသားလူပါ။ နောက်ဘဝရှိခဲ့ရင် ပြန်ပေးဆပ်ချင်တယ်။ ဒါပေမဲ့ ငါ နင့်ငွေတွေ ဒီဘဝမှာပြန်မဆပ်နိုင်တော့ဘူးသူငယ်ချင်း။ ငါ ပြန်မပေးနိုင်တော့ဘူး"

"တော်ပါတော့နှင်းနှင်းရယ်။ မပြောပါနဲ့တော့။ နင်မောလှပါပြီ။ ငါ နင့်ကို ကူညီဖို့လာခဲ့တာပါ"

လမင်းစိတ်မကောင်းပါ။ နှင်းနှင်းက အငိုမစဲတော့။ ငိုရင်း-

"ငါအမြဲဆုတောင်းတယ်သိလား။ နောင်ဘဝတွေကျရင် နင့်ကို သုခပေးနိုင်တဲ့သူငယ်ချင်းအဖြစ်သာ ဘဝဆက်တိုင်းဖြစ်ရပါလို၏လို့"

"သူငယ်ချင်းရယ်"

နိမ့်တုံမြင့်တုံဖြစ်တတ်ကြကုန်သောလူတို့ဘဝဟာလဲ နှင်းနှင်းနဲ့လမင်းတို့လိုပဲ ဖြစ်တတ်ကြပါသလားလို့ လမင်းစဉ်းစားရင်း ဆေးရုံမှ အိမ်အပြန်လမ်းတစ်လျှောက် ဥဒဟိုပျားပန်းခပ်မျှလှုပ်ရှားသွားလာနေကြတဲ့လူတွေကိုကြည့်ရင်း သံဝေဂအတွေးတို့ ဇလုံစီလျက်နဲ့သာ။

## အပြုံးလှူသား

\- ခဏတာ လူ့ဘဝမှာဖြင့်
တွေ့ဆုံကြတို့တစ်တွေ၊
အမုန်းအာဃာတမာန်မာနကို
ရှောင်ကြမသွေ၊
မေတ္တာမိုးရွာနိုင်စေ
လက်ကလေးတွေတွဲကာထား၊
တစ်သက်တာဘယ်ခါမမုန်းမဲ့
အပြုံးလှူသား။

\- အေးချမ်းရာလူ့ဘဝ
တည်ဆောက်ကြတို့သူငါ၊
ဖေးကူကာတူယှဉ်တွဲလို့
နွဲ့ကြစေရာ၊
တစ်ဦးကစေတနာ
တစ်ဦးမှာမေတ္တာထား၊
အကြင်နာအနှောင်းကွပ်လို့ရယ်
ထွတ်မြတ်စေသား။

\- အလှတွေမပြိုင်ကြပါနဲ့
အချိန်လေးကခပ်တိုတို၊
များထိုထိုသတိထားလို့
သွားကြစေလို၊
အချိန်ကမစောင့်ကြို
အကုသိုလ်အချိန်မဖြုန်းနဲ့၊
အချိန်မှန်ကုသိုလ်တစ်ခုကို
ပြုကြစေကွဲ့။ ။

**တက္ကသိုလ်မောင်နှင်းဝေ**

## ရမည်းသင်းမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဖေဖော်ဝါရီ ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပေါက်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၄ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက ထန်းပေါက်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၉၇ ဦးကို နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၄၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကလေးအလုပ်သမားပပျောက်ရေး (၁)

ရွှေနေ-ဦးဝင်းကြည်(စဉ့်ကိုင်)

❖ အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ် ပန်းရန်အလုပ်သမား ကလေးငယ်များ၊ လက်သမားအလုပ်သမားကလေးငယ်များ၊ ဘူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ် စသည်တို့ကိုကောက်ယူပြီး ရောင်းချနေသည့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်ကလေးငယ်များသည် စာသင်ခန်းထဲတွင် စာပေပညာသင်ကြားနေရမည့်အရွယ်များဖြစ်သည်။ ထိုကလေးငယ်များ အလုပ်လုပ်ကိုင်နေခြင်းသည် မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါကလေးငယ်များကို လမ်းမှားမရောက်စေရန် ဖေးမကူညီသင့်ကြောင်း သုံးသပ်မိသည်။ ❖

လက်ဖက်ရည်ဆိုင်ထဲသို့ အသက်၂၅ နှစ်အရွယ် လူငယ်တစ်ဦးနှင့် အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ် လူငယ်သုံးဦးတို့သည် ဂေါ်ပြား၊ ပေါက်ပြား၊ ဒယ်ပိုင်းများ ကိုင်ဆောင်လျက်ဝင်လာပြီး လွတ်နေသည့် စားပွဲဝိုင်းတွင်ဝင်ထိုင်ကာ လက်ဖက်ရည်နှင့်မုန့်များ မှာသုံးကြရသည်။ ထိုကလေးငယ်များသည် ပန်းရန်အလုပ်သမားများဖြစ်ကြောင်း ၎င်းတို့ကိုင်ဆောင်လာသည့်ပစ္စည်းများနှင့် အချင်းချင်းပြောဆိုသည့် စကားသံများအရ သိရသည်။ ပန်းရန်အဖွဲ့ထဲတွင် အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ်ကလေးငယ်များ အလုပ်လုပ်ကိုင်ရသည်မှာ အန္တရာယ်နှင့်ကြုံတွေ့နိုင်ပေသည်။ ပန်းရန်နှင့် လက်သမားများ၏ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းသည် မြေပြင်တွင် အန္တရာယ်မရှိနိုင်သော်လည်း အမြင့်ကိုတက်ရသည့်အခါ အဆောက်အအုံမြင့်လေ အန္တရာယ်များလေဖြစ်သည်။

ထိုစဉ် လက်ဖက်ရည်ဆိုင်ရှေ့က ဆူညံသံများ ကြားရသဖြင့် ကြည့်လိုက်သောအခါ မြေပဲခွံ(ပီနံ) အိတ်ခွံများ ပခုံးပေါ်တွင် ကိုယ်စီတင်၍ ဘူးခွံ၊ ပုလင်းခွံများ၊ ပလတ်စတစ်များကောက်နေသည့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်ကလေးများကို မြင်တွေ့ရသည်။ သေချာစွာကြည့်လိုက်သောအခါ ယောက်ျားကလေးနှစ်ယောက်၊ မိန်းကလေးသုံးယောက် စုစုပေါင်း ငါးယောက်ဖြစ်သည်။ ထိုကလေးငယ်များသည် ကျောင်းစာသင်ခန်းအတွင်း စာပေသင်ကြားရမည့် အရွယ်ဖြစ်သည်။ မည်သည့်အတွက် လမ်းတကာလျှောက်၍ အမှိုက်ပုံထဲမှ ပလတ်စတစ်၊ ဘူးခွံ၊ ပုလင်းခွံနှင့် ချပ်စက္ကူတို့ကို ကောက်နေကြသလဲ၊ အဘယ်ကြောင့် စာသင်ကျောင်းများတွင် စာမသင်ကြသလဲ စသည့်မေးခွန်းများကို တွေးနေမိသည်။

ဘူးခွံ၊ ပလတ်စတစ်များ၊ ချပ်စက္ကူများ စသည့် စွန့်ပစ်ပစ္စည်းကောက်သည့် ကလေးများသည် အမှိုက်ပုံများတွင် တူးဆွရှာဖွေ၍ ကောက်ကြသည်။ စနစ်တကျစွန့်ပစ်ထားသည့် အမှိုက်ပုံများသည် ပြန့်ကျဲသွားသည်။ မြို့ပြကျေးလက်များ သာယာသန့်ရှင်းနေခြင်းကို ဖျက်ဆီးနေခြင်းဖြစ်သည်။ စနစ်တကျအမှိုက်သိမ်း၊ စွန့်ပစ်သူက စွန့်ပစ်ထားသော်လည်း ထိုကလေးများကြောင့် အရှုပ်ဆိုးအကျည်းတန်စေသည်။ အမှိုက်ပုံများတူးဆွရသဖြင့် မကောင်းသောအနံ့အသက်များနှင့်ညစ်ညမ်းသောလေကို ရှူရှိုက်ရသဖြင့် ကျန်းမာရေးထိခိုက်စေသည်။ အချို့သော ကလေးများသည် လူမရှိသည့်အိမ်များတွင် လစ်လျှင်လစ်သလို ခိုးဝှက်တတ်ကြသည်။ ခိုးဝှက်တတ်သည့် ကလေးက အခြားကလေးများကို အတုမြင်အတတ်သင်ကာ ခိုးဝှက်ရန်သင်ပေးသည်။ အနာဂတ်ကလေးများ၏ အကျင့်စာရိတ္တပျက်ပြားစေသည်။

အသက် ၁၄ နှစ်၊ ၁၅ နှစ်အရွယ် ပန်းရန်အလုပ်သမား ကလေးငယ်များ၊ လက်သမားအလုပ်သမားကလေးငယ်များ၊ ဘူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ် စသည်တို့ကိုကောက်ယူပြီး ရောင်းချနေသည့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အရွယ်ကလေးငယ်များသည် စာသင်ခန်းထဲတွင် စာပေပညာသင်ကြားနေရမည့် အရွယ်များဖြစ်သည်။ ထိုကလေးငယ်များ အလုပ်လုပ်ကိုင်နေခြင်းသည် မိသားစုစားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါကလေးငယ်များကို လမ်းမှားမရောက်စေရန် ဖေးမကူညီသင့်ကြောင်း သုံးသပ်မိသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခြင်းရည်ရွယ်ချက်သည် "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်များအခွင့်အရေးများကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှုအခွင့်အလမ်းရရှိရေးအပါအဝင် လိုအပ်သောအစီအမံများချမှတ်ဆောင်ရွက်ရန်၊ လျစ်လျူရှုခြင်း၊ ရက်စက်ခြင်း၊ ယုတ်မာခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းခံရသော ကလေးသူငယ်များကို နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ရန်၊ ကလေးသူငယ်မှုခင်းကို သီးခြားစစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်၊ ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှရရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန်တို့ဖြစ်သည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ-၃ (ခ)တွင် "ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆိုသည်"ဟု ပြဋ္ဌာန်းထားသည်။

ဘူးခွံ၊ ပုလင်းခွံ၊ ပလတ်စတစ် စသည်တို့ကို ကောက်ယူပြီး ဘူးခွံ၊ ပလင်းခွံ အဟောင်းပစ္စည်းများ ဝယ်သည့်ဆိုင်များသို့ ရောင်းချကြသည်။ အချို့သော အဟောင်းဆိုင်များသည် ကလေးများက ရောင်းချသည့်ပစ္စည်းများကို ဈေးနှိမ်ဝယ်ယူကြသည်။ အချို့ ကလေးများသည် ပစ္စည်းတန်ဖိုးကို နားလည်ပြီး ဈေးနှိမ်သဖြင့် ရောင်းချခြင်းမပြုဘဲ ငွေကြေးလိုအပ်ချက်အရ ပေါင်နှံကြသည်။ ကလေးများ ပစ္စည်းပေါင်နှံသည်ကို အားပေးကူညီသူများရှိသည်။ အချို့သည် ကလေးများလက်ထဲတွင် ငွေစရှင်နေသဖြင့် ကလေးသူငယ်ကို လောင်းကစားပြုလုပ်ရန် သွေးဆောင်သည်။ တိုက်တွန်းသည်။ လောင်းကစားပြုလုပ်ရန် အားပေးကူညီကြသည်။ တချို့က ခိုးဝှက်ယူဆောင်လာသည့်ပစ္စည်းကို ဝယ်ယူကြသည်။

အချို့သောသူများသည် ကလေးငယ်များကို အရက်၊ ဘီယာဝယ်ခိုင်းခြင်း၊ ရောင်းချခိုင်းခြင်းများပြုလုပ်ကြသည်။ အရက်၊ ဘီယာ စသည့်မူးယစ်စေသော ဆေးဝါးများကို သောက်ရန်ခွင့်ပြုထားသည်။ အရက်၊ ဘီယာ စသည့်မူးယစ်စေသောဆေးဝါးများ၊ အရက်များကို သောက်ရန် တိုက်တွန်းသည်များရှိသည်။ ထိုသူများကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ-၁၀၀(က)ဖြင့် တရားစွဲဆိုခြင်းခံရပေမည်။ အချို့သောယောက်ျားကလေး၊ မိန်းကလေးများသည် ဘီယာသောက်သုံးနေသည်များကို မြင်တွေ့ဖူးသည်။ ထိုကလေးငယ်များ၏ အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်ပေသည်။

အချို့သော ကပွဲ (Dayclub,Nightclub)၊ ကာရာအိုကေတို့တွင် မိဘဆွေမျိုးမပါဘဲ ဝင်ရောက်ခွင့်ပြုခြင်း၊ အနှိပ်ခန်းတွင် ဝင်ရောက်ခွင့်ပြုခြင်းများရှိသည်။ ထိုနေရာများသို့ မိဘဆွေမျိုးမပါဘဲ ဝင်ရောက်ခွင့်ပြုသူသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၀ (က)ဖြင့် တရားစွဲဆိုခြင်းခံရပေမည်။

ကလေးသူငယ်ကိုစိတ်ပိုင်းဆိုင်ရာထိခိုက်အောင် မကြာခဏမတရားဆက်ဆံခြင်း၊ စော်ကားခြင်း၊ စိတ်တွင် ကြိတ်မှိတ်ခံစားစေအောင်ပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ကလေးသူငယ်ကိုကြောက်လန့်စေခြင်း၊ ထိတ်လန့်စေခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် အထီးကျန်ဖြစ်အောင် ပြုလုပ်ခြင်း၊ ဂရုမစိုက်ခြင်းနှင့်ဆိုင်သည့် ပြုလုပ်မှု အိမ်တွင်းအကြမ်းဖက်မှု၊ ရိုက်နှက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်ခြင်း စသည့်ပြုလုပ်သူများကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၀(က)ဖြင့် တရားစွဲဆိုခြင်းခံရပေမည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပုဒ်မ-၁၀၀(က)ဖြင့် တရားစွဲဆိုခြင်းခံရသူသည် ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်တစ်သိန်းမှ အများဆုံး ငွေကျပ် သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ အပြစ်ပေးခြင်းခံရမည်။

ကလေးသူငယ်များထံမှပစ္စည်းကို ဈေးနှိမ်ဝယ်ယူခြင်း၊ အပေါင်ခံခြင်း၊ ပစ္စည်းပေါင်နှံသည်ကို အားပေးကူညီခြင်း၊ ကလေးသူငယ်ကို လောင်းကစားရန် သွေးဆောင်ခြင်း၊ တိုက်တွန်းခြင်း၊ အားပေးကူညီခြင်း စသည့်ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၀(ခ) အရ အနည်းဆုံး နှစ်လမှ အများဆုံး ကိုးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်နှစ်သိန်းမှ အများဆုံး ငွေကျပ်လေးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

ကလေးသူငယ်များသည် စူးစမ်းလိုစိတ်ရှိသည်။ စွန့်စားလိုစိတ်ရှိသည်။ ထိုသို့ စူးစမ်းစွန့်စားလိုသောစိတ်ရှိသည့် ကလေးသူငယ်များ၏ လိုင်စိတ်နိုးဆွလိုသော မရိုးသားသောစိတ်သဘောဖြင့် ခန္ဓာကိုယ်အစိတ်အပိုင်းကို ထိတွေ့ပွတ်သပ်ကိုင်တွယ်ခြင်း၊ ကလေးသူငယ်ကို သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာတို့မှ ထွက်ပြေးလွတ်မြောက်ရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်း စသည့်ပြုလုပ်မှုများ၊ ကလေးသူငယ်ကို မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေး လွတ်မြောက်စေရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်းပြုလုပ်သူ၊ ထွက်ပြေးလွတ်မြောက်လာသည့်ကလေးသူငယ်ဖြစ်သည်ကို သိလျက်နှင့် လက်ခံခြင်း၊ ဝှက်ထားခြင်း၊ မူလထွက်ပြေးလာခဲ့သည့်နေရာသို့ ပြန်မသွားရန် တားဆီးပိတ်ပင်ခြင်း စသည့်များ ပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၀(ဂ)အရ အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်သုံးသိန်းမှ အများဆုံး ငွေကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရပေမည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ-၃(ဎ)တွင် "**ပရဟိတဂေဟာ** ဆိုသည်မှာ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်ကဖြစ်စေ၊ လူမှုရေးအဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းကဖြစ်စေ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြုစုပျိုးထောင်ရန် ဤဥပဒေအရ မိမိတို့၏အစီအစဉ်ဖြင့် တည်ထောင်ထားသော စခန်း၊ ဂေဟာ၊ ကျောင်း သို့မဟုတ် ရိပ်သာကိုဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ-၃(ဍ)တွင် "**ယာယီစောင့်ရှောက်ရေးဂေဟာ** ဆိုသည်မှာ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ်ကို အမှုစုံစမ်းစစ်ဆေးဆဲကာလနှင့် ကလေးသူငယ်တရားရုံးတွင် စစ်ဆေးစီရင်ဆဲကာလတို့အတွင်း ယာယီထိန်းသိမ်းစောင့်ရှောက်ရန် ဤဥပဒေအရ တည်ထောင်ထားသော ဂေဟာကိုဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာတစ်ခုခုကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် မှုခင်းတွင် သက်သေအဖြစ်ပါဝင်နေသော ကလေးသူငယ်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် မှုခင်းသတင်းအချက်အလက်များရယူခြင်း၊ထည့်သွင်းခြင်းနှင့်ကြော်ငြာခြင်း၊ ကလေးသူငယ်ကို ဓာတ်ပုံရိုက်ခြင်း၊ သတင်းစာမဂ္ဂဇင်း၊ ဂျာနယ်နှင့်စာအုပ်စာတမ်းများတွင် ထည့်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ အသုံးမပြုရ သို့မဟုတ် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် လူမှုဆက်သွယ်ရေးနည်းလမ်းများတွင် ထုတ်လွှင့်ခြင်းမပြုရဟူသော ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၁(က) အရ တရားစွဲဆိုခြင်းခံရမည်။ ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၁(က)အရ အနည်းဆုံး လေးလမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်လေးသိန်းမှ အများဆုံး ငွေကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရပေမည်။

ကလေးသူငယ်များကို အရက်၊ ဘီယာအရောင်းအဝယ်ပြုလုပ်သောလုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာလုပ်ငန်းနှင့်ဆက်စပ်သည့် ကပွဲ (Day-club, Nightclub)၊ ကာရာအိုကေ၊ အနှိပ်ခန်း စသည့်နေရာတစ်ခုခုတွင် အလုပ်လုပ်ရန်ခိုင်းစေခြင်း၊ အလုပ်လုပ်သည်ကို ခွင့်ပြုခြင်းပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ-၁၀၁(ခ)အရ အနည်းဆုံး ငါးလမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေကျပ်ငါးသိန်းမှ အများဆုံး ငွေကျပ် ၁၀ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရပေမည်။

ကလေးသူငယ်များကို ဘေးအန္တရာယ်မကျရောက်စေရန် ကာကွယ်ကူညီစောင့်ရှောက်ရန်သည် လူသားတိုင်း တာဝန်ဖြစ်ပေသည်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ တားမြစ်ချက်များကိုလိုက်နာခြင်းမရှိ ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူအပြစ်ပေးခြင်းခံရပေမည်။

# ပဲကြီးအသစ်များ ဈေးကွက်သို့ဝင်ရောက်နေသော်လည်း ပြည်တွင်း၊ ပြည်ပဈေးကွက် ဝယ်ယူမှုရှိသဖြင့် ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်



**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

ပဲကြီးအသစ်များ ဈေးကွက်သို့ ဝင်ရောက်နေပြီဖြစ်သော်လည်း ပြည်တွင်း၊ ပြည်ပ ဈေးကွက် ဝယ်ယူမှုရှိသဖြင့် ယခင်နှစ်ကထက် ဈေးနှုန်းပိုမိုမြင့်တက်နေပြီး ဈေးကွက် သွက်လက်လှုပ်ရှားနေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးကွက်သတင်းများအရ သိရသည်။

ပဲကြီးသည် ပြည်တွင်းစားသုံးမှုများပြားသည့် ပဲအမျိုးအစားဖြစ်နေသည့်အပြင် ပြည်ပသို့လည်း လစဉ်၊ အပတ်စဉ် တင်ပို့ရောင်းချပေးနေရသည့်ပဲ အမျိုးအစားဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဝယ်လက်အဝယ်သွက်နေသဖြင့် ဈေးနှုန်းမြင့်တက်နေကာ ဈေးကွက်သွက်လက် လှုပ်ရှားနေခြင်းဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းရှိ ပင်ရင်းဈေးကွက်များတွင် ယခင်နှစ်က ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ခန့်သာ ပေါက်ဈေးရရှိခဲ့သော်လည်း ယခုနှစ်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၈၂၀၀၀ ထိ ပေါက်ဈေးရရှိသဖြင့် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀ ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

ပဲကြီးကို ပြည်တွင်းဈေးကွက်များတွင် စားသုံးသူဈေးကွက်များ၊ အကြော်လုပ်ငန်းများ၊ မုန့်ပဲသရေစာလုပ်ငန်းနှင့် လှောင်လက်ကုန်သည်များက ဝယ်ယူမှုရှိနေပြီး ပြည်ပသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့်ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးနေခြင်းဖြစ်ပြီး ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်ထိ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၁၄ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၂ သန်းဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၄ ဒသမ ၅၀၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရကြောင်း သိရသည်။ (၃၃၆)

# မင်းလှမြို့နယ် သနာပိုလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဖေဖော်ဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနာပိုလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်း ဒေါ်ချောစုလှိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းဝင်များ လိုက်နာရမည့် စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် သနာပိုလေးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ကစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၉ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မင်းဘူး ဖေဖော်ဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၄၀၀ ကို တောင်မန်းကျေးရွာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းဥက္ကဋ္ဌက တောင်မန်းကျေးရွာ၌ အစုအဖွဲ့ဖြင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် နွားမွေးမြူမည့် ရောင်နီဦး၊ အလင်းရောင်၊ ခရေအဖွဲ့သုံးဖွဲ့နှင့် ဆိတ်မွေးမြူမည့် စန်းသော်တာ၊ မိဘမေတ္တာအဖွဲ့နှစ်ဖွဲ့ စုစုပေါင်း အစုအဖွဲ့ငါးဖွဲ့သို့ တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၆၀ စီ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်မာ**



# ဟုမ္မလင်းမြို့နယ်တွင် ယိုမျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကျင်းပ

**ဟုမ္မလင်း ဖေဖော်ဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုမျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် မွန်းလွဲပိုင်းက အဆိုပါဦးစီးဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟုမ္မလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင်ယုမေက သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချခဲ့သည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်မင်းဆွေက အသက်မွေးဝမ်းကျောင်း



အထောက်အကူပြု သင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်ထောက်ကူ ပစ္စည်းများနှင့် သင်တန်းဆင်း လက်မှတ်များကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဦးစီးဌာန ဝန်ထမ်းများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း၊ အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ချဉ်ပေါင်သီး၊ ခရမ်းချဉ်သီး၊ ရှောက်သီး၊ ခရမ်းချဉ်သီးအနှစ်၊ စောင်းလျားသီး၊ မြေပဲ၊ နှမ်း၊ နှမ်းလုံး၊ မရန်းသီး၊ သဘော်သီး၊ သရက်သီး၊ ဆီးသီးတို့ဖြင့် ယိုမျိုးစုံပြုလုပ်ခြင်းနှင့် မန်ကျည်းတော်ဖီ၊ ဆီးဖျော်ရည် ပြုလုပ်ခြင်းဆိုင်ရာ သင်ခန်းစာများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၄ ရက်ထိ သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သက်မာ**

# လားရှိုးမြို့နယ် စယ်အင့်(စင့်အင့်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လားရှိုး ဖေဖော်ဝါရီ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာအဖြစ် ဆောင်ရွက်လျက်ရှိသော လားရှိုးမြို့နယ် စယ်အင့်(စင့်အင့်)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ်တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စယ်အင့်(စင့်အင့်) ကျေးရွာ၌ ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းရန် ဆွေးနွေးမှာကြားသည်။

လားရှိုးမြို့နယ် စယ်အင့် (စင့်အင့်)ကျေးရွာ၌ အရှည် ၆၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေအသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းထံမှ သိရသည်။

**နံ့လာ**

# မြန်မာငါးများအကြောင်း တစေ့တစောင်း (ငါးမြင်း)

မန်းတင့်မော်

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်နေ့ထွက် ရတနာပုံနေ့စဉ်သတင်းစာတွင် "မြန်မာနိုင်ငံ၌ ငါးမြင်းကို စီးပွားဖြစ်မွေးမြူထုတ်လုပ်ပြီး National Fish အဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းမည်" ခေါင်းစဉ်ပါသတင်းတစ်ပုဒ်ကို ဝမ်းမြောက်ဖွယ် ဖတ်ရှုရပါသည်။

ငါးမြင်းသည် အာဆီယံဒေသတွင်း နိုင်ငံများတွင် မြန်မာတစ်နိုင်ငံတည်း၌သာ တည်ရှိနေသော ဒေသမျိုးရင်းဖြစ်သည်ဟုဆိုသည်။ ငါးမြင်းကို စီးပွားဖြစ် မွေးမြူထုတ်လုပ်ရန် သုတေသနလုပ်ငန်းများနှင့် သားဖောက်မွေးမြူခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ငါးမြင်းဆိုင်ရာ လက်လှမ်းမီသမျှ မှတ်သားချက်များကိုတင်ပြလိုပါသည်။

ငါးမြင်း၏ကိုယ်ခန္ဓာမှာ ပြား၍ ဦးခေါင်းပိုင်းတိုသည်။ ပါးစပ်ကျယ်ပြန့်၍ ဦးခေါင်းထိပ်တွင်တည်ရှိသည်။ အထက်မေးရိုးထက် အောက်မေးရိုးက အနည်းငယ်ပို၍ရှည်ထွက်နေသည်။ နှာရောင်ကျယ်၍ လုံးဝိုင်းသည်။ အာရုံခံနိုင်သော နှုတ်ခမ်းမွေးနှစ်စုံပါရှိသည်။ အမြီးပိုင်း၊ တင်ပိုင်းနှင့် စအိုပိုင်းတို့တွင် အဝါရောင်သန်းလျက်ရှိသည်။ အမြီးရေယက် စောက်နက်၍ နှစ်ခွပုံထင်ရှားသည်။ ကျောဆူးတောင်နှင့် စအိုဆူးတောင်တို့မှာ ထင်ရှားသည်။ စအိုဆူးတောင်သည် အမြီးဆူးတောင်နှင့် ထိလုနီးပါးရှိသည်။ အကြေးခွံမပါသော ရေချိုငါးတစ်မျိုးဖြစ်ပြီး ငါးမြင်း၏ ခန္ဓာကိုယ်အရောင်မှာ ငွေရောင်တစ်ပြေးတည်းဖြစ်သည်။ ငါးမြင်းဟု အမည်တွင်ရခြင်းမှာ ထိုငါး၏ ကိုယ်လုံးကိုယ်ဟန်သည် မြင်း၏ကိုယ်လုံးကိုယ်ဟန်နှင့် တူသောကြောင့် ငါးမြင်းဟုခေါ်ဟန်ရှိသည်ဟု ပုံပြဆေးအဘိဓာန်ပြုစုသူ ဆရာတော် အရှင်နာဂသိန်က မှတ်ချက်ပြုထားသည်။


ငါးမြင်းကို အများသိအင်္ဂလိပ်အမည်မှာ Short headed catfish ဖြစ်ပါသည်။ Catfish ဟူသည်မှာ နှုတ်ခမ်းမွေးပါ ငါးအားလုံးကို ရည်ညွှန်းကြောင်းလည်း မှတ်သားမိပါသည်။ ငါးမြင်းမျိုးရင်းမှာ Siluridae ဖြစ်၍ မျိုးစဉ် Siluriformes အောက်တွင် ထည့်သွင်းထားသည်။ သိပ္ပံအမည်အားဖြင့် Silonia silondia ဖြစ်သည်။ မျိုးစုံ Silonia အောက်တွင် မျိုးစိတ်များစွာရှိသည်။ ငါးမြင်းမျိုးရင်းများ၏ ဇာတိဒေသမှာ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည်။ ငါးမြင်းမျိုး များစွာရှိသည်။ ငါးမြင်းများကို အိန္ဒိယ၊ ပါကစ္စတန်၊ ဘူတန်၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် တွေ့ရလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်အတွင်း၌ မန္တလေးအောက်ပိုင်းမှစ၍ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးထိ ငါးမြင်းမျိုးရင်းဝင် ငါးများကို တွေ့ရှိနိုင်သည်။ သဘာဝအတိုင်းတွေ့ရှိရမှုတွင် ဧရာဝတီတိုင်းဒေသကြီးတွင် များစွာတွေ့ရှိရသည်ဟူ၍လည်း သိရှိရသည်။ မဲခေါင်မြစ်နှင့် အာဆီယံနိုင်ငံများတွင် မြန်မာငါးမြင်းမျိုးစိတ်များကို မတွေ့ရဟူ၍လည်း သိရသည်။

ငါးမြင်းနှင့် မျိုးနွယ်တော်စပ်သော ငါးများမှာ ငါးတန်၊ ငါးစင်ရိုင်း၊ ငါးနုသန်းနှင့် ငါးပတ်တို့ဖြစ်ကြသည်။ ငါးမြင်းအမည်ပါ ငါးတချို့မှာ ငါးမြင်းရင်း၊ ငါးမြင်းကလောင် သို့မဟုတ် ငါးကလောင်၊ ငါးမြင်းအုပ်ဖားတို့ဖြစ်ကြသည်။ ငါးမြင်းအမည်ပါ ကျေးရွာအနေဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ငါးမြင်းချောင်းကျေးရွာဟု မှတ်သားမိသည်။ အခြား ငါးမြင်းပါ အမည်များလည်း ရှိနိုင်ပါသေးသည်။

ငါးစားသုံးသူများအနေဖြင့် ငါးမြင်းကို ငါးတန်နှင့် လွဲမှားလေ့ရှိကြသည်။ ငါးမြင်းနှင့် ငါးတန်ကိုခွဲခြားရာတွင် ငါးမြင်း၏ရှေ့ကျောရိုးပေါ်၌ ဆူးတောင်သေးတစ်ခုပါရှိ၍ ငါးတန်တွင်မပါရှိပါ။ ငါးမြင်း၏အသားမှာ အဝါရောင်သန်း၍ အရေခွံပါးသည်။ အဆီနည်းသည်။ ငါးတန်၏အရေခွံမှာထူပြီး အဆီများသည်။ ငါးတန်၏အသားမှာ အနီရောင်ဖြစ်သည်။ ငါးတန်နှင့် ငါးမြင်း အရွယ်အစားချင်းတူလျှင် ငါးမြင်းခေါင်းက ငါးတန်ခေါင်းထက် ထင်ရှားစွာကြီးသည်ကို တွေ့နိုင်ပါသည်။

ငါးမြင်းကလောင် သို့မဟုတ် ငါးကလောင်ဟူသော ငါးတစ်မျိုးရှိသေးသည်။ ရိုးရိုးငါးမြင်းထက် အရွယ်အစားသေးငယ်၏။ ဦးခေါင်းကိုပျော့လွန်းသော အရေပြားဖုံးအုပ်ထားသည်။ ဦးခေါင်းဘေးရှိ မျက်စိများကို အဆီများသော ကျယ်ပြန့်သည့်မျက်ခွံများဖြင့် ဖုံးထားသည်။ ရင်ဆူးတောင်တွင် ဆူးတစ်ချောင်းပါခြင်းမှာ တူညီသည်။ ကျောဆူးတောင်တွင်လည်း အဆီပါဝင်မှုများသည်။ ဦးခေါင်းနှင့်ဝမ်းဘက်တွင် မထင်မရှားသော အနီရောင်အကွက်ပါရှိသည်။ ကျောဘက်အရောင်ညိုမှိုင်း၍ ဝမ်းဘက်ငွေရောင်ပြောင်လက်သည်။ ကိုယ်အလျား ၁၅ လက်မခန့်ရှိ၍ အကြီးဆုံး ငါးမြင်းကလောင်၏ အလေးချိန်မှာ ၅၅ ကျပ်သားခန့်သာရှိသည်။ ငါးမြင်းရင်းဟူသောငါးကလည်း အရွယ်ငယ်သည်။ ခေါင်းအနည်းငယ်ပို၍ချွန်ပြီး ငါးမြင်းနှင့်ဆင်တူယိုးမှားဖြစ်လေ့ရှိသည်။

မြန်မာငါးများတွင် ငါးမြင်းကိုလူကြိုက်များသည်။ ဈေးကွက်တွင် တန်ဖိုးမြင့်ငါးတစ်မျိုးဖြစ်သည်။ ငါးမြင်းကို ဟင်းချက်ရန်ပြင်ဆင်ရာတွင် အကောင်လိုက် သို့မဟုတ် အသားတစ်များကို မန်ကျည်းမှည့်အနှစ်၊ ဆားအနည်းငယ်တို့ဖြင့်နယ်၍ အချိန်အနည်းငယ် နှပ်ထားပြီးမှ ဆေးပေးရမည်။ အကိုအချွဲများပျောက်ရန်နှင့် အညှီနံ့သက်သာစေရန်ဖြစ်သည်။ ငါးမြင်းကို ဟင်းအမည်မျိုးမျိုး ချက်ပြုတ်စားသောက်လေ့ရှိကြသည်။ ငါးခေါင်းချဉ်ရည်ဟင်းချက်ရာတွင် ငါးမြင်းခေါင်းက အကောင်းဆုံးဖြစ်သည်ဟူ၍လည်းဆိုကြသည်။ ငါးမြင်းဆီပြန်ဟင်း၊ ငါးမြင်းဗိုက်သားဆီပြန်၊ ငါးမြင်းခေါင်းချဉ်ရည်ဟင်း၊ ငါးမြင်းပင်စိမ်းအုပ်ချက် စသည်ဖြင့် ငါးမြင်းဟင်းမျိုးစုံရှိသည်။ ငါးမြင်းငါးပိကောင်လုပ်ရာတွင်လည်း လူကြိုက်များလှသည်။ ငါးမြင်းငါးပိကောင်၊ ငါးပိတစ်များကို လောက်မကျစေရန် သဘာဝအတိုင်းပေါက်ရောက်သော ကြက်ဆူရိုးနီရွက်များ ဖိသိပ်၍ အုပ်ပေးရသည်ဟုဆိုပါသည်။



ငါးမြင်း၌ပါဝင်သော သိပ္ပံနည်းကျအာဟာရဓာတ်များတွင် အိုမီဂါသရီးဖက်တီးအက်စစ်ဓာတ်ပါဝင်ခြင်းက လူ့ကျန်းမာရေးအတွက် ပင်လယ်ငါးကြီးဆီကဲ့သို့ အကျိုးပြုသည်။ အခြားငါးများကဲ့သို့ပင် ပရိုတင်းအသားဓာတ်များစွာ ပါဝင်လျက်လည်းရှိသည်။ ငါးမြင်းအပါအဝင် ငါးများတွင်ပါဝင်သော ပရိုတင်းဓာတ်က အစာခြေဖျက်ရာတွင် လျင်မြန်စွာခြေဖျက်နိုင်သည်။ ဝက်သား၊ အမဲသားများတွင် ပါဝင်သော ပရိုတင်းထက် ခြေဖျက်နိုင်စွမ်းပိုမိုသည်။ ငါးမြင်းအဆီတွင် ပျော်ဝင်နေသော ဗီတာမင်အေ၊ ဒီနှင့်အီးတို့လည်း ပါဝင်လျက်ရှိသည်။ မီးစုန်းဓာတ်၊ ကယ်လ်စီယမ်ဓာတ်နှင့် အိုင်းယွန်းဓာတ်များလည်း ပါဝင်လျက်ရှိကြောင်း မှတ်သားရပါသည်။

ငါးမြင်း၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်ကို မြန်မာဆေးကျမ်းများတွင်လည်း ဖော်ပြခဲ့ကြသည်။ ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်းတွင် "ငါးမြင်းသည် ဆိမ့်၏၊ ကြေခဲ၏။ ဝမ်းမီးချက်ပြီးနောက်လည်း ဆိမ့်၏။ အား၊ သလိပ်တို့ကို ပွားများစေတတ်၏။ နှလုံးကိုနှစ်သက်စေတတ်၏။ လေ၊ သည်းခြေတို့ကိုနိုင်၏"ဟု ဖော်ပြခဲ့သည်။ အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်တွင် "ငါးမြင်းသည် အဆီများ၏။ ခွန်အားကိုတိုးစေသည်။ သလိပ်ကိုပွားစေသည်။ အိပ်ပျော်စေတတ်၏။ အဆိပ်ကိုလည်းကောင်း၊ မန်းကိုလည်းကောင်းပယ်နိုင်၏"ဟု ညွှန်းဆိုသည်။ ငါးမြင်းရင်းနှင့်စပ်လျဉ်း၍ ဖော်ပြရာတွင် "ငါးမြင်းရင်းသည် ဆူ၏။ အဆီများ၏။ သွေးကိုတက်စေတတ်၏။ လေနှင့်သည်းခြေကိုနိုင်၏။ သလိပ်ကိုပွားစေတတ်၏။ အဆိပ်သင့်သောအနာကို ပျောက်စေတတ်၏။ အိပ်ပျော်စေတတ်၏။ ခွန်အားကိုဖြစ်စေသည်။ အသားအရေကိုကောင်းစေ၏"ဟုပါရှိသည်။ ငါးမြင်းရင်းသည် ဝက်သားမှလွဲ၍ အဆီအလွန်များသောငါးဖြစ်သည်။ ဝမ်းပျဉ်းသားသည် အဆူဆုံးနေရာဖြစ်သည်။ ဆီပြန်ချက်စားရာတွင်လည်း နာမည်ကြီး၏။ ကြော်၍လည်း စားနိုင်သည်။ ငါးမြင်းရင်းကို ငါးပိကောင်လုပ်၍လည်း စားနိုင်သည်။ မျှစ်ချဉ်စသော မည်သည့်ပစ္စည်းနှင့်မဆို ရောစပ်ချက်စားလျှင် အရသာထူး၏။ ငါးမြင်းရင်းကို သွေးအားနည်းသောသူ၊ နာလန်ထစလူ၊ ဓာတ်အားကုန်ခန်းသူများ များစွာစားသောက်သင့်သည်ဟု ဆက်လက်ဖော်ပြပါသည်။ ရှေးမြန်မာဘုရင်များလက်ထက်က စားတော်ချက် ကျမ်းပုရပိုက်များတွင်လည်း ငါးမြင်းဟင်းချက်နည်းဆိုင်ရာများ မှတ်တမ်းပြုခဲ့ကြကြောင်းလည်း သိမှတ်ရပါသည်။

ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းမှုအန္တရာယ် သတ်မှတ်မှု (IUCN)အရ ငါးမြင်းကိုပေါများနေသေးသောအဆင့် Least Concern (LC)အဖြစ်သတ်မှတ်ထားသည်။ ငါးမြင်းကိုသားဖောက်မွေးမြူရန် သုတေသနပြုလျက်ရှိသော သတင်းကိုလည်း ကြားသိရသည်။ ဆက်လက်၍ စီးပွားဖြစ်မွေးမြူထုတ်လုပ်သွားရန်လည်း ရှိနေသည်။ ရန်ကုန်မြို့မှ ရေမိုင် ၂၂ မိုင်ဝေးသော တွံတေးငါးလုပ်ငန်းစခန်းကို ငါးမြင်းစုဆောင်းရေး စင်တာအဖြစ်ထားရှိကာ ကျန်းမာသန်စွမ်းသော ငါးသားပေါက်များကိုစုဆောင်း၍ ငါးလုပ်ငန်းသိပ္ပံ (တွံတေး)တွင် အုတ်ကန်နှင့် မြေကြီးကန်တို့၌ မွေးမြူပြုစုခဲ့ရာ ကနဦးသုတေသနအဖြစ် နှစ်နှစ် မွေးမြူခဲ့စဉ် ၆၀ ရာခိုင်နှုန်း ရှင်သန်အောင်မြင်ခဲ့ကြောင်း သိရသည်။

မြန်မာ့ရေသယံဇာတဖြစ်သော ရေချို၊ ရေငန် မျိုးစိတ်ငါးများစွာရှိသည်။ ၎င်းတို့အတွင်းမှ ငါးမြင်းကို မြန်မာနိုင်ငံ၏ အမျိုးသားငါးမျိုးစိတ် (National Fish) အဖြစ်သတ်မှတ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်းကိုလည်း သိရှိရသည်။ ၎င်းအချက်သည် နိုင်ငံဂုဏ်ဆောင်ဖြစ်လာမည့် အနေအထားဖြစ်ပါသည်။ သို့ဖြစ်ရာ မကြာမီ ပြည်တွင်း၊ ပြည်ပဝယ်လိုအား မြင့်မားလျက်ရှိနေသော မြန်မာ့ငါးမြင်းပမာဏများစွာမွေးမြူထုတ်လုပ် ရောင်းဝယ်စားသုံးနိုင်ကြတော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသတည်း။


**ကိုးကား**

**၁။ Fish base**

**၂။ ပုံပြဆေးအဘိဓာန်**

**၃။ ၁၉-၂-၂၀၁၃ ရတနာပုံနေ့စဉ်**


# ကြံခင်းမြို့နယ် ကိုးအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကြံခင်း ဖေဖော်ဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကိုးအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ကိုးအင်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ ခင်းခြင်းလုပ်ငန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၃ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Golden Power ကုမ္ပဏီက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၆ အိမ်၊ လူဦးရေ ၅၀၂ ဦးတို့၏ လယ်ယာမြေဧက ၄၀၀ ကျော်ကို အကျိုးပြုမည်ဖြစ်ကြောင်း ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စိုးမိုးကျော်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# သူများမကောင်းကြံ ကိုယ့်ဘေးရန်ထိ

ကလေးတို့ရေ မင်္ဂလာပါကွယ်။ ဒီနေ့ ဦးဦး ပြောပြမဲ့ပုံပြင်လေးကတော့ "သူများမကောင်းကြံ ကိုယ့်ဘေးရန်ထိ"ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်။

တစ်ခါတုန်းကပေါ့ကွယ် တောအုပ်တစ်ခုမှာ ခြင်္သေ့၊ မြေခွေးနဲ့ ကျားသစ်တို့ဟာ ဂူတစ်လုံးထဲမှာ အတူတကွ နေထိုင်ကြသတဲ့။ သူတို့ထဲမှာ ခြင်္သေ့ကြီးက ခေါင်းဆောင်ပေါ့ကွယ်။ မြေခွေးနဲ့ကျားသစ်တို့ကတော့ ခြင်္သေ့ကြီး အလိုကျအောင် ဆောင်ရွက်ပေးရတာပေါ့။

ကျားသစ်က ခြင်္သေ့ကြီးအပေါ်မှာ ဖခင်လိုတစ်မျိုး အစ်ကိုလိုတစ်သွယ်ပြုစုတော့ ခြင်္သေ့ကြီးက အချစ်ပိုတာပေါ့ကွယ်။ ဒါကိုမြေခွေးက မနာလိုဖြစ်နေသတဲ့။ ခြင်္သေ့ကြီးက သူဖမ်းမိလာတဲ့သားကောင်ကိုစားပြီး ကျန်တာကို မြေခွေးနဲ့ကျားသစ်ကို မျှဝေကျွေးတာပေါ့။ ဘယ်လိုပဲမျှတအောင်ကျွေးကျွေး ခြင်္သေ့ကြီးက ကျားသစ်ကိုတော့ ပိုကျွေးတယ်၊ အသားကောင်းတာကျွေးတယ်လို့ မြေခွေးက ထင်သတဲ့။

ခြင်္သေ့ကြီး ကျားသစ်ကို မုန်းသွားအောင် ဘယ်လိုလုပ်ရမလဲလို့ မြေခွေးက အမြဲကြံစည်နေတာပေါ့ကွယ်။ တစ်နေ့တော့ မြေခွေးက ခြင်္သေ့ကြီးကို ဒီလိုပြောသတဲ့။

"ခြင်္သေ့မင်းခင်ဗျာ ကျားသစ်ဟာ အရှင့်မကောင်းကြောင်းကို ကွယ်ရာမှာပြောနေပါတယ်။ အရှင်က အကျင့်မကောင်းကြောင်း၊ ကောက်ကျစ်တတ်ကြောင်း တောထဲမှာ လှည့်လည်ပြောနေပါတယ်"

မြေခွေးက ခြင်္သေ့ကြီးယုံကြည်အောင်ပြောတာပေါ့။

"ဟဲ့ မြေခွေး နင်ပြောတာအမှန်လား မဟုတ်မမှန်ဘဲ သူတစ်ပါးအကြောင်း မကောင်းပြောရင် ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ နင်သိလား"


ခြင်္သေ့ကြီးက စိတ်ဆိုးဆိုးနဲ့ပြောသတဲ့။

"မှန်ကြောင်းပါ ခြင်္သေ့မင်းကိုယ်တိုင် စုံစမ်းပါ ခင်ဗျာ"လို့ မြေခွေးက ပြောသတဲ့။

မြေခွေးပြောပြီးတဲ့နောက် ခြင်္သေ့ကြီးဟာ သူကိုယ်တိုင် တောထဲကို လှည့်လည်စုံစမ်းသတဲ့။ ဆင်ကြီးတို့အုပ်စုဘက်ရောက်တော့ ဆင်ကြီးက-

"ခြင်္သေ့မင်းကြားတာ မဟုတ်လောက်ပါဘူး။ ကျားသစ်က ခြင်္သေ့မင်းကောင်းကြောင်း၊ ကျေးဇူးကြီးမားကြောင်း၊ ခြင်္သေ့မင်းရှိလို့သာ တောထဲကို မုဆိုးတွေ မလာရဲကြောင်း တဖွဖွပြောပါတယ်"

ခြင်္သေ့ကြီးဟာ တခြားတိရစ္ဆာန်တွေအုပ်စုဘက် သွားစုံစမ်းလဲ မြေခွေးရဲ့ပြောစကားမှားကြောင်းသာ သိရသတဲ့။ အဲဒီတော့ ခြင်္သေ့ကြီးဟာ မြေခွေးကို




"ဟဲ့ မြေခွေး နင်ဟာ အတော်အကျင့်ယုတ်တာပဲ။ ငါနဲ့ကျားသစ်ကို သွေးခွဲပြီး ပျက်စီးရာပျက်စီးကြောင်း ကြံတဲ့ နင့်ကို ငါကိုယ်တိုင်သတ်မယ်"

ခြင်္သေ့ကြီးက အဲဒီလိုကြိမ်းဝါးတော့-

"ဒီတစ်ခါ နောက်ဆုံး ခွင့်လွှတ်ပေးပါအရှင်။ ခြင်္သေ့မင်းခင်ဗျာ နောက်မဖြစ်စေရပါဘူး"လို့ မြေခွေးက ကြောက်ကြောက်လန့်လန့်နဲ့ တောင်းပန်သတဲ့။ ခြင်္သေ့ကြီးကလဲ ခွင့်လွှတ်ပေးလိုက်သတဲ့။

အဲဒီနောက်တော့ မြေခွေးဟာ ကျားသစ်ကို ပိုမုန်းသွားသတဲ့။ ဘယ်လိုအကောက်ကြံရမလဲဆိုပြီးတော့လဲ နည်းအမျိုးမျိုးစဉ်းစားနေသတဲ့။ တောတစ်နေရာမှာ မြေခွေးနဲ့ကျားသစ်တို့ဆုံကြတော့ မြေခွေးက-

"အလို ကျားသစ်ရေ မင်းကိုရှာလိုက်ရတာ တစ်တောလုံးနှံ့နေတာပဲ။ အခု ခြင်္သေ့မင်းနေမကောင်းဖြစ်နေတယ်။ အဲဒါ အနောက်ဘက်တောအုပ်အစပ်နားမှာ အသီး၊ အသားတွေဆူပြီးနေတဲ့ယုန်တွေ ကျက်စားနေတယ်တဲ့။ ခြင်္သေ့မင်းက စားချင်လို့တဲ့ကွာ။ အဲဒါ မင်းကို ဖမ်းခိုင်းလိုက်ပါလို့ ခြင်္သေ့မင်းက မှာလို့ ငါလဲ အဖော်လိုက်ခဲ့မှာပါ"

မြေခွေးရဲ့စကားကိုကြားတော့ ကျားသစ်လဲ တကယ်ထင်သွားတာပေါ့။ ကျားသစ်ယုံသွားတာကို မြင်တော့ မြေခွေးက ကျေနပ်နေသတဲ့။ တကယ်တော့ အဲဒီတောအုပ်အစပ်နားမှာ မုဆိုးတွေထောင်ထားတဲ့ ကျော့ကွင်းကို မြေခွေးက အရင်နေ့က မြင်တွေ့ထားသတဲ့။ အဲဒါကြောင့် ကျားသစ်ကို သွေးဆောင်ပြီး ခေါ်သွားတာပေါ့ကွယ်။

ကျော့ကွင်းရှိရာဆီကိုမရောက်မီ လမ်းခုလတ်တစ်နေရာမှာ မုဆိုးတွေနဲ့ ထိပ်တိုက်တွေ့သတဲ့။ မုဆိုးတွေက သူတို့ရဲ့လက်နက်အမျိုးမျိုးနဲ့ ပစ်ခတ်ကြတာပေါ့။ မြေခွေးနဲ့ကျားသစ်လဲ ကြောက်လန့်တကြားနဲ့ ပြေးမိပြေးရာပြေးကြသတဲ့ကွယ်။

မြေခွေးက ပြေးမိပြေးရာပြေးရင်း ကျော့ကွင်းရှိရာကို သတိမထားမိတော့ဘဲ ဝင်တိုးမိသတဲ့ကွယ်။ ကျော့ကွင်းမှာမိသွားတဲ့ မြေခွေးဟာ ဆက်ပြေးလို့မရတော့ဘဲ အော်ဟစ်အကူအညီတောင်းနေသတဲ့။ မြေခွေးအော်သံကြားတော့ ကျားသစ်လဲပြေးကူညီချင်ပေမဲ့ ကူခွင့်မသာဘူးတဲ့ကွယ်။ မုဆိုးတွေက မြေခွေးကို ဝိုင်းဝန်းသတ်ဖြတ်လိုက်ကြတာပေါ့။

ကျားသစ်လဲ ခြင်္သေ့မင်းဆီအရောက်ပြေးပြီး အဖြစ်မှန်ကို ရှင်းပြသတဲ့။ အဲဒီအခါ ခြင်္သေ့မင်းက-

"သြော်. . . မြေခွေး မြေခွေး သူတစ်ပါးကို မကောင်းကြံချင်တဲ့စိတ်ကြောင့် သူ့အသက်ဆုံးသွားတာပဲ"

ခြင်္သေ့ကြီးက အဲဒီလိုညည်းတွားလိုက်ပြီး တောထဲမှာရှိတဲ့တိရစ္ဆာန်အပေါင်းကို အစည်းအဝေးခေါ်လိုက်သတဲ့။ အားလုံးစုံတဲ့အခါ ခြင်္သေ့မင်းက မြေခွေးအကြောင်းပြောပြပြီး နောက်ကို သူတစ်ပါးမကောင်းကြံလျှင် ကိုယ့်ဘေးရန်ထိတတ်ကြောင်းနဲ့ အားလုံးချစ်ချစ်ခင်ခင်နေထိုင်ကြရန် ဆုံးမလိုက်သတဲ့ကွယ်။

ကဲ. . . ကလေးတို့အားလုံး စိတ်ထားလှတဲ့လူကောင်းလူတော်လေးတွေ ဖြစ်ကြပါစေလို့ ဦးဦးက ဆုတောင်းပေးရင်း ပုံပြင်လေးကို ဒီမှာပဲ အဆုံးသတ်လိုက်ပါတယ်ကွယ်။

**အောင်သွေး(မြစ်သား)**

## ဆီးပင်လေး

◆ ဆီးသီးလေးများ ပင်ထက်မှာ
ရောင်စုံ စိမ်း နီ ဝါ၊
ပင်အောက်ခြေမှာ ကြွေကျဆင်း
ဆီးသီးမှည့်ဝင်းဝင်း။

◆ ကစားရင်းနဲ့ အမောပြေ
ကောက်ယူစားစို့လေ၊
တို့တွေကိုလေ အရိပ်ပေး
အစားစာလည်းကျွေး
ကျေးဇူး ဆီးပင်လေး။ ။

**ထက်သစင်(သုံးဆယ်)**




## နွေကျောင်းပိတ်ချိန်

◆ သားသားမီးမီး ပြုံးရွှင်ပျော်
နွေကျောင်းပိတ်ရက်နော်။

◆ ဖေဖေ မေမေ လိုက်ပို့ပေး
တိရစ္ဆာန်ရုံလေး။

◆ မြို့ပတ်ကားကြီး စီးကာကွယ်
ဘုရားစုံဖူးမယ်။

◆ ဘိုးဘွား ဦးနဲ့ဒေါ်လေးများ
တူတူသွားစို့လား။ ။

**ရင်မောင်(မိုးညှင်း)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးဓရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME လုပ်ငန်းများ၏ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ISPE အသင်းက ရှော၀တီယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



ရှော၀တီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၅**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ရှော၀တီယူနိုက်တက်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၂၄ မိနစ်တွင် ဝင်းပြည့်မောင်က ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ရှော၀တီယူနိုက်တက်အသင်းက ပြန်လည်တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့ပြီး ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းအပြီး၌ ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၃ ☆

**ကင်းတားနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း တစ်ခုလုံးပြီးစီးပါက ထွက်ရှိလာမည့် ဓာတ်အားများကို ၁၃၂ ကေဗွီ ကင်းတား-အင်းကုန်းဓာတ်အားလိုင်းဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးသွားမည်**

စာမျက်နှာ - ၁၉

**မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံ ဆန်ကုန်သည်ကြီးများကြား သဘောတူညီချက်ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ နှစ်စဉ်ဆန်တင်ပို့သွားမည်**

စာမျက်နှာ - ၅

**နယ်စပ်ကုန်သွယ်ရေးစခန်းများက ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှရရှိလာသည့်ငွေ၏ ၆၅ ရာခိုင်နှုန်းကို မတ် ၁ ရက်မှစ၍ သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ကြရမည်**

စာမျက်နှာ - ၃၀

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
ISO 9001 : 2015
CERTIFICATE NO.TH011875

